


ဝမ်အင်း၏ကူးလျှံဆင့်
ဝကာဒေါင်
ကာ နေလဝက်ပါ
ဒုတိယပိုင်း
အတ်သိမ်းပိုင်း

# ဝဏ္ဏအောင်

## နေလဝင်္ကပါ

(ဒုတိယပိုင်းဇာတ်သိမ်း)

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မမျှော်လင့်သည့် အိပ်မက်ဆိုး

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်လေသည်။ အမှောင်ထုလွှမ်းမိုးသွားချိန်ဝယ် ရှောင်အင်းနှင့် ရုပ်ဆိုးမတို့သည် မြို့တစ်မြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

မြို့ထဲ၌ မီးရောင်ထိန်ထိန်လင်းနေသည်။

လမ်းများပေါ်ဝယ် လူသွားလူလာများ စည်စည်ကားကားရှိနေသည်ကို တွေ့ရလေသည်။ ရှောင်အင်းတို့နှစ်ယောက်ကိုမြင်လျက်သား လမ်းသွားလမ်းလာများသည် ခပ်လှမ်းလှမ်းမှ ကွေ့ရှောင်သွားကြ၏။

သူတို့၏မျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့သည့် အမူအရာများ ထင်ရှားစွာ ထွက်ပေါ်နေပေတော့သည်။ အဘယ့်ကြောင့်ထိုသို့ဖြစ်ရသည်ကို ရှောင်အင်း စဉ်းစားမရပါ။

ရုပ်ဆိုးမ၏အကျည်းတန်သော ရုပ်ရည်ကြောင့်ပင် ထင်မှတ်လေသည်။

တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့သဖြင့် နှစ်ယောက်စလုံး

ဆာလောင်မွတ်သိပ်နေကြပြီဖြစ်သည်။ အနားယူနေလိုကြပြီ ဖြစ်လေသည်။

ထို့ကြောင့်လည်း မြို့ထဲသို့ရောက်သည်နှင့် စားသောက်ဆိုင် တစ်ဆိုင်သို့ ဦးတည်သွားကြလေသည်။ မကြာပါချေ။

လမ်းဘေးတစ်နေရာ၌ မီးရောင်များ ထိန်ထိန်လင်းနေသည့် စားသောက်ဆိုင်တစ်ဆိုင်ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် ထိုစားသောက်ဆိုင်ဆီသို့ ဦးတည်သွားကြသည်။ ဆိုင်ရှေ့၌ ဆိုင်လုလင်နှစ်ယောက် ရှိနေပါ၏။

လမ်းသွားလမ်းလာများအား လာလှည့်ပါ စားသောက်လှည့်ပါဟု အသံစာစာဖြင့် ဖိတ်ခေါ်နေကြလေသည်။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ ရောက်ရှိသွားကြလျှင်မူ ...

"ဟာ"

အထိတ်တလန့်အော်ကာ ဆိုင်ထဲ ပြေးဝင်ရန် ဟန်ပြင်လိုက်ကြ၏။ ပြီးမှ တစ်ဖန် ...

"ဟေ့ ... ဟေ့ ... မင်းတို့ ဘာလာလုပ်တာလဲ၊ သွား ... သွား ... မြန်မြန်ထွက်သွားကြစမ်း"

ဟု အော်ငေါက်လိုက်လေသည်။ မောင်းထုတ်ကြလေသည်။

ရုပ်ဆိုးမ မကျေမနပ်ဖြစ်သွားသည်။

"ဘာဖြစ်လို့ ထွက်သွားရမှာလဲ၊ ကျွန်မတို့ စားသောက်ဆိုင်



လာခဲ့ကြတာရှင့်"

"ဟေ့ ... ဟေ့ ... မင်းတို့ရုပ်ကြီးတွေနဲ့ ဆိုင်ထဲကလူတွေ လန့်ပြီး ထွက်ပြေးကုန်ပါဦးမယ်၊ သွားကြစမ်းပါ"

ရုပ်ဆိုးမက အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။

လက်ပြန်ထုတ်လိုက်သည့်အခါ ငွေစများ ပါလာလေသည်။

"ကျွန်မတို့က တန်ရာတန်ကြေးပေးပြီး ဝယ်စားမှာဆိုရင်ကော"

ဆိုင်လုလင် ခေါင်းယမ်းလိုက်သည်။

"မဖြစ်ပါဘူးဗျာ၊ စားစရာလိုချင်တယ်ဆိုရင် ဝယ်သွားတာ အကောင်းဆုံးပဲ"၏

"တောက် ... ကြီးကျယ်လိုက်တာ"

ရုပ်ဆိုးမ မကျေမနပ် ရေရွတ်လိုက်လေသည်။

ရှောင်အင်းဘက် လှည့်ကာ ...

"သူတို့ရောင်းမှစားရမှာ မဟုတ်ဘူး၊ ကဲ ... ကျွန်မတို့ သွားကြစို့"

ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

ရှောင်အင်းလည်း စိတ်ပျက်လက်ပျက်ဖြင့် လိုက်ပါသွားလေသည်။ သူတို့သည် စားသောက်ဆိုင် သုံးလေးဆိုင်မက သွားပြီးသော်လည်း မည်သည့်ကမှ လက်မခံသဖြင့် ဒေါသထွက်လာကြလေ

တော့သည်။ ရုပ်ဆိုးမက ...

"ဒီတစ်ခါတော့ လက်ခံရင်ခံ မခံရင် တစ်ဆိုင်လုံး ဖျက်ဆီးပစ်လိုက်မယ်"

ဟု ကြုံးဝါးလိုက်သည်။ ရှောင်အင်း ကြိတ်၍ ပြုံးမိလိုက်လေသည်။ ဆိုင်ရှေ့သို့ သူတို့ ရောက်သွားသောအခါ ဆိုင်ရှေ့၌ ဆိုင်လုလင်များကို မတွေ့ရပါ။

ဆိုင်ထဲ၌ မီးရောင်ခပ်မှိန်မှိန်သာ ရှိသည်ကို တွေ့ရ၏။ စကားပြောသံ၊ ရယ်မောသံ၊ ဖွန်းသံ၊ ပန်းကန်သံများလည်း မကြားရပါ။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ရုပ်ဆိုးမက ...

"ဘာပဲဖြစ်ဖြစ် ... ဒါဟာ စားသောက်ဆိုင်ပဲရှင့်"

ဟု ပြောလေသည်။ ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ဆိုင်ထဲသို့ ပြိုင်တူ လှမ်းဝင်လိုက်ကြလေသည်။ ဆိုင်ထဲ၌ မီးအိမ်တစ်လုံး ထွန်းညှိထားသည်။

ဝါကျင့်ကျင့်မီးရောင်သည် အခန်းတွင်း၌ ဖြာကျနေသည်။ စားပွဲငါးလုံး ခင်းကျင်းထားပြီး စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြ၏။

ထိုလူသုံးယောက်မှမပ အခြားစားသောက်သူ မတွေ့ရချေ။ ခါးကုန်းနေသည့် အဘိုးအိုတစ်ယောက်သည် ထိုလူသုံးယောက်အတွက် အရက်တစ်အိုး ချပေးနေသည်ကို တွေ့ရသဖြင့် ဆိုင်ရှင်ဖြစ်မည်ဟု ယူဆရပေသည်။



ထိုလူသုံးယောက်နှင့်အဘိုးအိုသည် သူတို့ ဝင်ရောက်လာသည်ကိုမြင်လျှင် လှည့်ကြည့်လာလေသည်။ ရုပ်ဆိုးမက ...

"လာခဲ့"

ရှောင်အင်းကို ပြောပြီး ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ သွားရောက်ထိုင်ချလိုက်လေသည်။

အဘိုးအိုက သူတို့ထံ လှမ်းလာပြီး ...

"ဘာသုံးဆောင်ကြမလဲ"

ဟု မေးလေသည်။ ရှောင်အင်း ဝမ်းသာသွားသည်။

မည်သည့် စားသောက်ဆိုင်ကမှ လက်မခံသည့် သူတို့အား အဘိုးအိုက လက်ခံနေပြီ မဟုတ်ပါလား။ ရုပ်ဆိုးမက ...

"ကျွန်မတို့အတွက် ဟင်းငါးမျိုးနဲ့ အရက်တစ်အိုးပေးပါ"

"ခဏစောင့်ရလိမ့်မယ်"

"ရပါတယ်ရှင်"

အဘိုးအို လက်ဝါးဖြန့်ကာ ...

"ပိုက်ဆံ"

ဟု ပြောလေသည်။ ရုပ်ဆိုးမက ...

"ဘာအတွက်လဲ"

"မင်းက စားသောက်စရာယူမယ် မဟုတ်လား"

"ဪ ... ကြိုတင်ငွေရှင်းရမှာကိုး၊ ရပါတယ်၊ ဘယ်လောက်ကျသလဲ"

"တစ်ရာ"

ရုပ်ဆိုးမက ဈေးများသည်ကို မပြောဘဲ ငွေတစ်ရာနှင့်ညီမျှသည့် ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်လေသည်။

အဘိုးအိုက ငွေတုံးကလေးကို လက်ခံယူပြီး ...

"လူဆိုတာ သေမျိုးချည်းပဲ မဟုတ်လား၊ ခု အသက်ရှင်နေပေမယ့် တော်ကြာ သေချင်သေသွားမှာ၊ ကျုပ်က ငွေအရင်မရဘဲ စားစရာသောက်စရာ မပေးဘူး"

ဟု ပြောကာ ဆိုင်အနောက်ဘက် ဝင်သွားလေသည်။

ရုပ်ဆိုးမနှင့် ရှောင်အင်းတို့သည် အဘိုးအိုပြောသွားသည့် စကားအဓိပ္ပာယ်ကို တွေးတောစဉ်းစားရင်း ကျန်ရစ်ခဲ့ကြ၏။

ရှောင်အင်းသည် ဆိုင်ကလေးကို ဘဝင်မကျမိပါ။

မှုန်ကုပ်ကုပ်ရှိနေပြီး အခြားဆိုင်များကဲ့သို့ စားသောက်သူများဖြင့် စည်စည်ကားကားရှိသည် မဟုတ်ပါ။

သူတို့ထက် အရင်ရောက်နေသူ သုံးယောက်မှာလည်း စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြလေသည်။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် အဘိုးအို စားသောက်စရာ



များ ယူလာပေးသည့်အချိန်ကို စောင့်ရင်း ထိုလူသုံးယောက်အား အမှတ်မထင် အကဲခတ်ကြည့်မိကြလေသည်။

ထိုလူသုံးယောက်မှာ ရွှေရောင်ဝတ်ဆင်ထားသူတစ်ယောက်၊ ငွေရောင်ဝတ်ဆင်ထားသူတစ်ယောက်နှင့် ရေညှိရောင်ဝတ်ဆင်ထားသူတစ်ယောက်တို့ ဖြစ်ကြလေသည်။

ထိုလူသုံးယောက်ရှေ့၌ စားသောက်ဖွယ်ရာဟူ၍ အသားလုံးကြော် တစ်ပန်းကန်သာ ရှိပေသည်။ သို့သော် အရက်အိုးကား ငါးလုံးမျှရှိနေသည်။

ကြမ်းပြင်ပေါ်၌လည်း အရက်အိုး ဆယ်လုံးခန့် ရှိနေသေးသည်ကို တွေ့မြင်ရလေသည်။

မှုန်ဝါးဝါးမီးရောင်အောက်၌ ထိုလူသုံးယောက်၏မျက်နှာမှာ လူသေအလောင်းပမာ ဖြူဖပ်ဖြူရော်ရှိနေသည်ကို တွေ့ရ၏။

ရှောင်အင်း သက်ပြင်းချလိုက်သည်။ ရုပ်ဆိုးမကြောင့် မကောင်းဆိုးဝါးများဟု သူတို့အား လူအများက ခေါ်ခဲ့ကြသည်။

ယခုဆိုင်ထဲ၌ တွေ့ရသူသုံးယောက်နှင့် ရုပ်ဆိုးမကို ပေါင်းလိုက်ရလျှင် စားသောက်ဆိုင်ကလေးကို သချိုင်းကုန်းဟုပင် ခေါ်လေမည်လားဟု ရှောင်အင်း တွေးနေမိတော့သည်။

မကြာပါချေ။ အဘိုးအိုသည် စားသောက်ဖွယ်ရာများ ထည့်ထားသည့် လင်ပန်းတစ်ချပ်ကိုင်ကာ လက်တစ်ဖက်က အရက်အိုး

ကိုဆွဲ၍ ဆိုင်အနောက်ဘက်မှ ထွက်လာသည်။

ရှောင်အင်းတို့ စားပွဲ၌ လာချပေးလေသည်။ ဟင်းလျာများမှ မွှေးကြိုင်သင်းပျံ့သည့် အနံ့အသက်များ ထွက်ပေါ်နေလေသည်။

အဘိုးအို လှည့်ထွက်သွားမှ ရုပ်ဆိုးမက ...

"ကျွန်မ ချက်တာလောက် ကောင်းပါ့မလားရှင်"

ဟု မေးလိုက်လေသည်။ ရှောင်အင်း ပြုံးလိုက်သည်။

"ခင်ဗျားချက်တဲ့ဟင်းက ပိုပြီး စားလို့ကောင်းပါတယ်ဗျာ"

"ခစ် ခစ် ခစ်"

ရုပ်ဆိုးမ သဘောကျစွာ ရယ်မောလိုက်လေသည်။ အရက်သောက်နေသူသုံးယောက် လှည့်ကြည့်ကြသည်။ ရှောင်အင်းက မသိကျိုးကျွံပြုကာ စားသောက်လိုက်သည်။

အရက်သောက်နေသူသုံးယောက်အနက် ရွှေရောင်ဝတ်ဆင်ထားသူက ...

"သူရောက်လာဖို့ ကောင်းပြီဗျ"

ဟု ပြောလေသည်။ သူ၏စကားသံ တိုးတိုးညှင်းညှင်းထွက်ပေါ်လာသည်။ သို့သော် ဆိုင်ထဲ၌ တိတ်ဆိတ်နေရာ လူတိုင်းကြားလိုက်ရပေသည်။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် စားသောက်ရင်း မသိမသာ နားစွင့်လိုက်ကြလေသည်။ ငွေရောင်ဝတ်ထားသူက ...



"ခုချိန်မှာ မလာသေးဘူးဆိုရင် သူမလာဖြစ်တော့ဘူးထင်တယ်"

ဟု ပြောလေသည်။ ရွှေညိုရောင် ဝတ်ဆင်ထားသူက ...

"သူ့ဘက်က ကတိပျက်ရင် ကျုပ်တို့အလဟာသအချိန်ကုန်တဲ့အတွက် လျော်ကြေးပေးရလိမ့်မယ်"

သူတို့ တစ်ယောက်တစ်ခွန်း ပြောဆိုနေကြစဉ်မှာပင် ...

"ကျုပ် နောက်ကျသွားတာ ခွင့်လွှတ်ပါဗျာ"

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်။ လူတစ်ယောက် ဆိုင်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် လေနှင့်အတူ လွင့်မျောလာသည့်နှယ် ဆိုင်ထဲသို့ ရောက်လာခြင်း ဖြစ်ပေသည်။ ထိုသူ ရောက်လာသည့် ခြေသံကို မကြားလိုက်ရပါ။ စကားသံထွက်ပေါ်လာသည်နှင့် လူလည်း ရောက်ရှိလာခြင်းဖြစ်သည်။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ မမျှော်လင့်ဘဲ သိုင်းလောကအရှုပ်အထွေးတစ်ခုနှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း သူတို့နှစ်ယောက် နားလည်သဘောပေါက်မိလိုက်ကြလေတော့သည်။

ဆိုင်ထဲသို့ လူတစ်ယောက် ရောက်ရှိလာသည်။ ထိုလူမှာ ခန္ဓာကိုယ်နှင့် မလိုက်အောင် ပူယောင်းယောင်းဖြစ်နေသည် အရက်

ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

မြင်းတစ်ကောင်၏မျက်နှာကဲ့သို့ ရှည်မျောမျောမျက်နှာ ရှိသည်။ မျက်လုံးအစုံမှာ ကျောက်ကလေးများအလား အရောင် တဖိတ်ဖိတ်တောက်ပနေလေသည်။

ထိုလူသည် ရှောင်အင်းနှင့် ရုပ်ဆိုးမအား တစ်ချက်လှမ်း ကြည့်လိုက်သည်။ ထို့နောက် ရွှေရောင်ဝတ်ဆင်ထားသူတို့၏စားပွဲဆီ သို့ ဦးတည်လျှောက်လာလေသည်။

ရွှေရောင်ဝတ်ထားသူ၊ ငွေရောင်ဝတ်ထားသူနှင့် ရေညှိ ရောင် ဝတ်ထားသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ရွှေရောင်ဝတ်ဆင်ထားသူက ...

"ယောယုဝကူးတို့ မြင်းမည်း ခင်ဗျား ရောက်လာပြီကိုး"

ဟု ရေရွတ်လိုက်လေသည်။ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြပြန်လေသည်။

ရုပ်ဆိုးမက ...

"ယောယုဝကူးတို့ မြင်းမည်း ... ဆိုတာ ဘယ်လို အဓိပ္ပာယ် လည်း ရှင်သိလား"

ဟု တီးတိုးမေးလေသည်။ ရှောင်အင်းက ...

"ကျုပ် မသိဘူး"

"ဒါဖြင့် မှတ်ထား၊ သိုင်းလောကကို ဖျက်ဆီးဖို့ တိတ်တ



ဆိတ် ကြံစည်နေတဲ့ လူတစ်စုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော် က ရှိခဲ့ဖူးတယ်၊ သူတို့ဟာ အနက်ရောင်သိုင်းသမားတွေကို အားပေး အားမြှောက်ပြုတယ်၊ အဖြူရောင်သိုင်းသမားအချင်းချင်း စိတ်ဝမ်း ကွဲအောင် လုပ်ကြတယ်၊ သိုင်းလောကမှာ တိုက်ပွဲတွေ ပေါ်ပေါက် လာရင် သူတို့ ကြားဝင်လာကြလို့ လျှို့ဝှက်ကြံစည်ကြတာပဲ၊ အဲဒီ အဖွဲ့ကို 'ယောယုဝ' လို့ ခေါ်ကြတယ်၊ မြင်းမည်းဟာ အဖြူရောင် သိုင်းသမားတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ တာဝန်ယူစီစဉ်ရတဲ့သူ လို့ သိရတယ်"

ရုပ်ဆိုးမ ရှင်းပြသည့် စကားကြားလျှင် ရှောင်အင်း မျက် လုံးပြူးသွားလေတော့သည်။ တကယ်လျှို့ဝှက်အဖွဲ့အစည်းတစ်ခုမှ လူများနှင့် မမျှော်လင့်ဘဲ ဆုံတွေ့နေရပြီ မဟုတ်ပါလား။

ဤစားသောက်ဆိုင်ကလေး၌ လူရှင်းနေရသည့်အကြောင်း ရင်းနှင့် ဆိုင်ရှင်က စားသောက်ခ ကျသင့်ငွေ ကြိုတင်တောင်းသည့် အကြောင်းချင်းရာများကို နားလည်သဘောပေါက်လေတော့သည်။

"ကျုပ်တို့ ဒီက ထွက်သွားကြရင် ကောင်းမယ်"

ဟု ပြောလိုက်၏။ ရုပ်ဆိုးမ သက်ပြင်းချလိုက်သည်။

"ခုချိန်မှတော့ ထွက်သွားလို့ရတော့မှာ မဟုတ်ဘူးရှင့်"

ရှောင်အင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ ထိုအချိန် တွင် မြင်းမည်း၏ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ

လေသည်။

"ဟား ဟား ဟား ... ကျုပ်က နောက်ကျတယ်ဆိုရုံက လေး နောက်ကျတာပါဗျာ၊ ရေခွဲဓားက ကျုပ်ကို မလာတော့ဘူးလို့ ဘာကြောင့် ထင်ရတာလဲဗျ"

ရေညှိရောင်ဝတ်ဆင်ထားသူက ...

"ခင်ဗျားက တစ်ခါမှ နောက်မကျဘူးဘဲ၊ ခုတစ်ကြိမ် ထူး ထူးခြားခြား နောက်ကျနေတာမို့ မလာတော့ဘူး ထင်မိတာပဲဗျာ၊ တခြား ဘာအကြောင်းမှ မရှိပါဘူး"

ဟု ပြန်ပြောလိုက်၏။ မြင်းမည်းသည် သူတို့အနီးသို့ ရောက် ရှိသွားပြီး ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။

"ကျုပ်နောက်ကျသွားတာ တခြားကြောင့်မဟုတ်ဘူး၊ ဒီကို လာရင်း လမ်းမှာ သတင်းထူးတစ်ခုကြားခဲ့လို့ဗျ"

"သတင်းထူး ဟုတ်လား၊ ဘာသတင်းများလဲ၊ ပြောစမ်းပါ ဦးဗျ"

ရွှေရောင်ဝတ်ဆင်ထားသူက မေးလေ၏။ မြင်းမည်းက ...

"မိတ်ဆွေရွှေဓား ... နေလခြိဝင်းက သခင်လေးရှောင်အင်း ကို သိသလားဗျ"

ဟု မေးလေသည်။ ရွှေရောင်ဝတ်ဆင်ထားသည့် ရွှေဓားဆို သူက ခေါင်းညိတ်လိုက်လေ၏။



"နေလခြံဝင်းက သခင်လေး ရှောင်အင်း မဟုတ်လား၊ သူ့ရဲ ကောင်း ရှောင်စုရဲ့သားပေါ့၊ နေလခြံဝင်းထဲကမထွက်ဘဲ သိုင်းပညာ လေ့ကျင့်နေတယ်လို့ သိရတာပဲ၊ တစ်ချိန်မှာ သူ့အဖေ၊ သူ့အဘိုးရဲ့ ခြေရာကို နင်းနိုင်မယ်လို့ ပြောသံကြားတယ်ဗျ"

မြင်းမည်းက ရယ်မောလိုက်သည်။

"အင်း ခုတော့ သူ့ကြောင့် နေလခြံဝင်းတစ်ခုလုံး လှုပ်လှုပ် ရှားရှား ဖြစ်နေရပြီလေဗျာ"

"ဟာ ... ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"

ငွေရောင်ဝတ်ဆင်ထားသူက ဝင်မေးလိုက်လေသည်။

မြင်းမည်းက ...

"ဩော် ... မိတ်ဆွေငွေဓားလည်း စိတ်ဝင်စားနေတာကိုး"

"ဟုတ်တယ်လေ၊ နေလခြံဝင်းနဲ့ ပတ်သက်လာရင် ဘယ် ကိစ္စမဆို စိတ်ဝင်စားစရာ ကောင်းတာချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ။ အခု နေလခြံဝင်းက သခင်လေး ရှောင် အင်းဟာ လူယုံတော် လီချူးနဲ့အတူ သိုင်းလောကမှာ အလည်အပတ် ထွက်လာရင်း ပျောက်ချင်းမလှ ပျောက်သွားတယ်လို့ ကြားရတယ် ဗျ"

"ဟာ"

ရွှေဓားနှင့်ငွေဓား၊ ရေခွဲဓားတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွား

ကြလေသည်။ ရှောင်အင်း မျက်နှာပျက်သွား၏။

သူ့အကြောင်း ပြောဆိုနေသည်ကိုမှ တိုက်တိုက်ဆိုင်ဆိုင် နားထောင်နေမိလျက်သား ဖြစ်နေရပေတော့သည်။

မြင်းမည်းသည် ရှောင်အင်းတို့ရှိနေသည်ကို အရေးမစိုက်ဘဲ ဆက်ပြောနေပါသည်။

"နေလခြံဝင်းကလူတွေ သဲကြီးမဲကြီး လိုက်ရှာနေကြတယ်၊ လီချူးရဲ့အလောင်းကိုတော့ ချောင်းတစ်ခုရဲ့နံဘေးမှာ မြေမြှုပ်ထားတာ တွေ့ခဲ့ကြတယ်၊ ရှောင်အင်းကတော့ ပျောက်ချင်းမလှ ပျောက်နေတယ်၊ နေလခြံဝင်းကလူတွေက ရှောင်အင်းပျောက်ဆုံးနေတာဟာ သိုင်းလောကကြယ်အဖွဲ့ရဲ့လက်ချက် ဖြစ်တယ်လို့ စွပ်စွဲနေကြတယ်"

"ဟာ ... ပွဲကြီးပွဲကောင်းပဲ"

ရွှေဓားက လွှတ်ခနဲ ရေရွတ်လိုက်လေ၏။

သိုင်းလောကကြယ်ဆိုသည့် အမည်ကြားလျှင် ရုပ်ဆိုးမ မျက်နှာပျက်သွားပါ၏။ ရှောင်အင်းမှာ စကားသံများကို နားစွင့်နေသဖြင့် သတိမပြုမိလိုက်ချေ။

လီချူးနှင့်အတူ သိုင်းလောကသို့ ထွက်လာခဲ့စဉ်က နေလခြံဝင်းအား အပြစ်ပြောသူများ ရှိနေသည်ကို သိခဲ့ရ၏။

အခြားသော သိုင်းလောက၏ထူးခြားချက်များကို မသိခဲ့



ရပါချေ။ ယခု ရုပ်ဆိုးမလေးနှင့် တွေ့ပြီးမှ သိုင်းလောက၏ထူးခြားမှုများ သိလာရသည်။

သူနှင့်လည်း ပတ်သက်နေသည်ဖြစ်ရာ စိတ်ဝင်စားစွာ နားစွင့်နေမိလေတော့သည်။ ရွှေဓားက ...

"ဟာ ... ဒါအတွက်ပဲ တစ်ချိန်တုန်းက နေလခြံဝင်းနဲ့ သိုင်းလောကကြယ်တွေ ထိပ်တိုက်တွေ့အောင် ကျုပ်တို့ ကြိုးစားခဲ့တာ အောင်မြင်ကာနီးမှ ဟိုလူကြီးကြောင့် ပျက်စီးသွားခဲ့ရတယ်၊ ဒီတစ်ခါတော့ မဖြစ်မနေ ကြိုးစားရမှာပဲ"

ဟု ပြောလေသည်။ ရွှေဓားက ..

"သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်တို့နာမည်ဖျက်တာနဲ့ နေလခြံဝင်း နာမည်ပျက်နေပြီ၊ သိုင်းလောကကြယ်အဖွဲ့လည်း နာမည်ပျက်နေပြီ၊ သူတို့အချင်းချင်း ထိပ်တိုက်တွေ့ရင် သိုင်းလောကကြီး ပျက်စီးပြီပေါ့ ... ဟား ဟား"

ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ရေခွဲဓားက ...

"ပြောစမ်းပါဦးဗျ၊ ကျုပ်တို့က အလုပ်ပြောင်းလုပ်ရဦးမှာလား၊ သခင်လေး ရှောင်အင်း ပျောက်ဆုံးနေတဲ့ ကိစ္စဟာ အရေးကြီးမယ်လို့ ထင်တယ်"

မြင်းမည်း ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

"မှန်တာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်တို့ လုပ်စရာရှိတဲ့အလုပ်ကို အရင်ဆုံးပြီးအောင်လုပ်ရဦးမယ်၊ လုပ်ပြီးမှ ရှောင်အင်းကို လိုက်ရှာကြတာပေါ့"

"ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ"

"ခေါင်းဆောင်ကြီးက ဘာမှာလိုက်သေးသလဲ"

ငွေဓားက မေးသည်။ မြင်းမည်းက ...

"ဆေးတံအဘိုးအို လောကပေါ်မှာ ရှိနေတာကို မကြည့်ချင်တော့ဘူးလို့ ပြောတယ်"

ငွေဓား သက်ပြင်းချလိုက်လေသည်။ မြင်းမည်းက ဆက်ပြောသည်။

"သူ့ကို ရှင်းပစ်ဖို့ အစီအစဉ်လည်း သတ်မှတ်ပေးလိုက်တယ်၊ ကဲ ... စားလို့ သောက်လို့ပြီးကြပြီဆိုရင် သွားကြရအောင်"

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။ ရွှေခွဲဓားက

"ခဏနေပါဦးဗျ"

ဟု တားလိုက်၏။ မြင်းမည်းက ...

"ဘာဖြစ်လို့လဲ"

"ဩော် ... ကျုပ်တို့အကြောင်းကို မသိသင့်တဲ့လူတွေ သိသွားတာကို ကျုပ်က မလိုလားလို့ပါ"

ရေခွဲဓားသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ရှောင်



အင်းတို့ထံသို့ တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

❋

"သတိထား"

ရုပ်ဆိုးမက တီးတိုးသတိပေးလိုက်လေသည်။ ရှောင်အင်း ရင်ထိတ်သွား၏။ ရေခွဲဓားသည် သူတို့အား ဒုက္ခပေးတော့မည်ဖြစ်ကြောင်း နားလည်ထားပေတော့သည်။

ရေညှိရောင်ဝတ်ဆင်ထားသည့် ရေခွဲဓားသည် သူတို့ထံသို့ ရောက်ရှိလာ၏။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့အား အကဲခတ်ကြည့်လိုက်၏။ ရုတ်တရက် ရေခွဲဓား မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ ယခုမှ သေသေချာချာ အကဲခတ်ကြည့်မိသွားပုံရ၏။

"မင်းတို့ဟာ မကောင်းဆိုးဝါးတွေလား"

ဟု လွှတ်ခနဲ မေးလိုက်လေသည်။

"ခစ် ခစ် ခစ်"

ရုပ်ဆိုးမ ရယ်မောလိုက်လေသည်။ ရေခွဲဓား မကျေမနပ်ဖြစ်သွားသည်။

"မင်းတို့ ဘယ်သူတွေလဲ ပြောစမ်း"

ဟု မေးလေသည်။ ရုပ်ဆိုးမက ...

"သွေးဝိညာဉ်ဂိုဏ်းကပါရှင်"

"ဘာ"

ရေခွဲဗား နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေသည်။

သွေးဝိညာဉ်ဂိုဏ်းသည် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ် ကျော်က သိုင်းလောက၌ ထင်ရှားခဲ့သည့် အနက်ရောင်သိုင်းအဖွဲ့ တစ်ခု ဖြစ်ပေသည်။ ယောယုဝအဖွဲ့ထက်ပင် နာမည်ကြီးခဲ့သည်။

သိုင်းလောကသားများ စုပေါင်းကာ နှိမ်နင်းခဲ့သဖြင့် အစိတ်အစိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးကာ သိုင်းလောကမှ ကွယ်ပျောက်သွားသည့် သိုင်းအဖွဲ့အစည်းလည်း ဖြစ်သည်။

ရွှေဗားနှင့်မြင်းမည်းတို့ ဝိုင်းအုံလာကြသည်။ မြင်းမည်းက...

"မင်းတို့ဟာ သွေးဝိညာဉ်ဂိုဏ်းက ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"မဖြစ်နိုင်တာပဲ၊ သွေးဝိညာဉ်ဂိုဏ်း ပြိုကွဲပျက်စီးသွားတာ ကြာပြီပဲ"

ရုပ်ဆိုးမ ရယ်မောလိုက်သည်။

"ယောယုဝအဖွဲ့တောင်မှ ခုချိန်ထိ ရှိနေသေးရင် သွေး ဝိညာဉ်ဂိုဏ်းကော ဘာကြောင့် မရှိနိုင်ရမှာလဲရှင်"

မြင်းမည်းသည် ရှောင်အင်းနှင့် ရုပ်ဆိုးမတို့အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ သူ၏ခန္ဓာကိုယ် ဆတ်ခနဲ



တုန်ခါသွားသည်။

"မင်းတို့လောက် ရုပ်ဆိုးတဲ့လူတွေ လောကပေါ်မှာ ရှိနိုင် ပါဦးတော့မလား"

ဟု ရေရွတ်လိုက်လေသည်။

'ဝုန်း'

ရုပ်ဆိုးမသည် စားပွဲကို လက်ဝါးဖြင့် ဝုန်းခနဲမြည်အောင် ရိုက်ချလိုက်သည်။ ထိုင်ရာမှ ဆတ်ခနဲ ထရပ်ရင်း မြည်းမည်းအား လက်ညှိုး ငေါက်ငေါက်ထိုးကာ ...

"ရှင် ... စော်ကားလှချည်လား"

ဟု ငေါက်လိုက်လေသည်။ သူမ ဒေါသတကြီးဖြစ်သွား သည်ကို ကြည့်ကာ ...

"ဟား ဟား ဟား"

ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။ ရုပ်ဆိုးမက ...

"ရှင် သေချင်ပြီထင်တယ်"

ဟု ငေါက်လိုက်ပြန်သည်။ မြည်းမည်း လက်ကာပြလိုက် လေသည်။

"မိန်းကလေး ... မင်း ဒေါသကြီးလှချည်လား၊ ကျုပ် မင်းကို စော်ကားတာ မဟုတ်ပါဘူး၊ သဘောကျလို့ပါ"

"ဘာရှင့်"

"ဪ ... ဒွေးဗိညာဉ်အဖွဲ့ သိုင်းလောကမှာ ပြန်ပြီးထွက်ပေါ်လာသည်ကို သဘောကျမိတာပါ၊ ကျုပ်တို့ ယောယုဝအဖွဲ့က ကြိုဆိုပါတယ်ဗျာ"

ရုပ်ဆိုးမက နှာခေါင်းရှုံ့လိုက်သည်။

"ယောယုဝအဖွဲ့ဟာ ကျွန်မတို့ ဒွေးဗိညာဉ်အဖွဲ့နောက်မှ ပေါ်ပေါက်လာတာပါရှင်"

"မိန်းကလေး ဒါတွေ အသာထားလိုက်စမ်းပါ၊ မကြာခင် သိုင်းလောကမှာ ပြောင်းလဲမှုကြီးတွေ ဖြစ်ပေါ်လာတော့မယ်၊ ကျုပ်တို့ လက်တွဲဆောင်ရွက်ကြရင် ကောင်းမယ်"

ရုပ်ဆိုးမသည် ရှောင်အင်းဘက်သို့လှည့်ကာ ...

"အစ်ကို သူပြောတာ ကြားတယ်မဟုတ်လား"

ဟု မေးလိုက်လေသည်။ ရှောင်အင်းမှာ မြည်းမည်းတို့လူစုနှင့် မပတ်သက်လိုပါချေ။ ထို့ကြောင့် ...

"ညီမ ကျုပ်တို့ဘာသာ အေးအေးဆေးဆေးနေရင် ကောင်းမယ်"

ဟု ပြောလိုက်လေသည်။ ရုပ်ဆိုးမက မြည်းမည်းဘက်လှည့်ကာ ...

"ကဲ ... ရှင် ကြားတယ်မဟုတ်လား"

မြင်းမည်း သက်ပြင်းချလိုက်လေသည်။



"ကောင်းပြီလေ၊ ကျုပ်တို့နဲ့ မပူးပေါင်းနိုင်ဘူးဆိုရင်လည်း ကျုပ်တို့ကိစ္စထဲ ဝင်မစွက်မိဖို့ သတိထားပါ"

ရုပ်ဆိုးမ နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မတို့ လုပ်ချင်ရာလုပ်မယ်၊ ဘယ်သူကမှ အမိန့်ပေးလို့ မရဘူးရှင့်၊ ရှင်တို့အလုပ်ကို ကျွန်မတို့က ဂရုစိုက်နေရမှာလား"

"ဟား ... ဟား ... ဟား ကောင်းပါပြီဗျာ၊ ကျုပ် ဘာမှ မပြောချင်တော့ပါဘူး၊ သိုင်းလောက ဖျက်ဆီးချင်တာ မိန်းကလေးတို့မှ မတတ်ပါဘူး၊ ကဲ ... နောက်မှ တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ရွှေဓားဘက်သို့လှည့်ကာ ...

"သွားကြစို့"

ပြောပြီး ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်သွားလေ၏။

ရွှေဓား၊ ငွေဓားနှင့် ရေခဲဓားတို့သည် ရုပ်ဆိုးမနှင့်ရှောင်အင်းတို့အား သဘောမကျသလို ကြည့်လိုက်ကြပြီး မြည်းမည်းနောက်သို့ လိုက်သွားကြ၏။ တစ်ခဏအတွင်းပင် ဆိုင်အပြင်ဘက်ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့၏။

❋

မြင်းမည်းတို့လူစု ထွက်သွားကြပြီဖြစ်လေသည်။ ယခုမှ

ရှောင်အင်း သက်ပြင်းချနိုင်လေသည်။ မြင်းမည်းတို့လူစုနှင့် ရင်ဆိုင်တိုက်ခိုက်ရပါက အခြေအနေလှမည်မဟုတ်မှန်း နားလည်သဘောပေါက်ထားပေသည်။ ရုပ်ဆိုးမကလည်း သက်ပြင်းချလိုက်သည်။

"ဟူး ... တော်ပါသေးရဲ့၊ ကျွန်မပြောတာကို သူတို့ ယုံကြည်သွားလို့ပေါ့၊ နို့မဟုတ်ရင် မလွယ်ဘူး"

ရှောင်အင်းက ...

"ညီမဟာ သိုင်းလောကအကြောင်း တော်တော်သိထားတာပဲနော်"

ဟု ပြောလိုက်ရာ ရုပ်ဆိုးမ ပြုံးလိုက်လေသည်။

"ရှင်လည်း သိုင်းပညာတတ်ထားတယ် မဟုတ်လား"

"ဟာ"

ရှောင်အင်း လွှတ်ခနဲ အော်လိုက်လေ၏။ ရုပ်ဆိုးမက ...

"ရှင် ဘာဖြစ်လို့လဲ"

"ကျုပ် ... ကျုပ်"

သူသည် ရွှေပင့်ကူအာမခံဌာနမှ သိုင်းသမားလူအိုနှင့် ရင်ဆိုင်ရသည့်အဖြစ်ကို ပြန်လည်အမှတ်ရနေမိလေသည်။

သူ၏သိုင်းပညာသည် လူအိုအား အလွယ်တကူ အနိုင်ယူနိုင်ပါလျက် အရေးနိမ့်ခဲ့ရပေသည်။ အဘယ့်ကြောင့် သိုင်းပညာအသုံးပြု၍မရဘဲ ဖြစ်နေသည်ကို စဉ်းစား၍ မရပါချေ။ ရုပ်ဆိုးမက



"ဘာလဲ ... ကျွန်မကို သွေးဝိညာဉ်အဖွဲ့ကလို့ ထင်နေတာလား၊ ဟင်း ဟင်း ... မပူပါနဲ့ရှင်၊ သိုင်းလောကသားတွေ စုပေါင်းဖြိုခွင်းလိုက်လို့ သွေးဝိညာဉ်အဖွဲ့ ပြိုကွဲပျက်စီးသွားတာ ကြာပါပြီ၊ မကောင်းတဲ့သူတွေနဲ့ တွေ့တဲ့အခါ အခြေအနေမဟန်ရင် ကိုယ်ကလည်း မကောင်းတဲ့လူအဖြစ် ဟန်ဆောင်မှ အန္တရာယ်ကင်းမယ် မဟုတ်လားရှင့်"

ရှောင်အင်း သက်ပြင်းချလိုက်သည်။

"မင်းလိမ်ပြောတာ သူတို့သိသွားရင်ကော"

"ရှင်ကော ကျွန်မကော သေသွားဖို့ပဲ ရှိတာပေါ့"

ရှောင်အင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ ရုပ်ဆိုးမက...

"ကျွန်မက သူတို့ ဘာလုပ်ကြမယ်ဆိုတာ သိချင်သေးတယ်၊ ရှင်ကော"

ဟု မေးလေသည်။ ရှောင်အင်း အံ့သြသွားသည်။

"ဟင် ... မင်းက သူတို့ကို စိတ်ဝင်စားတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ သူတို့ မဟုတ်တာ တစ်ခုခုလုပ်ကြမှာ သေချာနေတာပဲရှင့်"

"ဒီကိစ္စဟာ မင်းနဲ့ ဘာဆိုင်လို့လဲ"

ရုပ်ဆိုးမက ...

"ကျွန်မနဲ့ မဆိုင်ပါဘူး၊ ဒါပေမဲ့ သခင်လေး ရှောင်အင်းနဲ့

ဆိုင်နေတယ်လေ”

“ဟင်”

ရှောင်အင်း မျက်လုံးပြူးသွားသည်။ ရုပ်ဆိုးမအား မလုံမလဲ ကြည့်ရင်း …

“မင်း … မင်းက ရှောင်အင်းကို သိနေလို့လား”

ဟု မေးလိုက်မိသည်။ ရုပ်ဆိုးမက …

“ကျွန်မ မသိပါဘူးရှင်၊ ဒါပေမဲ့ နေလခြံဝင်းက သခင်လေး ဒုက္ခရောက်သွားတာကို ကျွန်မ လက်ပိုက်ကြည့်မနေနိုင်ဘူးရှင်”

“နေပါဦး … မင်းက နေလခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ”

ရုပ်ဆိုးမ ခေါင်းယမ်းလိုက်သည်။

“ဘယ်လိုမှ မပတ်သက်ပါဘူးရှင်”

“ဒါနဲ့များ မင်းက”

“နေလခြံဝင်းနဲ့ သိုင်းလောကကြယ်အဖွဲ့ဟာ သိုင်းလောကရဲ့ ကောင်းမှုကောင်းကျိုး ဆောင်ရွက်နေကြသူတွေပါ၊ သူတို့ ထိပ်တိုက်ရင်ဆိုင်ကြမယ်ဆိုရင် သိုင်းလောကအတွက် အကျိုးရှိနိုင်ပါတော့မလား ရှင်”

ဟု ပြောလေသည်။ ရှောင်အင်း ငြိမ်နေလိုက်သည်။ ရုပ်ဆိုးမက ဆက်ပြောလေသည်။



“တစ်ချိန်က နေလခြံဝင်းနဲ့ သိုင်းလောကကြယ်တွေ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြလို့ ဝမ်းနည်းကြေကွဲစရာအဖြစ်တွေ ဖြစ်ပေါ်ခဲ့ရပါတယ်ရှင်၊ ဒါဟာ ယောယုဝအဖွဲ့ရဲ့ ချောက်တွင်းမှုကြောင့် ဖြစ်ရတာပါ၊ ခုတစ်ခါ ဒီလိုအဖြစ်မျိုး ထပ်ပြီး အဖြစ်မခံနိုင်တော့ပါဘူး၊ ထပ်ဖြစ်မယ်ဆိုရင်လည်း သိုင်းလောကတစ်ခုလုံး ပျက်စီးသွားဖို့ပဲ ရှိပါတော့တယ်”

ရှောင်အင်း စိတ်ဝင်စားလာလေသည်။ ရုပ်ဆိုးမအား စိုက်ကြည့်ရင်း …

“နေလခြံဝင်းနဲ့ သိုင်းလောကကြယ် ထိပ်တိုက်ဆုံတွေ့ခဲ့တဲ့ အဖြစ်တွေကို မင်း သိသလား”

ဟု လွှတ်ခနဲ မေးလိုက်မိလေသည်။ ရုပ်ဆိုးမက …

“အဲဒီအချိန်က ကျွန်မ မွေးတောင် မမွေးသေးပါဘူးရှင်၊ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားသိခဲ့ရတာပါ”

“ကျုပ်ကို ပြောပြနိုင်မလားဟင်”

ရုပ်ဆိုးမက …

“ရှင် ဘာကြောင့် စိတ်ဝင်စားနေရတာလဲရှင့်”

ဟု ပြန်မေးလေသည်။ ရှောင်အင်း မည်သို့ ပြောရမှန်းမသိဖြစ်သွားပါသည်။ ရုပ်ဆိုးမက …

“ရှင်သိချင်ရင် ပြောပြနိုင်တဲ့ လူတစ်ယောက်ဆီကို ကျွန်မ

လိုက်ပို့ပေးပါ့မယ်၊ အခုတော့ မြင်းမည်းတို့လူစုနောက်ကို လိုက်သွားကြတာ ကောင်းမယ်"

ဟု ပြောလေသည်။ ရှောင်အင်းက ...

"သူတို့နောက်ကို ဘာလိုက်လုပ်ရ ..."

သူ၏စကားမဆုံးမီ ရုပ်ဆိုးမ ကြားဖြတ်ပြောလိုက်လေသည်။

"သူတို့ ဘာတွေ မတရားလုပ်ကြမလဲဆိုတာ သိရတာပေါ့၊ ကျွန်မတို့ တားဆီးနိုင်မယ့်နည်းလမ်း တွေ့ကောင်း တွေ့နိုင်တယ်လေ၊ ကဲ ... သွားကြရအောင်"

သူမ ထိုင်နေရာမှ ထလိုက်ရာ ရှောင်အင်း မတတ်သာတော့ဘဲ ထရပ်လိုက်ရလေသည်။ ရုပ်ဆိုးမကို ကြည့်ရင်း ...

"နေလခြံဝင်းနဲ့ သိုင်းလောကကြယ် ထိပ်တိုက်တွေ့ခဲ့ပုံတွေ ပြောပြနိုင်မယ့်လူဆီ မင်း လိုက်ပို့ပေးမယ်လို့ ပြောခဲ့တယ်နော်"

"ဟုတ်တယ်လေ၊ ကျွန်မ မမေ့ပါဘူး၊ ကဲ ... ခုတော့ မြင်းမည်းတို့နောက်ကို လိုက်သွားကြရအောင်"

သူမက ခပ်သွက်သွက် ထွက်သွားရာ ရှောင်အင်းကလည်း လိုက်ပါသွားရလေတော့သည်။

❋ ❋ ❋



ဘဝနှစ်မျိုးနဲ့လူ

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်၌ မြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်လေသည်။ လမ်းပေါ်၌ လူရှင်းနေ၏။ လေလွင့်ခွေးတစ်ကောင်စ နှစ်ကောင်စ ထွက်ပေါ်လာသည်။

ရုတ်တရက် လမ်းကြားကလေးတစ်ခုအတွင်းမှ လူရိပ်နှစ်ခု ထွက်ပေါ်လာသည်။ ထိုလူရိပ်နှစ်ခုသည် မြို့ပြင်သို့ ဦးတည်ပြေးလွှားသွားကြလေသည်။

'ဝုတ် ဝုတ် ဝုတ်'

ခွေးဟောင်းသံများ ထွက်ပေါ်လာသည်။

လူရိပ်နှစ်ခုသည် ခွေးဟောင်သည်ကို အရေးမစိုက်ဘဲ ခပ်သွက်သွက် ပြေးလွှားသွားကြသည်။ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့ ဖြစ်ကြပါသည်။

"သူတို့သည် မြို့ပြင်ကိုသွားတာ ဖြစ်နိုင်တယ်" ဆိုသည့် စကားဖြင့် မြို့ပြင်ဘက်သို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌ တစ်စထက်တစ်စ လူနေအိမ်ခြေ ကျဲပါးလာလေသည်။ သစ်ပင်ချုံနွယ်များ ဟိုတစ်စု သည်တစ်စု တွေ့လာရသည်။ အတန်ကြာ ပြေးလွှားလာကြပြီးနောက် ရုပ်ဆိုးမ ခြေလှမ်း ရပ်လိုက်လေသည်။

ရှောင်အင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး–

"လူနေအိမ်ခြေလည်း မရှိဘူး၊ သူတို့ ဒီဘက်ကို ထွက်လာကြတာမှ ဟုတ်ရဲ့လား"

ဟု လွှတ်ခနဲ ပြောလိုက်လေသည်။ ရုပ်ဆိုးမက ...

"သူတို့ ဒီဘက်ကိုလာတာ သေချာပါတယ်၊ ရှေ့မှာ အဆောက်အအုံတစ်လုံး ရှိတာကို ရှင် တွေ့ရလိမ့်မယ်"

ရှောင်အင်းသည် ရုပ်ဆိုးမအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်မိလေတော့သည်။ ရုပ်ဆိုးမက ...

"ဘာလဲ ... ကျွန်မအပေါ် သင်္ကာမကင်း ဖြစ်နေတာလား၊ ဟင်း ဟင်း ... မြို့ပြင်မှာ ကျို့တို့ချင်းဆိုတဲ့ သိုင်းသမားကြီးတစ်ယောက် နေတယ်လို့ ကျွန်မ ကြားဖူးထားတယ်၊ သူဟာ အထင်ကရ အဖြူရောင်သိုင်းသမားကြီး တစ်ယောက်ပဲရှင့်၊ ယောယုဝကလူတွေ ဒုက္ခပေးမယ်ဆိုရင် သူကလွဲပြီး တခြား ဘယ်သူမှရှိတော့မှာ မဟုတ်ဘူးရှင့်"

ရှောင်အင်း သက်ပြင်းချလိုက်လေသည်။ ရုပ်ဆိုးမက ...



"ကဲ ... ကျွန်မနောက် လိုက်ခဲ့ပါ"

ပြောပြီး သစ်ပင်များကြားမှ ဝဲဘက်သို့ ချိုးကွေ့သွား၏။ ရှောင်အင်းလည်း စောဒကမတက်နေတော့ဘဲ လိုက်ပါသွားလေသည်။ သူတို့နှစ်ယောက် လေးလှမ်းမျှသာ သွားရသေးသည်။

"အား"

"အွန့်"

"အမယ်လေး"

ခပ်လှမ်းလှမ်းမှ စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်း ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။ ရုပ်ဆိုးမက ...

"ကျွန်မတို့ နောက်ကျသွားပြီထင်တယ်"

ဟု စိုးရိမ်သော လေသံဖြင့် ပြောလေသည်။ စူးရှသော အော်ဟစ်သံများသည် တစ်ခဏအတွင်းပင် ပြန်လည်တိတ်ဆိတ် ကွယ်ပျောက်သွား၏။ ရုပ်ဆိုးမက ...

"ကျွန်မတို့ သွားကြည့်ရအောင်"

"ကောင်းပြီ"

သူတို့နှစ်ယောက် အော်ဟစ်သံများ ထွက်ပေါ်လာရာဆီ ဦးတည်ပြေးလွှားကြလေသည်။ သစ်ပင်များကြားမှ ကွေ့ပတ်ပြေးသွားကြပြီး တစ်ခဏအကြာတွင် မြေကွက်လပ်တစ်ခု၌ မီးရောင်များ

ထိန်ထိန်လင်းနေသည့် အဆောက်အအုံကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋

မြေကွက်လပ်တွင် မီးရောင်ထိန်ထိန်လင်းနေသည့် အဆောက်အအုံကြီးတစ်ခု ရှိနေပေသည်။ အော်ဟစ်သံများသည် ထိုအဆောက်အအုံကြီးမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ထင်ရှားပေ၏။

သို့သော် ရှောင်အင်းတို့ ရောက်ရှိသွားသောအခါ အော်ဟစ်သံများ မကြားရပါ။ လူရိပ်လူယောင်များလည်း မတွေ့ရပါ။

ပကတိ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့သည် သစ်ပင်တစ်ပင်နောက် ကွယ်မှနေ၍ အကဲခတ်ကြည့်လိုက်ကြ၏။

"ဂစ်"

ရုတ်တရက် ညဥ့်ငှက်တစ်ကောင်သည် ဝူးဝူးဝါးဝါး အော်မြည်ရင်း သူတို့၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွား၏။ ရှောင်အင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ရုပ်ဆိုးမက ...

"ကျွန်မတို့ သွားကြည့်ရင် ကောင်းမယ်"

ပြောပြီး သတိကြီးစွာထားကာ အဆောက်အအုံကြီး အနီးသို့ ချဉ်းကပ်သွားလေသည်။ ရှောင်အင်းလည်း မနေနိုင်တော့ဘဲ



နောက်မှ လိုက်သွားရသည်။

သူတို့နှစ်ယောက် အဆောက်အအုံအနီးသို့ ရောက်သွားသည့်တိုင် ထူးခြားသော လှုပ်ရှားမှုတစ်စုံတစ်ခုမျှ မတွေ့ရချေ။

ရှောင်အင်းတို့ ရဲရဲတင်းတင်း ဖြစ်လာကြလေသည်။

ရုပ်ဆိုးမက ကျောက်လှေကားထစ်များကို ဖြတ်ကျော်ကာ အဆောက်အအုံပေါ်သို့ လှမ်းတက်လိုက်သည်။ ရှောင်အင်းကလည်း လိုက်သွားရ၏။

သူတို့နှစ်ယောက် တံခါးဝ၌ ခြေစုံရပ်မိလိုက်ကြသည်နှင့် မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ...

"ဟာ"

"ဟင်"

လွှတ်ခနဲ ရေရွတ်လိုက်ကြလေသည်။

အဆောက်အအုံအတွင်း၌ လူအချို့ ဖရိုဖရဲလဲကျနေ၏။

ထိုလူများမှာ သွေးအိုင်ထဲ လဲကျကာ သေဆုံးနေကြခြင်း ဖြစ်ပေသည်။ ပရိဘောဂပစ္စည်းများ အလဲလဲအပြိုပြိုဖြစ်နေ၍ တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့မှန်း ထင်ရှားနေပေတော့သည်။

"ကျွန်မတို့ နောက်ကျသွားပြီ"

ရုပ်ဆိုးမက မကျေမနပ် အော်ပြောလိုက်လေသည်။

ရှောင်အင်းက ...

"မြင်းမည်းတို့လူစု ဒီကိုရောက်ခဲ့ကြပြီပေါ့"

"သေချာတာပေါ့ ရှင်"

"တောက်"

ရှောင်အင်း တက်ခေါက်လိုက်သည်။

လဲကျသေဆုံးနေသူများအား မတွေ့မြင်ရခြင်းဖြင့် မြင်းမည်းတို့လူစုသည် ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။ ရုပ်ဆိုးမ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရင်း ...

"ကျို့တို့ခင်း အလောင်းကိုတော့ မတွေ့ရဘူးရှင်"

ပြောလေသည်။ ရှောင်အင်း စိတ်လှုပ်ရှားသွား၏။

"ကျုပ်တို့ ရှာကြည့်ကြရအောင်၊ သူက လွတ်ချင်လွတ်သွား"

သူ၏စကားမဆုံးမီ ...

"ဘေးဖယ်လိုက်"

ရုပ်ဆိုးမက အော်ဟစ်ကာ သူ့အား တွန်းထုတ်ပစ်လိုက်လေသည်။ ရှောင်အင်း ဒယီးဒယိုင်ဖြင့် ဘေးသို့ လဲကျသွား၏။ အရှိန်မထိန်းနိုင်တော့ဘဲ သူ့အပေါ် လဲကျလာ၏။ နှစ်ယောက်သား လုံးထွေးကာ ကြမ်းပြင်ပေါ် လဲကျသွားချိန်မှာပင် ...

"ဝှီး"



"ဒုတ်"

ဓားတစ်လက်သည် အရှိန်ပြင်းစွာ ပစ်လွှင့်လာပြီး သူတို့အား ပွတ်ကာသီကာ ဖြတ်ကျော်ကာ နံရံ၌ စိုက်ဝင်သွားလေသည်။

ရုပ်ဆိုးမသာ တွန်းဖယ်လိုက်ခြင်း မပြုလျှင် ရှောင်အင်း၏ နောက်ကျောပြင်သို့ ထိုးစိုက်သွားမည်မှာ သေချာလှပေသည်။

ရှောင်အင်းကော ရုပ်ဆိုးမပါ ကြမ်းပင်ပေါ်မှ လူးလိမ့်ထလာကြသည်။ ဓားပစ်လွှင့်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အသက်ငါးဆယ်ခန့်ရှိလူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။ သူ၏မျက်နှာတွင် ထိတ်လန့်သည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။

သူ၏တိုက်ခိုက်မှု ထိရောက်ခြင်းမရှိသည်ကို မြင်လျှင် ...

"သေပေတော့"

အော်ငေါက်ရင်း ခုန်ဝင်တိုက်ခိုက်လာပြန်လေသည်။ ရှောင်အင်း ထိတ်လန့်သွား၏။

"ရုပ်လိုက်"

ရုပ်ဆိုးမ ရှေ့သို့ ခုန်ထွက်ကာ ခုခံဟန့်တားလိုက်သည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုလူကော ရုပ်ဆိုးမပါ နောက်သို့ ပြိုင်တူဆုတ်လိုက်ကြလေသည်။

ထိုလူက အံကြိတ်ကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ရုပ်ဆိုးမက ...

"ရှင် မှားမယ်၊ ရှင့်ကို ကျွန်မတို့ ကူညီဖို့လာကြတာ ရှင့်"

ဟု အော်ပြောလိုက်လေသည်။ ထိုသူ ကြောင်အမ်းအမ်းဖြစ်သွား၏။ ရုပ်ဆိုးမအား စိုက်ကြည့်ရင်း ...

"ကျုပ်ကို ကူညီဖို့ ဟုတ်လား"

"ဟုတ်တယ်၊ ရှင်ဟာ သိုင်းသမားကြီး ကျိုးတို့ချင်းဆိုတာ ကျွန်မ သိတယ်"

ထိုလူ တွေဝေသွားသည်။

"မင်းက ဘယ်သူလဲ"

"ကျွန်မဟာ မိုးပေါ်က လာတာပါရှင်"

"ဘာ ... မင်း မင်းဟာ သိုင်းလောက"

ထိုသူ၏စကားမဆုံးမီ ရုပ်ဆိုးမက လက်ကာပြရင်း ဟန့်တားလိုက်၏။

"ရှင်ဟာ ပဉ္စလက် အဘိုးအိုကိုသိရင် လုံလောက်ပါပြီ ရှင်"

ထိုလူ (ဝါ) ကျိုးတို့ချင်း၏မျက်နှာတွင် ဝမ်းသည်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေတော့သည်။

"မင်းဟာ"



"ကျွန်မက ရုပ်ဆိုးမပါ"

ကျိုးတို့ချင်း သက်ပြင်းချရ၏။

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာတော့ မင်းသိပြီးလောက်ရောပေါ့၊ ကျုပ်ကို လူတစ်စုက ဒုက္ခပေးလာကြတယ်"

"မြင်းမည်းတို့ပူစု မဟုတ်လားရှင်"

"မင်းက သူတို့ကို သိနေတယ် ဟုတ်လား"

"သူတို့က လူတစ်ယောက်ကို ဒုက္ခပေးမယ်ဆိုပြီး တိုင်ပင်နေကြတာကို ကျွန်မ ကြားခဲ့ပါတယ်၊ စဉ်းစားကြည့်လိုက်တော့ ဦးကို ဒုက္ခပေးကြလိမ့်မယ်ဆိုတာ ရိပ်မိလို့ လိုက်လာခဲ့တာပါ"

ကျိုးတို့ချင်း၏မျက်နှာ ညှိုးငယ်သွားသည်။

ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသည့် အလောင်းကို တစ်ချက်ငေးကြည့်လိုက်ပြီး ...

"ကျုပ် သတ္တိမရှိတာနဲ့ ကျုပ်လူတွေ ဒုက္ခရောက်ခဲ့ကြရတယ်၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ရန်သူတွေ ရောက်လာတာနဲ့ ကျုပ်က ရင်မဆိုင်ဘဲ ပုန်းနေခဲ့တယ်"

ရုပ်ဆိုးမနှင့်ရှောင်အင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ကျိုးတို့ချင်းက ဆက်ပြောသည်။

"မကြာသေးခင်က ကျုပ်ရဲ့မိတ်ဆွေ သိုင်းသမား ယန့်ခွန်းဟာ ရန်သူတွေလက်ချက်နဲ့ သေဆုံးသွားခဲ့ရတယ်၊ ယန့်ခွန်းကို သုတ်

သင်ပစ်ခဲ့တဲ့ လူတွေကပဲ ကျုပ်ကို ရှင်းပစ်ဦးမယ်လို့ သတင်းကြားခဲ့ရတယ်၊ ဒါကြောင့် ကျုပ်လည်း ရင်မဆိုင်ဝံ့ဘဲ ရှောင်တိမ်းနေခဲ့မိတာပါ"

ရုပ်ဆိုးမက ...

"ဦးကို ရန်ရှာလာမယ်ဆိုတာ သိရင် မိတ်ဆွေတွေဆီမှာ ကြိုတင် အကူအညီတောင်းထားရင်ကော မဖြစ်နိုင်ဘူးလား"

ကျို့တို့ချင်းက ...

"ကျုပ်က နေလခြံဝင်းနဲ့ ရင်းနှီးပါတယ်၊ အကူအညီတောင်းဖို့ စဉ်းစားမိပေမယ့် သူတို့ဟာ သခင်လေး ရှောင်အင်း ပျောက်ဆုံးနေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေကြတာမို့ အကူအညီမတောင်းဖြစ်တော့ပါဘူး"

ရှောင်အင်း သက်ပြင်းချလိုက်သည်။

အမှန်ဆိုလျှင် သူက ကျို့တို့ချင်းအား ကောင်းစွာမှတ်မိထားပါသည်။ ကျို့တို့ချင်းသည် နေလခြံဝင်းသို့ မကြာခဏ ရောက်လာခဲ့ဖူးသည် မဟုတ်ပါလား။

ရှောင်အင်းက ကျို့တို့ချင်းအား စိုက်ကြည့်လိုက်၏။

ကျို့တို့ချင်းသည် သူ့အား တွေ့မြင်နေရသော်လည်း မှတ်မိပုံမရပါချေ။ ရှောင်အင်း မချင့်မရဲ ဖြစ်လာသည်။

"နေလခြံဝင်းက သခင်လေးရှောင်အင်းကို ဦး သိသလား"



ဟု မေးလိုက်လေသည်။ ကျို့တို့ချင်း ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့၊ လူတော်ကလေးတစ်ယောက်ပါပဲ၊ နေလခြံဝင်းပိုင်ရှင်က သူ့ရဲ့အမွေဆက်ခံမယ့်လူအဖြစ် အတော်ကို အားကိုးနေတာ၊ ခုလို ပျောက်ဆုံးနေတယ်ဆိုတော့ ..."

"သူပျောက်ဆုံးနေတယ်ဆိုတာ တကယ်ပဲလား"

"တကယ်ပေါ့"

ရှောင်အင်း ခေါင်းကုတ်လိုက်သည်။ ကျို့တို့ချင်းသည် အဘယ်ကြောင့် သူ့အား မမှတ်မိရပါသနည်း။ ကျို့တို့ချင်းက ရုပ်ဆိုးမကိုကြည့်ကာ ...

"ကျုပ်ရဲ့အခက်အခဲတွေဟာ မိန်းကလေး တွေ့မြင်တဲ့အတိုင်းပါပဲ၊ သူတို့က ကျုပ်ကို မတွေ့ရလို့ နောက်ထပ်တစ်ကြိမ် လာရှာကြဦးမှာ သေချာတယ်"

ဟု ပြောလိုက်လေသည်။ ရုပ်ဆိုးမက ...

"ဒီလိုဆိုရင် ဦးဟာ ပဠလက်တောင်ကိုသွားတာ အကောင်းဆုံးပဲ၊ ဘယ်သူပဲဖြစ်ဖြစ် ပဠလက်တောင်ကိုတော့ သွားပြီး ဒုက္ခမပေးရဲပါဘူး"

ကျို့တို့ချင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

"ကျေးဇူးတင်လိုက်တာ မိန်းကလေးရာ၊ မိန်းကလေးပြောမှ ကျုပ် သတိရလာတယ်၊ ပဥ္စလက်တောင်ကိုပဲ ကျုပ် သွားပါတော့မယ်"

ရှောင်အင်းက ...

"နေလခြံဝင်းကိုသွားရင်လည်း ဖြစ်တာပဲ"

ဟု လွှတ်ခနဲ ဝင်ပြောမိလိုက်သည်။

ကျို့တို့ချင်းက ...

"နေလခြံဝင်းကိုသွားလို့တော့ မဖြစ်သေးပါဘူးကွာ၊ သူတို့ အလုပ်ရှုပ်နေကြတော့ အနှောင့်အယှက်ပေးသလိုဖြစ်နေပါလိမ့်မယ်၊ ပဥ္စလက်တောင်ကိုပဲ သွားပါ့မယ်"

ဟု ပြောလေသည်။ ရုပ်ဆိုးမက ...

"ဦး မသွားခင် ကျွန်မ မေးစရာလေးတစ်ခုရှိနေလို့ မေးခွင့်ပြုပါရှင်"

ဟု ခွင့်တောင်းလိုက်လေသည်။ ကျို့တို့ချင်းက ...

"မိန်းကလေး ဘာများသိချင်လို့လဲ"

တစ်ချိန်က သိုင်းလောကမှာ နေနဲ့လလို ထင်ရှားတဲ့ လူငယ်သိုင်းသမားနှစ်ယောက် ပေါ်ထွက်လာခဲ့တဲ့အကြောင်းနဲ့ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြတဲ့အကြောင်း သိချင်လို့ပါ"

ကျို့တို့ချင်း မျက်မှောင်ကြုတ်သွားသည်။



"မိန်းကလေးက သိုင်းလောက သူရဲကောင်းနှစ်ယောက်အကြောင်း ပြောတာလား၊ "ထိုက်စန်းတောင်တိုက်ပွဲ" အကြောင်းလေ"

"ဟုတ်ပါတယ်ရှင်"

ကျို့တို့ချင်း သက်ပြင်းချလိုက်သည်။

"အင်း ... နေလခြံဝင်းက သူရဲကောင်းရှောင်စုနဲ့ မြစ်ဝါမြစ်က သူရဲကောင်းကျန်ရှုတို့နှစ်ယောက်အကြောင်း သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားကြတာပဲ၊ သူတို့ဟာ မိတ်ဆွေတွေဖြစ်ခဲ့ကြပြီးမှ ဘယ်ကဘယ်လို ရန်သူတွေဖြစ်သွားရတယ် မသိဘူး၊ ထိုက်စန်းတောင်ထိပ်မှာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြတာပေါ့"

ရုပ်ဆိုးမက ...

"သူတို့အကြောင်းကို ဦးက ပြောပြနိုင်မလားဟင်"

ကျို့တို့ချင်း အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျုပ်က သိုင်းလောကသားတွေ သိထားကြတာလောက်ထက် မပိုပါဘူး၊ သူတို့အကြောင်း သိချင်ရင် မြစ်ဝါမြစ်က ပညာရှိအဘိုးအိုဆီကို သွားမေးတာ အကောင်းဆုံးပဲ၊ သူက အဖြစ်အပျက်အားလုံးကို သိထားတယ်လို့ ပြောကြတယ်"

ရုပ်ဆိုးမက ...

"ပညာရှိအဘိုးအိုကို ဘယ်လိုသွားရမလဲဆိုတာ ပြောပြနိုင်

မလားဟင်”

ကျို့တို့ချင်း ခေါင်းညိတ်လိုက်သည်။ ပညာရှိအဘိုးအိုထံ မည်သို့မည်ပုံ အရောက်သွားရမည်ကို ရှင်းလင်းပြောပြလေသည်။

“မိန်းကလေး တစ်ခုတော့ သတိထားရလိမ့်မယ်၊ ပညာရှိ အဘိုးအိုဟာ လူ့ဒွစာကြီးတစ်ယောက်ပဲ၊ သူက ပြောချင်လည်း ပြော ပြလိမ့်မယ်၊ မပြောချင်ဘူးဆိုရင် ဘယ်လောက်ပဲ မေးမေး ပြောမှာ မဟုတ်ဘူး၊ သူစိတ်ဆိုးသွားအောင် မလုပ်မိဖို့ အရေးကြီးတယ်၊ ကျုပ်ပြောတာ နားလည်ရဲ့မဟုတ်လား”

“ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါ့မယ်ရှင်”

ရှောင်အင်းသည် ရုပ်ဆိုးမနှင့်ကျို့တို့ချင်းတို့အား တစ်လှည့် စီ ငေးကြည့်နေမိပါ၏။ သူ့ရဲကောင်းရှောင်စုဆိုသည်မှာ သူ၏ဖခင် ဖြစ်သည်။ သူ့ရဲကောင်းကျန်ရှုသည် သူ၏ဦးလေးဟု စိန်ကျူးက ပြော ခဲ့သည်။ သူ၏မိခင်ဆိုသည့် ဒေါ်လေးကူးလည်း ရှိသေး၏။

ဒေါ်လေးကူးတို့လူစုသည် နေလခြံဝင်းအား အမုန်းကြီး မုန်း တီးနေသည်။ နေလခြံဝင်း၏လျှို့ဝှက်ချက် သူ့ရဲကောင်းနှစ်ယောက် နှင့် ပတ်သက်ခဲ့ပုံ။

ဒေါ်လေးကူး၏ ဘဝဇာတ်ကြောင်း စသည်တို့၏ အဖြေကို ဖော်ထုတ်ခြင်းမပြုနိုင်ဘဲ နေလခြံဝင်းသို့ မပြန်ဟု ဆုံးဖြတ်လိုက်လေ သည်။



ရုပ်ဆိုးမသည် သူ့ရဲကောင်းနှစ်ယောက်အကြောင်း စုံစမ်း သည်မှာ အဘယ်ကြောင့်နည်း။ သူမသည် စိတ်ဝင်စားဖွယ်ကောင်း သည့် မိန်းကလေးတစ်ယောက်ဖြစ်သည့်တိုင် သူ့အတွက် အားကိုး၍ ရနေ၏။

ရုပ်ဆိုးမလေးအကြောင်းလည်း သိလိုပြန်သေးသည်။ ရှောင်အင်းမှာ အတွေးများဖြင့် တွေဝေငေးငိုင်နေမိလေ တော့သည်။

ထိုစဉ် ရုပ်ဆိုးမ၏စကားသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရ၏။

“ကဲ … ကျွန်မတို့ သွားကြရင်ကောင်းမယ်”

“ဟုတ်တယ်၊ တော်ကြာ ရန်သူတွေ ပြန်ရောက်လာနိုင် တယ်”

ကျို့တို့ချင်းက ထောက်ခံလိုက်သည်။ သူတို့ထွက်သွားရန် ပြင်ဆင်လိုက်ကြသောအခါ ရှောင်အင်းလည်း မနေနိုင်တော့ပါ။ ရုပ်ဆိုးမနှင့်လိုက်သွားရန် ဟန်ပြင်လိုက်ရလေတော့သည်။

❋

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

‘ခွပ်ခွပ် … ခွပ်ခွပ်’

တောလမ်းတစ်လျှောက် မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်နေကြသည်။ ကျို့တို့ချင်းထံမှ ရရှိခဲ့သော မြင်းနှစ်ကောင်ဖြင့် မြစ်ဝဆီသို့ ဦးတည်ခရီးနှင်နေကြခြင်း ဖြစ်ပေသည်။

ရှောင်အင်းသည် ရုပ်ဆိုးမနှင့် အတူလိုက်လာရင်း ရုပ်ဆိုးမအကြောင်း တွေးတောစဉ်းစားနေမိ၏။ ရုပ်ဆိုးမသည် ထူးခြားသူဖြစ်ကြောင်း တစ်စထက်တစ်စ ပေါ်လွင်နေသည်။

"သူ ဘယ်သူလဲ၊ တကယ်ဆို ငါ့ကို တောင်အောက်လိုက်ပို့ပြီးတာနဲ့ သူ့အိမ်ကို ပြန်သွားသင့်တာပေါ့၊ ခုတော့ ငါသိချင်တာတွေ ငါစုံစမ်းမယ့်ကိစ္စတွေကို သူက ကြိုတင်သိနေသလိုပဲ၊ ငါ့အတွက် လိုက်ပြီး စုံစမ်းပေးနေသလိုပဲ"

တွေးရင်း သဘာဝမကျသည့် အဖြစ်အပျက်တစ်ခုကို အမှတ်မထင် တွေးတောမိလေသည်။

"ငါ့ကို စမ်းချောင်းထဲက ကယ်တင်လာခဲ့ရတယ်လို့ ပြောတယ်၊ သူ့ရဲ့အိမ်ဟာ အမြင့်ကြီးပေါ်မှာ ရှိနေတယ်၊ တောင်ပေါ်က ဆင်းလာတုန်း အနီးတစ်ဝိုက်မှာ စမ်းချောင်းနဲ့တူတာလည်း မတွေ့ခဲ့ရပါဘူး၊ တစ်ခုခုတော့ မှားနေပြီ"

ရှောင်အင်းမှာ တွေးတောစဉ်းစားနေမိသဖြင့် မြင်းအရှိန်



လျှော့ကျသွားသည်ကို သတိမပြုမိခဲ့ပါချေ။

ရုပ်ဆိုးမ၏မြင်းသည် ရှေ့ရောက်သွားပြီး သူက နောက်မှာကျန်ရစ်ခဲ့၏။ ထို့ကြောင့် ရုပ်ဆိုးမသည် မြင်းအရှိန် လျှော့ချလိုက်ပြီး

"ရှင် ... ဘာဖြစ်နေတာလဲ၊ အနားယူချင်နေပြီလားရှင့်"

ဟု လှမ်းမေးလေ၏။ ရှောင်အင်း အဖြေမသေးမီ ...

"အား"

"အွန့်"

"အမယ်လေး"

နူးရှသော အော်ဟစ်သံများ ဝဲဘက်မလှမ်းမကမ်းမှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ မျက်လုံးပြူးသွားကြလေသည်။ ရုပ်ဆိုးမတို့သည် ချက်ချင်းပင် စိတ်ပြောင်းသွားဟန်ဖြင့် ...

"ကျွန်မတို့ သွားကြည့်ကြရအောင်"

ဟု ပြောလေသည်။ ရှောင်အင်း ပြန်မပြောနိုင်မီ သူမသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကာ တောအုပ်ထဲ ပြေးထွက်သွားလေ၏။

ရှောင်အင်း မနေနိုင်တော့ပါ။ မြင်းပေါ်မှ ကပျာကယာ ခုန်ဆင်းကာ ရုပ်ဆိုးမနောက်သို့ လိုက်သွားရလေ၏။

သူတို့နှစ်ယောက်သည် သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ကာ ပြေးလွှားသွားကြရာ မကြာပါချေ ... မြေနီလမ်းကလေးတစ်ခု

ရောက်ရှိသွားကြလေသည်။ မြေနီလမ်းကလေး၌ တိုက်ပွဲဖြစ်ပွားနေသည်ကို တွေ့မြင်ရလေ၏။

လူတစ်စုသည် အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက်အား ဝန်းရံတိုက်ခိုက်နေကြလေ၏။ အဖြူရောင်ဝတ်ဆင်ထားသူမှာ အသက်လေးဆယ်ခန့် ရှိပေသည်။

တစ်ယောက်နှင့်အများ ရင်ဆိုင်ရသည်တိုင် အညှော်မခံဘဲ မာန်အပြည့်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်နေပါ၏။

ထိုလူ၏လက်ချက်ဖြင့် ဝိုင်းရံတိုက်ခိုက်နေကြသူများမှာ စူးရှစွာ အော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားလေ၏။

အဖြူရောင်ဝတ်ဆင်ထားသူမှာလည်း သက်သာလှသည်မဟုတ်ပါ။ ဝန်းရံတိုက်ခိုက်သူများ၏ လက်ချက်ကြောင့် ဒဏ်ရာများရရှိထားလေ၏။

ရုပ်ဆိုးမသည် တိုက်ပွဲကိုမြင်လျှင် ရှောင်အင်းဘက်သို့လှည့်ကာ ...

"ရှင် အေးအေးဆေးဆေး စောင့်ကြည့်နေပါ။ ကျွန်မ ဟိုလူကို ဝင်ကူလိုက်ဦးမယ်"

ပြောပြီး တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားလေ၏။

ရှောင်အင်း မနေနိုင်ပါချေ။



"ကျုပ်လည်း လိုက်မယ်"

နောက်မှ ပြေးလိုက်သွားကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်ပေသည်။ ရုပ်ဆိုးမသည် အဖြူရောင်ဝတ်ဆင်ထားသူဘက်မှ ကူညီ တိုက်ခိုက်ပေးလိုက်သည်။

သူမ ရောက်လာသဖြင့် ဝန်းရံတိုက်ခိုက်သူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

'ဝုန်း'

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အသံများ တခဲနက် ထွက်ပေါ်လာလေသည်။ ဝန်းရံတိုက်ခိုက်နေသူများ ဖရိုဖရဲဖြစ်သွားကြသည်။

အခြေအနေမဟန်မှန်း သိလျှင် ...

"ပြေးကြ ... ပြေးကြ"

တစ်ယောက်က အော်ပြောလိုက်သည်နှင့် ကျန်လူများသည် ဆက်၍မတိုက်ဝံ့ကြတော့ဘဲ ထွက်ပြေးကြလေတော့သည်။

ရှောင်အင်းသည် သူ့ဘက် ထွက်ပြေးလာသူတစ်ယောက်အား ဆီးကြို၍တိုက်ခိုက်လိုက်၏။

ထိုလူမှာလည်း ပြေးလမ်းပိတ်နေသည်ဖြစ်၍ ရှောင်အင်းအား ပြန်လည်တိုက်ခိုက်လိုက်လေ၏။

သူတို့နှစ်ယောက်က ထိပ်တိုက်ရင်ဆိုင်လိုက်မိသည်နှင့်...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ရှောင်အင်း မဟန်နိုင်တော့ဘဲ မြေပေါ်ပက်လက်လန်လဲကျသွားသည်။ သူ့အား တိုက်မိုက်သူမှာ ပြေးလမ်းပွင့်သွားပြီဖြစ်ရာ ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ထွက်ပြေးသွားသဖြင့် ရှောင်အင်း သက်သာသွားလေတော့သည်။ ရှောင်အင်း လူးလိုမ့်ထလိုက်၏။

နှုတ်ခမ်းထောင့်၌ စီးကျလာသည့် သွေးများကို သုတ်ပစ်ရင်း ကိုယ့်ကိုယ်ကို တအံ့တဩဖြစ်နေပါသည်။

"ငါဟာ ထိပ်တန်းသိုင်းပညာ သင်ယူတတ်မြောက်ခဲ့တာပဲ၊ ဘယ်လိုလုပ်ပြီး သိုင်းပညာအဆင့်နိမ့်တဲ့လူကိုတောင် ရင်မဆိုင်နိုင်ဘဲ ဖြစ်နေရတာလဲ၊ ငါ့ရဲ့ သိုင်းပညာများ ဆုံးရှုံးသွားလို့လား"

တွေးရင်း ထိန်လန့်တုန်လှုပ်ကာ မျက်နှာပျက်သွားရပါတော့သည်။ ထိုအချိန်တွင် ရုပ်ဆိုးမ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဦး သက်သာရဲ့လားရှင်"

ရှောင်အင်း လှည့်ကြည့်လိုက်သောအခါ အဖြူရောင်ဝတ်ဆင်ထားသူမှာ မြေပေါ်ထိုင်ချလိုက်သည်ကို တွေ့မြင်ရ၏။

ထိုလူ၏အဝတ်အစားများ စုတ်ပြဲကာ ဒဏ်ရာများမှ စီးကျ



လာသည့် သွေးများ ပေကျံနေ၏။ ရုပ်ဆိုးမက ကူညီခြင်းမပြုလျှင် ထိုလူ အသက်ဆုံးရှုံးသွားနိုင်ပေတော့သည်။

ထိုလူသည် မျက်လုံးစုံမှိတ်ကာ အတွင်းအားထုတ်ဖော်ကာ ဝေဒနာများကို ကုစားလိုက်၏။ ရုပ်ဆိုးမက ရှောင်အင်းဘက်လှည့်ကာ ...

"ရှင် အေးအေးဆေးဆေး ဘေးဖယ်နေပါလို့ ကျွန်မ ပြောထားလျက်နဲ့ ဝင်ပါချင်တာကိုး၊ ဘယ့်နှယ်နေသေးသလဲ"

ကရုဏာဒေါသော ပြောဆိုလာသည်။ ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ် ဘာမှမဖြစ်တော့ပါဘူး"

သူသည် ရုပ်ဆိုးမထက် အဖြူရောင်ဝတ်ဆင်ထားသူအား စိတ်ဝင်စားပါ၏။ ထိုလူအား သူ ကောင်းစွာသိရှိထားပေသည်။

ထိုလူမှာ သူ၏သိုင်းပညာကို စမ်းသပ်စစ်ဆေးခဲ့သည့် ဂူတန်းစားသုံးဖော်၌ တစ်ယောက်အပါအဝင်ဖြစ်သည့် ကွမ်းကြို့လီဆိုသူဖြစ်ပေသည်။

ရှောင်အင်းသည် ကွမ်းကြို့လီအနီးသို့ ချဉ်းကပ်သွားမိ၏။

သူ့အား မှတ်မိသွားမည်ကိုပင် မေ့လျော့ကာ ကွမ်းကြို့လီအတွက် စိုးရိမ်ပူပန်နေပေတော့သည်။

တစ်ခဏအကြာတွင် ကွမ်းကြို့လီ မျက်လုံးဖွင့်လာသည်။

တင်ပျဉ်ခွေထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

ဝေဒနာများ အနည်းငယ်သက်သာသွားပုံရှိလေသည်။

ကွမ်းကြိုလီက ရပ်ဆိုးမအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"မိန်းကလေးရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့နိုင်တော့မှာ မဟုတ်ပါဘူးဗျာ"

ဟု ပြောလေသည်။ ရပ်ဆိုးမ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မက မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်လို့ ဦးကို ဝင်ပြီး ကူညီတာပါ"

ဟုပြောလိုက်၏။ကွမ်းကြိုလီက ရှောင်အင်းဘက်လှည့်ကာ

"မိတ်ဆွေလေးကိုလည်း ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။ ရှောင်အင်းက ...

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ဦး သက်သာသွားပြီလား"

"ဟုတ်ပါတယ်၊ မိတ်ဆွေလေးတို့ကျေးဇူးကြောင့် ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး"

ကွမ်းကြိုလီသည် သူနှင့်မျက်နှာချင်းဆိုင်ကာ ပြောသော်လည်း မှတ်မိပုံမရချေ။ ရှောင်အင်း အံ့သြလာသဖြင့် ...

"ဦးဟာ ဂူတန်းဓားသုံးဖော်မှာပါဝင်တဲ့ သိုင်းသမားကြီး ကွမ်းကြိုလီ မဟုတ်လားဗျာ"



ဟု မေးလိုက်လေသည်။ ထိုလူ အံ့အားသင့်သွားဟန်ရှိလေသည်။ ရှောင်အင်းအား မျက်မှောင်ကြုတ်၍ကြည့်ကာ ...

"ဟုတ်ပါတယ်၊ မင်းက ကျုပ်ကို သိနေတယ် ဟုတ်လား"

"ဦး ... ဦးဟာ"

ရှောင်အင်း စိတ်လှုပ်ရှားလာသည်။

"မင်းက ဘယ်သူလဲကွဲ့"

"ဦး ... ဦး ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူးလားဗျာ"

ကွမ်းကြိုလီ သက်ပြင်းချလိုက်သည်။

"စိတ်မရှိပါနဲ့ကွာ၊ မင်း ဘယ်သူလဲ၊ ကျုပ်က မင်းကို မသိပါဘူး"

"ဒါ ... ဒါ တကယ်ပဲလား"

ရှောင်အင်း မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ဝမ်းနည်းကြေကွဲမှုများလည်း ဖြစ်ပေါ်လာသည်။

ကွမ်းကြိုလီသည် သူ့အား သိပါလျက် မမှတ်မိချင်ဟန်ဆောင်နေသည် မဟုတ်ပါ။ အမှန်တကယ်ပင် မမှတ်မိခြင်းဖြစ်ကြောင်း နားလည်မိ၏။

ကွမ်းကြိုလီသည် သူ့အား သိုင်းပညာစမ်းသပ်သည်အထိ ရင်းရင်းနှီးနှီးရှိခဲ့သူဖြစ်သည်။ နေလဝတ်ဂါသို့ အဝင်အထွက်များခဲ့သူလည်း ဖြစ်သည်။

ယခု ကွမ်းကြုံလီက သူ့အား မမှတ်မိဘဲဖြစ်နေရသည်မှာ ...ရှောင်အင်းမှာ နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်မိလိုက်လေသည်။ ကွမ်းကြုံလီက ရုပ်ဆိုးမဘက်လှည့်ကာ ...

"မိန်းကလေးတို့ ဘယ်ကိုသွားကြမလို့လဲ၊ အရေးကြီးတဲ့ကိစ္စမရှိဘူးဆိုရင် ကျုပ်နဲ့ လိုက်ခဲ့ကြပါလား"

ဟု ပြောလေသည်။

ရုပ်ဆိုးမက ...

"ဦးက ဘယ်ကိုသွားမလို့လဲရှင့်"

"ဝမ်းထိန်မြို့ကိုသွားမလို့ပါ၊ အဲဒီမှာ သိုင်းလောက ကြယ်ခြသေ့်ထန်မင်းနဲ့ နေလခြံဝင်းကလူတွေဟာ စာရင်းရှင်းကြလိမ့်မယ်၊ အဲဒီကနေ နောက်ဆက်တွဲ တိုက်ပွဲတွေဖြစ်ပေးလာနိုင်တာမို့ ကျုပ်တို့သွားဖို့ အရေးကြီးတယ်၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေ မဖြစ်အောင် တားဆီးရမှာပဲ"

ရုပ်ဆိုးမ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မြစ်ဝါမြစ်သို့ သွားရမည့်ကိစ္စကိုပင် မေ့လျော့သွားလေသည်။

"ဟာ ... ကျွန်မတို့ လိုက်မှာပေါ့"

ဟု အလောတကြီး ပြောလိုက်လေသည်။

ရှောင်အင်းကလည်း ...



"ကျုပ်လည်း လိုက်မယ်"

ဟု ပြောလိုက်လေသည်။ ကွမ်းကြုံလီက ...

"ကဲ ... ကျုပ်တို့ သွားကြရအောင်"

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် သူတို့၏မြင်းများကို သွားယူကြပြီးနောက် ကွမ်းကြုံလီနှင့် လိုက်ပါသွားကြလေတော့သည်။

❋ ❋ ❋

## မြေးအဘိုး

ဝမ်းထိန်မြို့။

ဝမ်းထိန်မြို့သည် စည်ကားသိုက်မြိုက်သည့် မြို့တစ်မြို့ဖြစ်ပေသည်။ ရှောင်အင်း၊ ရုပ်ဆိုးမနှင့် ကွမ်းကြိုလီတို့သည် နေဝင်ဆည်းဆာအချိန်တွင် မြို့ထဲသို့ ရောက်ရှိလာကြလေ၏။

ကွမ်းကြိုလီကပင် ဦးဆောင်ကာ စားသောက်ဆိုင်တစ်ဆိုင်သို့ ဦးတည်သွားခဲ့ကြသည်။ စားသောက်ဆိုင်၏အမည်မှာ ကြယ်ဖြူဟူ၍ ဖြစ်ပေသည်။

ကွမ်းကြိုလီ၊ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့ ဆိုင်ထဲရောက်ရှိသွားသောအခါ စားသောက်သူများဖြင့် စည်စည်ကားကား ဖြစ်နေသည်ကို တွေ့ရ၏။

ရှောင်အင်းနှင့် ရုပ်ဆိုးမတို့အားတွေ့လျှင် စားသောက်နေသူများသည် ဝိုင်းအုံကြည့်ရှုလာကြလေသည်။ ကွမ်းကြိုလီက ဆိုင်လုလင်များအား နေရာထိုင်ခင်း ပြင်ဆင်နိုင်းပြီး စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။



ကံကောင်းထောက်မစွာပင် ပြတင်းပေါက်နှင့် ကပ်လျက်ရှိသည့် စားပွဲတစ်လုံး၌ နေရာရရှိခဲ့ကြသည်။ သုံးယောက်သားဝိုင်းဖွဲ့ထိုင်မိကြလျှင် ရုပ်ဆိုးမက ...

"ဦးပြောတော့ နေလခြံဝင်းက လူတွေနဲ့ ခြသော့်ကြီးထန်မင်းတို့ ရင်ဆိုင်ကြမယ်ဆို"

ဟု မေးလိုက်လေသည်။ ကွမ်းကြိုလီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်မတို့ ဒီကိုလာခဲ့တာက"

ကွမ်းကြိုလီ ပြုံးလိုက်သည်။

"သူတို့က ဒီမှာ တွေ့ဆုံကြမယ်လို့ ချိန်းဆိုထားကြလို့ပါ"

ရုပ်ဆိုးမ ပါးစပ်ပိတ်သွားလေသည်။ ဆိုင်ထဲ၌ စားသောက်နေသူများအား ယခုမှ သတိပြုကြည့်မိလေသည်။

စားသောက်နေသူတိုင်းသည် သိုင်းပညာတတ်မြောက်ထားကြသည့် အသွင်များ ရှိနေသည်ကို တွေ့မြင်လိုက်ရလေးတော့သည်။ ရှောင်အင်းမှာ နေလခြံဝင်းမှ လူများ ရောက်လာမည်ဖြစ်ကြောင်း သိရလျှင် စိတ်လှုပ်ရှားလာလေသည်။

ကွမ်းကြိုလီသည် သူ့အား မမှတ်မိပါ။ နေလခြံဝင်းမှ လူများကလည်း သူ့အား မှတ်မိကြပါမည်လော။ ထိုအချိန်တွင် လူတစ်ယောက်သည် သူတို့ထံသို့ ဦးတည်ကာ လှမ်းလာနေသည်ကို

တွေ့မြင်လိုက်ရလေသည်။ ထိုလူကိုမြင်လျှင် ရှောင်အင်း ဝမ်းသာသွားလေသည်။

"ဦးလေး ကွမ်းကြုံစု"

ဟု လွှတ်ခနဲ ခေါ်လိုက်သည်။ ကွမ်းကြုံလီက သူ့အား လှည့်ကြည့်လာလေသည်။

"မင်းက သူ့ကိုသိလို့လား"

ဟု မေး၏။ ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူဟာ ဂူတန်းဓားသုံးဖော်က အကြီးဆုံး ကွမ်းကြုံစုဖြစ်ပါတယ် ခင်ဗျာ"

ကွမ်းကြုံလီမှာ ရှောင်အင်းကိုကြည့်ကာ တအံ့တသြ ဖြစ်နေပေတော့သည်။ ဂူတန်းဓားသုံးဖော်ဟု တင်စားခြင်း ခံရသူများမှာ ကွမ်းကြုံစု၊ ကွမ်းကြုံလီ၊ ကွမ်းကြုံချစ်တို့ သုံးယောက်ဖြစ်ကြပေသည်။ သူတို့သည် ဂူတန်းတောင်၌ ဓားပညာသင်ကြားခဲ့ကြပြီး သိုင်းလောက၌ မကောင်းသူပယ် ကောင်းသူကယ်နေကြသူများ ဖြစ်ပေသည်။ ကွမ်းကြုံစုသည် အနီးသို့ရောက်ရှိလာသည်နှင့် ...

"ညီလတ် ... မင်း ဒဏ်ရာတွေ ရလာပါလား၊ လမ်းမှာ ပြဿနာတစ်ခုခု ကြုံလာပြီထင်တယ်"

"ဟုတ်တယ် အစ်ကိုကြီး၊ လူတစ်စုက ကျုပ်ကို ဝိုင်းတိုက်ကြတာ၊ ကံကောင်းလို့ ဒုက္ခမရောက်တာ၊ သူတို့သာ ဝင်မကယ်ရင်



မလွယ်ဘူး၊ သူတို့ကို ကျေးဇူးတင်ရမှာပဲ"

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့အား ညွှန်ပြကာ ပြောလေသည်။ ကွမ်းကြုံစုသည် ရှောင်အင်းတို့အား အကဲခတ်ကြည့်လိုက်၏။

"သူတို့က ဘယ်သူတွေလဲ"

ရှောင်အင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ပေါ်လာသည်။ ကွမ်းကြုံစုသည်လည်း သူ့အား မမှတ်မိကြောင်း ထင်ရှားပေါ်လွင်နေပြီ မဟုတ်ပါလား။

"ဟုတ်သားပဲ၊ အစ်ကိုကြီးမေးမှ ကျုပ်လည်း သတိရတယ်၊ သူတို့နာမည်ကိုတောင် မမေးရသေးဘူးဗျ"

ပြောပြောဆိုဆို ရုပ်ဆိုးမနှင့်ရှောင်အင်းတို့ဘက် လှည့်ကာ

"ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတော့ မင်းတို့သိပြီးကြပြီ၊ မင်းတို့နာမည် ဘယ်လိုခေါ်သလဲဆိုတာ ပြောပြပါဦး"

ရုပ်ဆိုးမ ရယ်မောလိုက်သည်။

"ကျွန်မကို ရုပ်ဆိုးမလို့ မှတ်ထားရင် လုံလောက်ပါပြီရှင်"

"ရုပ်ဆိုးမ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ကွမ်းကြုံစုက ...ရှောင်အင်းဘက်လှည့်ကာ ...

"မင်းကကော ရုပ်ဆိုးထီးလား"

ဟု ရယ်မောရင်း မေးလိုက်လေသည်။

ရှောင်အင်း မကျေမနပ်ဖြစ်သွားသည်။ ကွမ်းကြိုစုသည် သူ့အား မှတ်မိပါလျက် တမင် မမှတ်မိချင်ဟန်ဆောင်နေသည်ဟု ထင်မှတ်မိလေသည်။ ထို့ကြောင့်

"ကျွန်တော့်နာမည် ရှောင်အင်းလို့ ခေါ်ပါတယ်"

"ဟင်"

ကွမ်းကြိုစု ရယ်မောရာမှ ရပ်တန့်သွားသည်။

"မင်းက ရှောင်အင်း ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ကွမ်းကြိုစုနှင့် ကွမ်းကြိုလီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကွမ်းကြိုလီက ...

"နေလခြံဝင်းက သခင်လေး ရှောင်အင်း ပျောက်ချင်မလှ ပျောက်နေတယ်ဆိုတဲ့သတင်း ကြားမိသလား"

ကွမ်းကြိုစု ခေါင်းညိတ်လိုက်သည်။

"ကြားတယ်၊ ဆရာကြီး ရှောင်ဖွေးတောင် သိုင်းလောကမှာ ရှာဖွေပေးဖို့ အကူအညီတောင်းထားသေးတယ်"

သူတို့သည် တစ်ကွဲတစ်ပြားစီ သိုင်းလောက၌ လှုပ်ရှားသွားလာနေကြသူများ ဖြစ်သည်။ သို့သော် အကြောင်းကိစ္စ တစ်ခုခု ပေါ်ပေါက်လာလျှင်ကား သုံးယောက်သား ပြန်လည်ဆုံတွေ့မိကြစမြဲပင်။ ကွမ်းကြိုစု ရှောင်အင်းကို ကြည့်လိုက်ပြီး ...



"မင်း နေလခြံဝင်းက သခင်လေးရှောင်အင်း ဖြစ်လိုက်ရင် သိပ်ကို ကောင်းမှာပဲ"

ရှောင်အင်း ပြုံးလိုက်သည်။

"ကျွန်တော်ဟာ ဘိုးဘိုးရှောင်ဖွေးရဲ့မြေး ရှောင်အင်းပါပဲ ခင်ဗျာ"

"ဘာ"

ကွမ်းကြိုစု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ရှောင်အင်းက ...

"ကျွန်တော်ဟာ နေလခြံဝင်းက သခင်လေး ရှောင်အင်းပါ"

"ဟာ ... အရေးထဲ မင်းက ရယ်စရာပြောနေပြန်ပါပြီ၊ မင်း ရုပ် မင်းရည်နဲ့ တခြားလူတစ်ယောက်လို့ပြောရင် ယုံစရာရှိဦးမယ်။ နေလခြံဝင်းက သခင်လေး ရှောင်အင်းနဲ့မှ နှိုင်းပြီးပြောတာ ရယ်စရာ ဖြစ်နေမှာပေါ့ကွာ"

ကွမ်းကြိုစုနှင့် ကွမ်းကြိုလီတို့နှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

"ဟား ဟား ဟား"

သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ အခြားလူများ လှည့်ကြည့်လာကြသည်။ ရှောင်အင်း ရှက်ကိုး ရှက်ကန်းဖြစ်သွားသည်။

သူ၏စကားကို ယခုကဲ့သို့ ပြက်ရယ်ပြုမည်ဟု မထင်မိပါ။ ထို့ကြောင့် တဖြည်းဖြည်း ဒေါသဖွက်လာပြီးလျှင် ...

"ခင်ဗျားတို့ မယုံရင် ဘာမှဆက်ပြောနေစရာ မလိုတော့ဘူးပေါ့၊ ကျုပ် သွားတော့မယ်"

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်အပြင်ဘက် ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

"အစ်ကို ... အစ်ကို"

ရုပ်ဆိုးမသည် ရှောင်အင်း စိတ်ဆိုးသွားမှန်းသိ၍ တကြော်ကြော်ခေါ်ကာ နောက်မှ လိုက်သွား၏။

ဆိုင်အပြင်ဘက် ခပ်လှမ်းလှမ်းသို့ရောက်မှ ရှောင်အင်းအား မီသွားလေသည်။

"အစ်ကို ... ဘာကြောင့် စိတ်ဆိုးရတာလဲ၊ အစ်ကိုက ကိုယ့်ကိုယ်ကိုယ် သခင်လေးရှောင်အင်းလို့ သွားပြောတာကိုး"

"ဘာ ကျုပ်က လိမ်ပြောနေတယ်လို့ မင်း ထင်နေသလား"

"အစ်ကိုဟာ သခင်လေး ရှောင်အင်းမှ မဟုတ်တာ"

"တောက်"

ရှောင်အင်း ဒေါသတကြီး တောက်ခေါက်လိုက်လေသည်။

"ကျုပ်က ဘာကြောင့် ရှောင်အင်း မဟုတ်ရမှာလဲ"

အော်ငေါက်ရင်း ရုပ်ဆိုးမဘက် ချာခနဲ လှည့်လိုက်၏။



ထိုအချိန်တွင် သူတို့နှစ်ယောက်သည် အိမ်ကလေးတစ်လုံးအနီး ရောက်ရှိနေကြ၏။

အိမ်ကလေး မှန်ပြတင်းတံခါး ဖွင့်ထားပြီး ပြတင်းပေါက်မှန်ချပ်၌ လမ်းပေါ်တွင် ရပ်နေသည့် သူတို့နှစ်ယောက်၏ပုံရိပ်များ ထင်ဟပ်နေပါ၏။

ရုပ်ဆိုးမအား ကျောပေးထားသည့် အနေအထားဖြင့် တွေ့ရပြီး သူ၏မျက်နှာကို ကောင်းစွာ ပြန်လည်တွေ့မြင်လိုက်ရ၏။ ရှောင်အင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဒါ ... ဒါ ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဟုလည်း လွှတ်ခနဲ အော်လိုက်မိသည်။ သူ၏မျက်နှာသည် ရုပ်ဆိုးမကဲ့သို့ ကြောက်မက်ဖွယ် ကောင်းသည့် ရုပ်သင်ဖြစ်နေသည် မဟုတ်ပါလား။

ရှောင်အင်းသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကိုင်တွယ်မိသည်။

"ငါ ... ငါ"

ရုပ်ဆိုးမက သူ့ဘက်သို့ လှည့်လာကာ ပြောသည်။ သူတို့နှစ်ယောက်၏မျက်နှာများမှာ မှန်ရိပ်ထဲ၌ ထင်ဟပ်လာသည်။

အလွန်ကြောက်စရာကောင်းသည့် မျက်နှာနှစ်ခု ဖြစ်နေ၏။

"အား"

ရှောင်အင်း ရူးရူးရှာ အော်ဟစ်လိုက်သည်။ ထို့နောက် ရှုံးသွပ်သွားသူတစ်ယောက်ပမာ ချာခနဲလှည့်ကာ ပြေးထွက်သွား၏။

"အစ်ကို ... အစ်ကို"

ရုပ်ဆိုးမက တကြော်ကြော် အော်ဟစ်ခေါ်ကာ နောက်မှ လိုက်သွားလေတော့သည်။

❁ ❁ ❁



## သိုင်းလောက အရှုပ်အထွေး

စားသောက်ဆိုင်ထဲ၌ စည်စည်ကားကား ရှိနေသည်။

ကွမ်းကြိုလီနှင့်ကွမ်းကြိုစုတို့သည် ရှောင်အင်းနှင့်ရုပ်ဆိုးမ တို့ထွက်သွားကြသောအခါ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ကွမ်းကြိုလီက ...

"ကျုပ် မှားသွားပြီဗျ၊ သူတို့နှစ်ယောက် ကြောက်စရာကောင်းအောင် ရုပ်ဆိုးကြပေမယ့် စိတ်ထား မွန်မြတ်ကြပါတယ်ဗျာ"

ဟု နောင်တရသည့် လေသံဖြင့် ပြောလေသည်။

ကွမ်းကြိုစုက ...

"သူတို့ထွက်သွားတာပဲ ကောင်းပါတယ်ဗျာ"

"ဘာဖြစ်လို့လဲဗျ"

"မကြာခင် ဒီနေရာမှာ တိုက်ပွဲတွေ ဖြစ်လာနိုင်တယ်လေ"

ကွမ်းကြိုလီ ပါးစပ်ပိတ်ထားလိုက်လေသည်။ ကွမ်းကြိုစုက

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်က အဖြစ်အပျက်တွေ ပြန်ပြီး အသက်ဝင်လာတာ ဝမ်းနည်းစရာကောင်းတယ်လို့ ပြောရ

မလား၊ ဝမ်းသာစရာကောင်းတယ်လို့ ပြောရမလား၊ ဘယ်လိုပြောရမလဲဆိုတာတောင် မသိတော့ပါဘူးဗျာ"

ဟု ညည်းညူလိုက်လေသည်။ သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ဝမ်းသာစရာလည်း ကောင်းတယ်၊ ဝမ်းနည်းစရာလည်း ကောင်းတယ်ဗျ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်။ လူတစ်ယောက် သူတို့ထံ လှမ်းဝင်လာနေသည်ကို တွေ့ရလေသည်။

ထိုလူကို မြင်လျှင် ကွမ်းကြီးလီနှင့် ကွမ်းကြီးစုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ညီလေး ကွမ်းကြီးချစ်"

ဟု ပြိုင်တူ ခေါ်လိုက်ကြ၏။ ဂုဏ်တန်းသုံးဖော် စုံစုံလင်လင် ဖြစ်သွားကြပြီဖြစ်သည်။ ကွမ်းကြီးချစ်သည် ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။ ကွမ်းကြီးစုက ...

"ညီလေးရဲ့ စကားကို ရှင်းစမ်းပါဦးကွ"

ဟု ပြောလိုက်၏။ ကွမ်းကြီးချစ်က တည်ကြည်သော မျက်နှာထားဖြင့် ...

"ဝမ်းသာစရာကောင်းတယ်ဆိုတာက ခုတစ်ကြိမ်မှာ ဟိုးအရင်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဝမ်းကွဲနေကြသူတွေ



ပြန်လည်စုံတွေ့ပြီး အဖြစ်မှန်ကို အဖြေဖော်ထုတ်နိုင်ခွင့်ရလာတယ်၊ ပြန်ပြီး သင့်သင့်မြတ်မြတ်ဖြစ်သွားနိုင်တယ်၊ ကဲ ... ဝမ်းနည်းစရာကောင်းတယ်ဆိုတာက ပြဿနာဖြေရှင်းကြတဲ့အခါမှာ တိုက်ပွဲတွေ ဖြစ်လာနိုင်တယ်၊ သွေးထွက်သံယိုမှုတွေ ရှိလာနိုင်လို့ပဲ"

ဟု ရှင်းပြလေသည်။

ကွမ်းကြီးလီနှင့် ကွမ်းကြီးစုတို့ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်ကြလေသည်။ ကွမ်းကြီးချစ်က ...

"အမှန်အတိုင်းဆိုရင် ထိုက်စန်းတောင် တိုက်ပွဲဟာ ဘယ်နည်းနဲ့မှ မဖြစ်ပွားသင့်ခဲ့ဘူး၊ နှစ်ဖက်စလုံး မှားခဲ့ကြတာပဲ၊ ပဉ္စလက်အဘိုးအိုနဲ့ ပညာရှိအဘိုးအိုတို့သာ ကြားမဝင်ရင် လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကတည်းက သိုင်းလောက ပျက်စီးသွားမှာ သေချာတယ်"

ဟု ပြောလေသည်။ ကွမ်းကြီးစုနှင့် ကွမ်းကြီးလီတို့သည် သဘောတူသည့်အလား ခေါင်းညိတ်လိုက်ကြပြန်လေသည်။

ထိုစဉ်မှာပင် ...

"နှစ်ဘက်စလုံးမှာ မှားတယ်လို့ ခင်ဗျားက ဘယ်လိုသဘောနဲ့ ပြောတာလဲဗျ"

စကားသံ ထွက်ပေါ်လာသည်။ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်ရပေသည်။ ထိုလူက ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာ ဗလကြီးပါ၊ လွန်ခဲ့တဲ့နှစ်

ပေါင်း နှစ်ဆယ်ကနေ ခုထိ ဘာမှမပြောင်းလဲသေးတဲ့ ဗလကြီးပါ"

ဟု ပြောလေသည်။ သူ၏စကားသည် သူ၏သဘောထားကို ဖော်ပြရာရောက်ပေတော့သည်။ ကွမ်းကြိုချစ်က ...

"နှစ်ဖက်စလုံး မှားတယ်ဆိုတာ ကျုပ်ထက်အရင် ပညာရှိအဘိုးအိုနဲ့ ပဋ္ဌလက်အဘိုးအိုတို့ ပြောခဲ့ပြီးပြီပဲဗျာ"

ဟု ပြောလိုက်လေသည်။ ဗလကြီး ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူပဲ ပြောပြော၊ ဒီစကားမျိုး ကျုပ် လက်မခံနိုင်ဘူး၊ ထိုက်စန်းတောင်ကိစ္စမှာ သူရဲကောင်းကျန်ရှူဘက်က မှန်တယ်"

သူ၏စကားသည် ဂူတန်းသုံးဖော်အား စိန်ခေါ်သည့်သဘော ဖြစ်နေပေတော့သည်။ ဂူတန်းသုံးဖော်သည် နေလခြံဝင်းမှ မိတ်ဆွေများ ဖြစ်ကြပြီး နေလခြံဝင်းဘက်မှ ထာဝစဉ် ရပ်တည်ခဲ့ကြသူများ မဟုတ်ပါလား။ ကွမ်းကြိုချစ် ဆတ်ခနဲ ထရပ်လိုက်သည်။

"သူရဲကောင်း ရှောင်စုဘက်က မှန်တယ်ဗျာ"

"သူရဲကောင်း ကျန်ရှူက မှန်တာ"

"သူရဲကောင်း ရှောင်စုဘက်က မှန်တယ်ဗျာ"

"သူရဲကောင်း ကျန်ရှူက မှန်တာ"

"သူရဲကောင်း ရှောင်စုဘက်က မှန်တယ်ဗျာ"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အချေအ



တင် ဖြစ်လာကြလေတော့သည်။ ထိုစဉ် ...

"ဗလကြီး ဘာတွေဖြစ်နေကြတာလဲကွ"

စကားသံ ထွက်ပေါ်လာသည်။ ဆိုင်ထဲသို့ လူနှစ်ယောက် လှမ်းဝင်လာကြသည်ကို တွေ့မြင်ရလေသည်။

ကွမ်းကြိုလီနှင့် ကွမ်းကြိုစုတို့ ထိုင်ရာမှ ထရပ်လိုက်ကြသည်။ သူတို့သည် ကွမ်းကြိုချစ်နှင့်အတူ လက်ရည်တပြင်စီ ရှိရလိမ့်မည် မဟုတ်ပါလား။

ဆိုင်ထဲဝင်လာသူနှစ်ယောက်မှာ အမျိုးသမီးကြီးတစ်ယောက်နှင့်မီးခိုးရောင် ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်ပေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက ...

"ဗလကြီး မင်းက လေကုန်ခံပြီး ငြင်းခုန်နေသေးသလားကွ"

ဟု လှမ်းပြောသည်။ ဗလကြီးက ...

"ဟား ဟား ... တံငါသည်က ဒီလိုကျတော့ ဘယ်ဆိုးလို့လဲ ပြောတတ်ဆိုတတ်သားပဲ"

ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

မီးခိုးရောင်ဝတ်ထားသည့် တံငါသည်ဆိုသူက ...

"ဟုတ်တယ်ဗျ၊ မတရားပြောတတ်တဲ့ဘက်ကပါတဲ့ လူတွေကို ရှင်းပြနေလို့ အကြောင်းထူးမှာ မဟုတ်ဘူး၊ ကျောင်းမှန်းကန်မှန်း

သိအောင် ဆုံးမလိုက်တာပဲ အေးတယ်"

ဟု ပြောလေသည်။ အမျိုးသမီးကြီး လက်ကာပြလိုက်သည်။

"စုဝမ်ချင်း အချိန်စောပါသေးတယ်"

ဟု ဟန့်တားလိုက်၏။ သူ၏စကားသံကြောင့် တံငါသည်က

"အစ်မကြီးကူး ကျုပ်က ..."

"ကျွန်မစကားကို ရှင်တို့ အလေးမထားကြတော့ဘူးလား"

တံငါသည် စုဝမ်ချင်း သက်ပြင်းချလိုက်သည်။ ဂူတန်းသုံးဖော်အား မကျေမနပ် လှမ်းကြည့်လိုက်သော်လည်း ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေ၏။ ဗလကြီးက ...

"အစ်မကြီးကူး သူတို့ဟာ"

"ဝမ်းခုံ တော်ပါတော့ရှင်"

ဝမ်းခုံဆိုသည့် ဗလကြီး ငြိမ်ကျသွား၏။

အစ်မကြီးကူးဆိုသည့် အမျိုးသမီးကြီးက စားပွဲတစ်လုံးဆီသို့ လှမ်းသွားပြီး ထိုင်ချလိုက်၏။

ဗလကြီးဝမ်းခုံနှင့် တံငါသည် စုဝမ်ချင်းတို့လည်း လိုက်သွားပြီး ထိုင်ချလိုက်လေ၏။ ကွမ်းကြို့ချစ်က ...

"ထင်းကူး ... ဒီတစ်ခါတော့ အဖြေပေါ်တဲ့အထိ ဖြေရှင်းဖို့ ခင်ဗျားမှာ တာဝန်ရှိတယ်"



ဟု လှမ်းပြောလိုက်၏။ အမျိုးသမီးကြီးသည် ကွမ်းကြို့ချစ်အား လှည့်ကြည့်လိုက်ပြီး ...

"ဒီစကားကို ကျွန်မ ပြောရမှာပါရှင်၊ နေလခြံဝင်းကလူတွေ အမှန်ကို ဝန်မခံမချင်း ကျွန်မ ကျေနပ်မှာ မဟုတ်ပါဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။ ကွမ်းကြို့ချစ်မှာ ဘာမျှ မပြောနိုင်တော့ဘဲ ပြန်လည်ထိုင်ချလိုက်၏။

"နေလခြံဝင်းက ဝန်ခံရမှာလား၊ မင်းတို့က ဝန်ခံရမှာလား"

စကားသံ ထွက်ပေါ်လာ၏။ ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာ၏။ ထိုလူမှာ နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးဖြစ်လေသည်။ ရှောင်ဖွေးရောက်ရှိလာသည်ကို တွေ့မြင်ရလျှင် ဆိုင်ထဲရှိ လူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးသည် လက်နှစ်ဖက်နောက်ပစ်ကာ ဆိုင်ထဲသို့ လှမ်းဝင်လာလေသည်။ ဆိုင်ထဲ၌ လူတစ်ရာနီးပါး ရောက်ရှိနေ၏။ ထက်ဝက်ခန့်မှာ နေလခြံဝင်း၏မိတ်ဆွေများ ဖြစ်ကြလေသည်။

ကျန်တစ်ဝက်ခန့်မှာလည်း ရှောင်ဖွေးရောက်ရှိလာသည်ကို မြင်လျှင် ထင်းကူးက ဆတ်ခနဲ ထရပ်လိုက်လေသည်။ သူမမျက်နှာ

ခက်ထန်းတင်းမာနေ၏။

ဗလကြီးနှင့်တံငါသည်တို့သည်လည်း ထရပ်လိုက်ကြလေသည်။ ဆိုင်ထဲ၌ရောက်ရှိနေသည့် သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ လူတိုင်းကိုယ်စီ ထရပ်လိုက်ကြလေ၏။

ရှောင်ဖွေးသည် မည်သူ့ကိုမျှ အရေးမစိုက်ပါချေ။ ရှေ့သို့လှမ်းလာပြီး ထင်းကူးနှင့်မျက်နှာချင်းဆိုင်လိုက်လေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေပုံမှာ မည်မျှစက်ဆုပ်မုန်းတီးနေကြကြောင်း ထင်ရှားပေါ်လွင်နေပေသည်။ ရှောင်ဖွေးက ...

"မင်းကိုဆက်ပြီး အကောက်ကြံခွင့် မပြုနိုင်တော့ဘူး"

ဟု ပြောလေသည်။ ထင်းကူးက ...

"ရှင်က အမြဲတမ်း သူတစ်ပါးအပေါ် မဟုတ်မတရား စွပ်စွဲနေတာပဲ၊ ရှင့်ကိုယ်ရှင်တော့ လူတော်လူကောင်းဆိုပြီး ဘဝင်မြင့်နေတာ လူတိုင်းသိနေကြတာပဲရှင့်"

ရှောင်ဖွေး၏မျက်နှာထား တင်းမာသွား၏။ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်လေသည်။ ထင်းကူးက တုတ်တုတ်မျှမလှုပ်ချေ။

ရှောင်ဖွေးက ...

"မင်းက ငါ့သားသေသွားအောင် လုပ်ခဲ့ပြီးပြီ၊ ခုတစ်ခါ ငါ့မြေးကို ဒုက္ခပေးဖို့ ကြံစည်နေပြန်ပြီပေါ့ ဟုတ်လား၊ မင်းကို ငါက



ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ မှတ်ထားပါ၊ ငါ့မြေးနဲ့အတူလိုက်သွားတဲ့ လီချူးရဲ့အလောင်းကို ငါတွေ့ပြီးပြီ၊ သူဟာ မင်းရဲ့လူ စုတ်ဖွားလက်ချက်နဲ့ သေရတယ်ဆိုတာ ငါသိတယ်၊ ငါ့မြေး ဘယ်မှာလဲ ပြောစမ်း"

ထင်းကူး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေ၏။

လီချူးမှာ ဆံပင်စုတ်ဖွားဝူးပိ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသည်မှာ အမှန်ပင် ဖြစ်လေ၏။

ရှောင်အင်းသည်လည်း သူ့ရဲ့ကောင်းကျန်ရှ၏အရိုးပြာအိုးထားသည့် အိမ်ကလေးရှေ့၌ သူမနှင့် ရင်ဆိုင်ခဲ့ရသေးသည် မဟုတ်ပါလား။

ရှောင်အင်းသည် သူမ၏လက်ချက်ဖြင့် သတိမေ့မြောသွားခဲ့ရပေသည်။ ထို့နောက်တွင်ကား ထင်းကူးက ...

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမလည်ပါလားရှင်"

ဟု ပြောလိုက်လေ၏။ ရှောင်ဖွေးက ...

"ထင်းကူး ... မင်း လိမ်မနေစမ်းပါနဲ့၊ ငါ့မြေး ဘယ်မှာလဲ ပြောစမ်း၊ သူဟာ တစ်ခုခုဖြစ်သွားရင် ငါက မင်းကို အမှုန့်ချေပစ်မယ်ဆိုတာ မှတ်ထား"

"ကျွန်မ မသိဘူး"

"မင်း ... မင်း"

အမှန်တော့ ထင်းကူးသည် ရှောင်အင်း ပျောက်ဆုံးနေသည့်သတင်း ကြားခဲ့ရ၏။ ရှောင်အင်းနှင့်ပတ်သက်ပြီး ရှောင်ဖွေးက တွေ့ဆုံလိုသည်ဆိုသော ဖိတ်ခေါ်ချက်ကြောင့် ယခုကဲ့သို့ ရောက်လာခြင်းဖြစ်သည်။

ရှောင်အင်း ပျောက်ဆုံးနေသည်မှာ သူမ၏လက်ချက်ဖြစ်သည်ဟု စွပ်စွဲလာနေပြီ မဟုတ်ပါလား။ ထင်းကူး မကျေမနပ်ဖြစ်လာသည်။

"ကျွန်မ ဘာမှမသိဘူး"

တမင် ဘူးခံလိုက်လေသည်။ ရှောင်ဖွေး ဒေါသထွက်သွားလေသည်။

"လီချူး သေသွားရတာတစ်ခုပဲ မင်းမှာ အပြစ်ရှိနေပြီ၊ ကဲ ... သေဖို့သာ ပြင်ထားပေတော့"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ...

"မိတ်ဆွေက ဒေါသကြီးတာကိုး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ထင်းကူးနှင့်ရှောင်ဖွေးတို့ လှည့်ကြည့်လိုက်၏။ ထိုအခါ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။



ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက် ဖြစ်ပေသည်။ ထိုအဘိုးအိုကိုမြင်လျှင် ထင်းကူး ဝမ်းသာသွားပြီး ...

"ဘဘစွန်းဂူး"

ဟု ခေါ်လိုက်၏။ ရှောင်ဖွေး မျက်နှာပျက်သွားသည်။

"ခင်ဗျားကိုး"

စွန်းဂူးဆိုသည့် အဘိုးအိုက ...

"ဟုတ်ပါတယ်ဗျာ ... ကျုပ်ပါ၊ ကျုပ်က ခင်ဗျားတို့ရဲ့ပြဿနာကို တာဝန်ယူဖြေရှင်းပေးမယ်ဆိုရင် နှစ်ဖက်စလုံး ကျေနပ်နိုင်ကြမယ် ထင်ပါတယ်"

ရှောင်ဖွေး မျက်မှောင်ကြုတ်သွားလေသည်။ စွန်းဂူး၏ အကြောင်းကို သူ ကောင်းစွာသိရှိထားပါ၏။ စွန်းဂူးသည် သိုင်းလောက၏ထိပ်သီးသိုင်းသမားများစာရင်း၌ ပါဝင်သူတစ်ယောက် မဟုတ်ပါလား။

စွန်းဂူးသည် ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်သည့်ဟုလည်း နာမည်ကြီးနေပေသည်။ စွန်းဂူးအား စိုက်ကြည့်ရင်း ...

"ကျုပ်မြေး ပျောက်နေတယ်ဗျ၊ ကျုပ်မြေးနဲ့အတူ လိုက်သွားတဲ့ ကျုပ်လူတစ်ယောက်ကတော့ ဆံပင်စုတ်ဖွားရဲ့လက်ချက်မိသွားတယ်"

ဟု ပြောလိုက်၏။ စွန်းဝူးသည် ရှောင်ဖွေးနှင့်ထင်းကူးတို့ ကမ္ဘာ့ရန်ဖြစ်ခဲ့ကြပုံများကို ကောင်းစွာသိရှိထားသူဖြစ်လေသည်။

ထို့ကြောင့် ရှောင်ဖွေး၏စကားကြားလျှင် ထင်းကူးအား ညွှန်ပြလိုက်ပြီး ...

"ခင်ဗျားရဲ့မြေးဟာ သူ့ရဲ့သားပဲ မဟုတ်လားဗျာ၊ သူက ရက်စက်နိုင်ပါ့မလား၊ စဉ်းစားပါဦး"

ဟု ပြောလိုက်လေသည်။ရှောင်ဖွေး မကျေမနပ်ဖြစ်သွားပြီး ...

"သူက ရက်စက်နိုင်လို့ လသားအရွယ် ထားပစ်ခဲ့တာကို မမေ့သင့်ဘူးဗျ၊ ကျုပ်မြေးဟာ ကျုပ်သားရဲ့သွေးဖြစ်လို့ သူက လူ့လောကမှာ မထားချင်ဘူးလို့ ပြောခဲ့သေးတာပဲ"

"ဟုတ်တယ် ... ဟုတ်တယ်၊ လူယုတ်မာရဲ့သွေးမျိုး ဆက်ထွန်းကားလာမှာကို ကျွန်မ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ထင်းကူး ကြားဝင်ပြောလိုက်သည်။

"ငါ့မြေးပျောက်တာ မင်းလက်ချက်ပဲ ဖြစ်ရမယ်"

သူတို့နှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများလာကြပြန်သည်။

စွန်းဝူးက ...



"ကဲ ... ကဲ ... တော်ကြပါတော့ဗျာ၊ အမှန်အတိုင်းဖြစ်အောင် ကျုပ် ဖြေရှင်းပေးပါ့မယ်၊ ခင်ဗျားတို့ လက်ခံကြဖို့ပဲ လိုပါတယ်"

ရှောင်ဖွေးက ဒေါသစိတ်ကို ထိန်းချုပ်ကာ ...

"ကောင်းပြီ၊ ခင်ဗျား တာဝန်ယူတယ်ဆိုရင် ပြီးတာပဲ၊ ကျုပ်မြေး မှည့်တစ်ပေါက်စွန်းလို့ကတော့ မိုးမီးလောင်သွားမယ်"

"စိတ်ချပါဗျာ၊ ခင်ဗျားမြေးကို ဘယ်သူမှ ထိရဲကြမှာ မဟုတ်ပါဘူး၊ သူ့ကိုတွေ့အောင် ကျုပ် ရှာပေးပါ့မယ်"

ထင်းကူးက ...

"ထိုက်စန်းတောင်မှာ ကျွန်မအစ်ကို သေသွားခဲ့ရတဲ့ကိစ္စကိုကော ရှင် ဘယ်လိုဖြေရှင်းမလဲ"

ဟု မေးလိုက်သည်။ စွန်းဝူးက ...

"ဒီကိစ္စ ပြီးခဲ့ပြီ မဟုတ်လားကွဲ့"

"ဘယ်သူတွေပြီးပြီး ကျွန်မကတော့ မပြီးနိုင်ဘူး"

"မင်းက ဘာလုပ်ချင်သလဲ"

ရှောင်ဖွေးက ခပ်ပြတ်ပြတ်ပင် မေးလေသည်။

သူလည်း ကျေနပ်သူမဟုတ်ကြောင်း လူတိုင်း နားလည်ထားကြပေတော့သည်။ စွန်းဝူးက ...

"ခင်ဗျားတို့ ငြင်းခုန်နေကြလို့ကတော့ ဘယ်တော့မှ ပြီးမှာ

မဟုတ်ဘူး၊ ဒါကြောင့် ... ကျုပ် ဖြေရှင်းပေးမယ်ဆိုတာ လက်ခံဖို့ အရေးကြီးပါတယ်"

ဟု တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

ရှောင်ဖွေး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... ခင်ဗျားပဲ ကြည့်ပြီးစီစဉ်ပါ၊ ခင်ဗျား ဘာလုပ်နိုင်မလဲဆိုတာ ကျုပ် စောင့်ကြည့်ရဦးမှာပေါ့"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ဂူတန်းသုံးဖော်နှင့် နေလခြံဝင်း၏မိတ်ဆွေ သိုင်းသမားများလည်း လိုက်ပါသွားကြလေသည်။ ဆိုင်ထဲ၌ ရှင်းရှင်းလင်းလင်း ဖြစ်သွား၏။ စွန်းဂူးက ထင်းကူးဘက်လှည့်ကာ ...

"မင်းကော ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။ ထင်းကူး နှုတ်ခမ်းကိုက်လိုက်ပြီး ...

"ကောင်းပြီလေ ... ထိုက်စန်းတောင်မှာ ဖြစ်ခဲ့တဲ့ကိစ္စကိုပါ အမှန်အတိုင်း ဖြေရှင်းပေးမယ်ဆိုရင် ဘာမဆို ကျွန်မ လက်ခံဖို့ အသင့်ပဲ"

ဟု ပြောလိုက်သည်။ စွန်းဂူး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ကျုပ် တာဝန်ယူတယ်"

"ဒါဖြင့် ... ကျွန်မ သူ့ရဲ့ကောင်းတောင်မှာပဲ ရှိနေမယ်"

စကားဆုံးလျှင် ထင်းကူးက ခပ်သွက်သွက် လှမ်းထွက်သွား



၏။ ဗလကြီးတို့အုပ်စုနှင့်တကွ သူမအား ထောက်ခံသူများ လည်း လိုက်ပါသွားကြ၏။

သိုင်းလောက၌ အုပ်စုကွဲပြားနေသည်မှာ ထင်ရှားစွာပေါ်လွင်နေပေသည်။ ထိုအုပ်စုနှစ်စုစလုံးသည် သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်နေကြသည့် အဖြူရောင်သိုင်းသမားများချည်း ဖြစ်ပေသည်။

အဖြူရောင်သိုင်းသမားများ အုပ်စုနှစ်စုကွဲကာ အချင်းချင်း ရင်ဆိုင်တိုက်ခိုက်ကြပါလျှင် အနက်ရောင်သိုင်းသမားများ လက်ခမောင်းခတ်ကြပေလိမ့်မည်။

သိုင်းလောက ပျက်စီးဆိတ်သုဉ်းသွားမည်မှာ သေချာလှပေတော့သည်။ သိုင်းလောကအား ဖျက်ဆီးလိုသူများသည် သိုင်းလောက ပေါ်ပေါက်စကတည်းက ယှဉ်တွဲပေါက်ဖွားလာခဲ့ပေသည်။

သိုင်းလောကအား ဖျက်ဆီးရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ သိုင်းလောကမှ အဖြူရောင်သိုင်းသမားများ စုစုစည်းစည်း ရှိနေသဖြင့် သိုင်းလောက အဖျက်သမားများ ခေါင်းမထောင်နိုင်ခဲ့ကြပါ။

ယခုကဲ့သို့ အချင်းချင်း သွေးကွဲနေကြသည့် အဖြစ်မျိုး ပေါ်ပေါက်နေသည့်အခါ သိုင်းလောကအား ဖျက်ဆီးလိုသူများအတွက် မဟာအခွင့်အရေးကြီးတစ်ရပ် ဖြစ်ပေါ်စေလေသည်။

စွန်းဂူးသည် ငွေကြီးရပ်ကာ တွေးတောစဉ်းစားနေသည်။ သိုင်းလောကၡ၏ကံကြမ္မာသည် သူ၏လက်ထဲ၌ ရှိနေသည် မဟုတ်ပါလား။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်ကလည်း ဤသို့ တစ်ကြိမ်ဖြစ်ခဲ့ဖူးပေသည်။

သို့သော် ထိုစဉ်က သိုင်းလောကမှ အနားယူနေကြသည့် သိုင်းသမားကြီးများ ပြန်လည်ပါဝင်လာကြသဖြင့် သိုင်းလောက ပျက်စီးမည့်အရေးမှ သီသီကလေး လွတ်မြောက်ခဲ့ရပေသည်။

ယခုတစ်ကြိမ်၌မူ ဆိုင်ထဲ၌ စွန်းဂူးတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့၏။

သူ၏မျက်နှာတွင် ကျေနပ်နှစ်သိမ့်သည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

"သိုင်းလောကကြီး ဒီတစ်ခါမှ မပျက်စီးဘူးဆိုရင် ဘယ်တော့ ပျက်စီးနိုင်တော့မှာလဲ"

ဟု ရေရွတ်လိုက်၏။ ထို့နောက် ဦးခေါင်းမော့ကာ ...

"ဟား ဟား ဟား"

ကျယ်လောင်စွာ ရယ်မောလိုက်လေတော့သည်။

❁ ❁ ❁



## မြစ်ကမ်းပါးမှ လွမ်းပုံပြင်

လေပြည်လေညင်း ငွေယမ်းတိုက်ခတ်လာသည်။

မြစ်ရေပြင်၌ လှိုင်းကြက်ခွပ်ကလေးများ ထသွားသည်။

မြစ်လယ်တွင် ငါးဖမ်းနေသည့် လှေကလေးတစ်စင်းကို တွေ့မြင်နိုင်ပေသည်။

လှေကလေးမှ တံငါသည်များ၏သီချင်းသံများလည်း ခပ်သဲ့သဲ့ ကြားနေရသည်။

မြစ်ကမ်းပါးတစ်လျှောက်၌ စိမ်းလန်းသော သစ်ပင်ချုံနွယ်များ ဝိတ်ဖုံးပေါက်ရောက်လျက် ရှိပါသည်။

ရှောင်အင်းသည် ကမ်းနဖူးရှိ သစ်ပင်ကြီးတစ်ပင်၏မြစ်ခွဆုံ၌ထိုင်ကာ မြစ်ထဲသို့ ငေးမောကြည့်ရှုနေလေသည်။

သူ၏မျက်လုံးများ ရီဝေနေသည်။ စိတ်ဓာတ်ကျဆင်းနေသည့်ဟန် အထင်းသား ပေါ်လွင်နေပေသည်။ သူ၏အဝတ်အစားများ တွန့်ကြေနေသည်။

ဆံပင်များလည်း ပွယောင်းယောင်း ဖြစ်နေ၏။ မြစ်ရေ

မြင်ကို ငေးမောကြည့်ရင်း ...

"ငါဟာ နေလခြံဝင်းက ရှောင်အင်းပါ။ ငါ့ရုပ်ရည်ဟာ ဘယ်လိုလုပ်ပြီး ခုလို ကြောက်စရာကောင်းတဲ့ ပုံသဏ္ဌာန်ဖြစ်နေရတာလဲ၊ ငါ့ရဲ့ရုပ်ကော အသံကော ပြောင်းသွားတဲ့အပြင် သိုင်းပညာကိုလည်း အသုံးပြုလို့ မရတော့ဘူး၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

ဟူ၍ တတွတ်တွတ် ရေရွတ်နေမိလေသည်။ သူ ကြုံတွေ့ရသည့်အဖြစ်အပျက်မှာ မယုံကြည်နိုင်စရာ ကောင်းလှပေတော့သည်။

ရှောင်အင်း အဖြေရှာမရနိုင်အောင်ဖြစ်နေစဉ်မှာပင် အနောက်ဘက်မှ ပေါ့ပါးသည့် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ရှောင်အင်း ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ရုပ်ဆိုးမက သူ့ထံသို့ ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရပေသည်။ ရှောင်အင်း ရုတ်ခြည်း ခုန်ထလိုက်သည်။

ရုပ်ဆိုးမကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"မင်း ... မင်း ဘာကြောင့် ခုလိုလုပ်ရတာလဲ ပြောစမ်း"

ဟု အော်မေးလိုက်လေသည်။ ရုပ်ဆိုးမ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှောင်အင်းကို နားမလည်နိုင်စွာ ကြည့်ကာ ...

"ရှင် ဘာဖြစ်နေတာလဲ၊ ကျွန်မက ပညာရှိသိုင်းသမားကို



သွားရှာတယ်ဆိုတာ ရှင်သိသားပဲ"

ရှောင်အင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် နားမလည်ဘူး၊ ကျုပ် ခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် သိုင်းပညာ အသုံးပြု၍မရအောင် လုပ်လိုက်တာ မင်းပဲ"

"ရှင်"

"မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ ပြောစမ်း"

ရုပ်ဆိုးမ သက်ပြင်းချလိုက်သည်။

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမလည်နိုင်တော့ဘူးရှင့်"

ရှောင်အင်း ဒေါသထွက်လာလေသည်။

လက်နှစ်ဖက်ဆန့်တန်းကာ ရုပ်ဆိုးမထံသို့ လှမ်းသွားရင်း

"မင်း ပြောမလား၊ မပြောဘူးလား"

ရုပ်ဆိုးမမှာ ရှောင်အင်းကိုကြည့်ရင်း မျက်ရည်များ ရစ်ဝိုင်းလာသည်။ ဦးခေါင်း ဆတ်ခနဲညိတ်ကာ ...

"ကျွန်မ ပြောမယ်"

သူမ၏စကားကြားလျှင် ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်၊ အံတင်းတင်းကြိတ်ရင်း ...

"မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ရှင့်အတွက် သိုင်းလောကအတွက်ပါ"

"ဘာ"

ရုပ်ဆိုးမက ...

"ကျွန်မ ပြောပြပါ့မယ်၊ ဒါပေမဲ့ အခုတော့ အချိန်မတန်သေးလို့ သည်းခံပါဦးရှင်၊ ပညာရှိသိုင်းသမားနဲ့တွေ့ပြီးမှ ကျွန်မ ပြောပြပါရစေ"

ရှောင်အင်း ခေါင်းခါယမ်းလိုက်လေသည်။

"မလိုချင်ဘူး၊ ခုချက်ချင်း ပြောရမယ်၊ မပြောရင်း မင်းကိုငါ ခွင့်မလွှတ်နိုင်ဘူး"

ရုပ်ဆိုးမက အင်္ကျီရင်ဘတ်ကြား၌ ဝှက်ထားသည့် ဓားမြှောင်တစ်လက် ထုတ်ယူလိုက်သည်။ ရှောင်အင်းအား လှမ်းပေးရင်း ...

"ရှင် မကျေနပ်ရင် ကျွန်မကို သတ်ပစ်လိုက်ပါရှင်၊ ပညာရှိသိုင်းသမားနဲ့ မတွေ့ရသေးဘဲ ကျွန်မ မပြောပြနိုင်ပါဘူး"

ဟု ပြောလေသည်။

သူမ၏မျက်နှာထားအရ သူမ၏စကားကို ပြင်မည်မဟုတ်မှန်း ထင်ရှားပေါ်လွင်နေပေသည်။

ရှောင်အင်း စိတ်မထိန်းနိုင်တော့ပါ။

"ကောင်းပြီ၊ မင်းက ဘယ်လောက်အထိ ခေါင်းမာနိုင်မလဲကြည့်ကြသေးတာပေါ့"



ရုပ်ဆိုးမ၏လက်မှ ဓားမြှောင်ကိုဆွဲယူကာ သူမအား ပြန်လည် ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။ ရှောင်အင်းကို စိုက်ကြည့်ကာ မလှုပ်မယှက် ရပ်နေလေသည်။

ရှောင်အင်းမှာ ဓားမြှောင်ဖြင့် ထိုးချမိလုဆဲဆဲအခြေအနေသို့ရောက်မှ စိတ်ထိန်းချုပ်ကာ ကပျာကယာ လက်ပြန်ရိုက်လိုက်သည်။

"မင်း တကယ်ပဲ မပြောတော့ဘူးပေါ့"

ရုပ်ဆိုးမ ခေါင်းညိတ်လိုက်သည်။

"ခုနေပြောပြလို့ ရှင်းမသွားတဲ့အပြင် ရှင့်အတွက် ဝိုပြီးရှုပ်ထွေးသွားနိုင်ပါတယ်၊ မလိုလားအပ်တဲ့ကိစ္စတွေလည်း ဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့် ပညာရှိအဘိုးအိုနဲ့တွေ့ပြီးမှ ပြောပြပါရစေရှင်"

ရှောင်အင်းက စိတ်မြန်လက်မြန်ဖြင့် ...

"ကဲ ... ဒါဖြင့် ပညာရှိအဘိုးအို ဘယ်မှာလဲ"

"ကျွန်မနောက် လိုက်ခဲ့ပါ"

ရုပ်ဆိုးမ ချာခနဲလှည့်ကာ ထွက်သွားသည်။

ရှောင်အင်း ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

❖

မြစ်ကမ်းပါးနှင့်မနီးမဝေးတွင် တောင်ကုန်းကလေးတစ်ခု ရှိပေသည်။ တောင်ကုန်းပေါ်မှ မီးခိုးများ တလူလူထွက်ပေါ်နေသည်ကို မြင်တွေ့ရပေသည်။

ရုပ်ဆိုးမသည် ထိုတောင်ကုန်းကလေးဆီသို့ ဦးတည်သွားနေ၏။ ကျိုးတို့ချင်း လမ်းညွှန်ပေးလိုက်သည့်အတိုင်း သွားနေခြင်းဖြစ်ကြောင်း ရှောင်အင်း နားလည်မိလေသည်။

ရုပ်ဆိုးမသည် သူ့အား လုံးဝလှည့်မကြည့်ဘဲ ရှေ့သို့ တစိုက်မတ်မတ် သွားနေသည်။ ရှောင်အင်းလည်း ထက်ကြပ်မကွာလိုက်သွား၏။

ရုပ်ဆိုးမအား မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်ပါ။ ရုပ်ဆိုးမသည် သူ့အား ဖျက်ဆီးပစ်ခဲ့သူဟု ခံယူကာ မကျေနပ်နိုင်ဘဲ ဖြစ်နေရပေတော့သည်။ တောင်ကုန်းကလေးပေါ်သို့ တက်သည့်လမ်းမှာ ဖြောင့်ဖြူးသာယာနေ၏။

သူတို့နှစ်ယောက် ခပ်သွက်သွက်တက်သွားကြရာ မကြာပါချေ။ တောင်ကုန်းကလေးပေါ်သို့ ရောက်ရှိသွားလေသည်။

တောင်ကုန်းပေါ်၌ ဝါးရုံတစ်ခုရှိသည်။ ဝါးရုံရှေ့၌ တဲကလေးတစ်လုံး ရှိနေသည်။ တဲကလေးရှေ့တွင် မီးပုံတစ်ခုရှိနေပြီး အဘိုးအိုတစ်ယောက်က ရေနွေးကျိုချက်နေသည်ကို တွေ့မြင်ရလေသည်။



အဘိုးအိုသည် ရှောင်အင်းတို့ တက်လာသည်ကို မြင်လျှင် မျက်မှောင်ကြုတ်ကာ လှမ်းကြည့်နေလေသည်။

ရုပ်ဆိုးမသည် အနီးသို့ ချဉ်းကပ်သွားပြီးလျှင် ...

"ဘဘ နေကောင်းတယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။ အဘိုးအိုက ဘာမှမပြောပါ။

သူတို့အား သဘောမကျသလို ကြည့်နေပါသည်။ ရုပ်ဆိုးမသည် မီးပုံအနီး၌ ထိုင်ချလိုက်၏။ မီးပုံမှ မီးခိုးများ အူထွက်နေပါ၏။ ရုပ်ဆိုးမက ...

"မီးခိုးတွေ ဒီလောက်အူထွက်နေရင် ရေနွေးအိုး ဘယ်ကျက်နိုင်ပါတော့မလဲ"

ပြောပြောဆိုဆို မီးတောက်လာသည့်အထိ တဖူးဖူးနှင့်မှုတ်လေသည်။ မကြာမီ မီးတောက်များ ထွက်ပေါ်လာသည်။

ရေနွေးအိုးမှာလည်း တစ်ခဏအတွင်း ကျိုက်ကျိုက်ဆူလာ၏။ အဘိုးအို၏မျက်နှာပေါ်မှ တင်းမာသည့် အရိပ်အယောင် များ အနည်းငယ် လျော့ပါးလာလေသည်။

ရှောင်အင်းအား ဂရုမစိုက်ဘဲ ရုပ်ဆိုးမကိုကြည့်ကာ ...

"မင်းက ဘာကိစ္စနဲ့ ဒီနေရာကို လာခဲ့တာလဲ"

ဟု မေးလေသည်။ အဘိုးအိုထံမှ ပထမဆုံး စကားသံ ထွက်ပေါ်လာခြင်း ဖြစ် လေသည်။ ရုပ်ဆိုးမက ...

"ဩော် ... ပညာရှိအဘိုးအိုဟာ တကယ်ပညာမရှိဘဲနဲ့ ပညာတတ်ဟန်ဆောင်နေတာလို့ ကြားမိတာနဲ့ တကယ်ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ သိရအောင် လာကြည့်တာပါ"

"ဘာ"

အဘိုးအို၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုင်ရာမှ ဝေါက်ခနဲ ထရပ်လာသည်။ ရုပ်ဆိုးမကို မျက်လုံးပြူးကြည့်ရင်း ...

"မင်း ... မင်း ဘာပြောလိုက်တယ်"

"ဘဘဟာ တကယ့်ပညာရှိ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ လာကြည့်တာပါ"

"တောက် ... ငါက ပညာမရှိဘူးလို့ ဘယ်ခွေးကောင်က ပြောလိုက်တာလဲကွဟေ့"

ရုပ်ဆိုးမ ခေါင်းယမ်းလိုက်သည်။ သူမသည် စိတ်ပျက်သောလေသံဖြင့် ...

"သွားပါပြီ"

ဟု ညည်းညူလိုက်လေသည်။ အဘိုးအိုက ...

"ဘာသွားတာလဲ၊ ပြောစမ်း"

"ဩော် ... ဘဘဟာ ပညာရှိမဟုတ်ဘူးဆိုတာ ကျွန်မ သိလိုက်ရလို့ပါ"



"ဟေ"

အဘိုးအိုသည် ချက်ချင်းပင် ရုပ်ဆိုးမ၏ဦးခေါင်းပေါ် လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။ ရုပ်ဆိုးမက မလှုပ်မယှက် ထိုင်နေသည်။

ရှောင်တိမ်းခြင်း မရှိသလို ပြန်လည်ခုခံတိုက်ခိုက်မည့် အရိပ်အယောင်လည်း မမြင်ရပါချေ။ ရှောင်အင်း ရင်ထိတ်သွား၏။

အော်ဝေါက်ကာ အဘိုးအိုထံ ပြေးဝင်သွားလေသည်၊ အဘိုးအိုက ...

"သွားစမ်း"

အော်ဝေါက်ရင်း အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်သည်နှင့် လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာကာ ရှောင်အင်းအား ရိုက်ခတ်မိလေရာ ...

'ဝုန်း'

ရှောင်အင်းအပေါ် မြောက်တက်သွားပြီး မြေပေါ် ဖင်ထိုင်လျက်သား ပြုတ်ကျသွားလေသည်။ ရုပ်ဆိုးမက ...

"ခုဆို ပိုလို့တောင် မယုံနိုင်တော့ဘူး"

ဟု ပြောလိုက်ပြန်သည်။ အဘိုးအိုက ...

"မင်း သေချင်ပြီထင်တယ်"

"ဘဘရယ် ... ဘယ်သူက အကြောင်းမဲ့ သေချင်မှာတဲ့လဲ၊

ပညာရှိဆိုတာ စဉ်းစားဉာဏ်ရှိတယ်၊ အမြော်အမြင်ရှိတယ်၊ အကြားအမြင် ဗဟုသုတ ကြွယ်ဝတယ်၊ စိတ်ရှည်တယ်၊ သည်းခံနိုင်စွမ်း ရှိတယ်လို့ ကျွန်မ ကြားဖူးခဲ့တာပါ၊ ထစ်ခနဲဆို ဒေါသထွက်တတ်၊ ကြိမ်းမောင်းမာန်မဲတတ်တဲ့လူစားမျိုးဟာ ဘယ်လိုလုပ်ပြီး ပညာရှိဖြစ်နိုင်တော့မှာလဲ"

သူမ၏စကား ကြားလျှင် အဘိုးအိုမှာ အရှိက်ကို လက်သီးဖြင့် အထိုးခံလိုက်ရသည့်အလား မျက်နှာရှုံ့မဲ့သွားတော့၏။

ရုပ်ဆိုးမအား ရိုက်ချရန် ဟန်ပြင်နေသည့် လက်ဝါးကို ရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ရုပ်ဆိုးမက

"ကျွန်မ့ပြောတာ မှားများနေလို့လားရှင်"

ဟု မေးလိုက်လေသည်။ အဘိုးအို မကျေမနပ်ဖြင့် ...

"ငါက ပညာရှိအဘိုးအိုဆိုတာ လူတိုင်း သိကြတယ်ကွ"

"သူတို့က ဘဘဒေါသကြီးတာကို မသိကြလို့ နေမှာပေါ့"

"မင်း မင်း"

ရုပ်ဆိုးမ ပြုံးသည်။

"တစ်ခုတော့ရှိတယ်၊ ပညာရှိဆိုတာ အခက်အခဲပြဿနာကို ဖြေရှင်းနိုင်စွမ်း ရှိတယ်ဆိုတော့ ဘဘသာ ကျွန်မမေးတာ ဖြေနိုင်ရင် ဘဘဟာ ပညာရှိဆိုတာ ကျွန်မ လက်ခံမှာပဲ"

ထိုအချိန်တွင် ...



ရှောင်အင်းသည် မြေပေါ်မှ လူးလိမ့်ထလာပြီ ဖြစ်လေသည်။ အဘိုးအိုက ရုပ်ဆိုးမအား တိုက်ခိုက်ခြင်း မပြုသည်ကိုလည်းကောင်း၊ ရုပ်ဆိုးမ ပြောဆိုနေသည့်စကားများကို ကြားရလျှင်လည်းကောင်း ရှောင်အင်း ငြိမ်းကျသွားလေသည်။

ရုပ်ဆိုးမသည် အဘိုးအိုထံမှ စကားနှိုက်ထုတ်ရန် ကြံစည်နေကြောင်း ရိပ်မိလိုက်၏။ အဘိုးအိုသည် ရုပ်ဆိုးမအား ဒုက္ခပေးမည်မဟုတ်ဟု လည်း နားလည်သဘောပေါက်လာလေသည်။

ထို့အပြင် ပညာရှိအဘိုးအိုသည် အလွန်ပင် ခေါင်းမာသူ၊ ဇိဇာကြောင်သူဟု ကျို့တို့ချင်း ပြောလိုက်သည့်စကားများကိုလည်း ကြားယောင်လာလေသည်။ ရှောင်အင်းသည် ရုပ်ဆိုးမနှင့်အဘိုးအိုတို့ အချီအချပြောဆိုနေကြသည့် စကားများကိုလည်း ပြန်လည်ကြားယောင်လာလေသည်။

ရှောင်အင်းသည် ရုပ်ဆိုးမနှင့်အဘိုးအိုတို့ အချီအချပြောဆိုနေကြသည်ကို ငေးမောကြည့်နေမိလေတော့သည်။ ရုပ်ဆိုးမက ...

"ကျွန်မမေးတဲ့ မေးခွန်းကို ဖြေနိုင်ပါ့မလားရှင်"

ဟု သွေးတိုးစမ်းလိုက်သည်။ အဘိုးအို မကျေမနပ်ဖြစ်သွားသော်လည်း ဒေါသစိတ်ကို မြိုသိပ်ကာ ...

"မင်း ဘာသိချင်လို့လဲ"

ဟု မေးလေသည်။ ရုပ်ဆိုးမက ...

"ထိုက်စန်းတောင် တိုက်ပွဲအကြောင်း သိချင်တယ်"

"ဘာ"

ရုပ်ဆိုးမက ထပ်မပြောတော့ဘဲ အဘိုးအိုအား စိုက်ကြည့်နေလိုက်လေသည်။ အဘိုးအိုက ...

"မင်းမေးတိုင်း ငါက ပြောရမှာလား"

ဟု ငေါက်လိုက်လေသည်။

ရုပ်ဆိုးမ ခေါင်းညိတ်လိုက်၏။

"ပြောမပြဘူးဆိုရင်လည်း ရပါတယ်ရှင်၊ ကဲ ... ကျွန်မသွားတော့မယ်၊ ဘဘဟာ တကယ်ပညာမရှိတဲ့အကြောင်း လူတိုင်းလျှောက်ပြောရတော့မှာပေါ့"

"မင်း ... မင်း"

ရုပ်ဆိုးမသည် အဘိုးအိုအား အရေးမစိုက်တော့ဘဲ ရှောင်အင်းဘက်သို့ လှည့်က ...

"လာ အစ်ကို ... သွားကြစို့"

ပြောပြောဆိုဆို လှမ်းထွက်သွား၏။ ရှောင်အင်းလည်း ကြောင်အမ်းအမ်းဖြင့် လိုက်သွားမိသည်။ သူတို့နှစ်ယောက် ခြေသုံးလေးလှမ်းမျှ လှမ်းလိုက်ရပါသေးသည်။

"ဟေ့ကောင်မလေး ... ငါ့ကို နာမည်ဖျက်လို့ ရမယ်မထင်နဲ့ မင်းသိချင်တာ ငါပြောမယ်၊ ပြန်လာခဲ့"



နောက်ကျောဘက်မှ အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ လုလင်တစ်ယောက်သည် မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းကာ တောလမ်းကလေးအတိုင်း ခရီးနှင်လာနေပါသည်။ ထိုလုလင်မှာ အသက်နှစ်ဆယ်ကျော်သာ ရှိသေးပြီး နုပျိုလန်းဆန်းသည့်အသွင် အထင်းသားပေါ်လွင်နေသည်။

ယောကျ်ားပီသစွာ ရုပ်ရည်ချောမောခန့်ညားသူလည်း ဖြစ်လေသည်။ လမ်းဘေးတစ်ချက်မှ အရောင်အသွေးစုံလင်စွာ ပွင့်လန်းနေသည့် တောပန်းကလေးများ၊ စိမ်းလန်းသော သစ်ပင်များ ချုံနွယ်များကြားမှ လှစ်ခနဲ လှစ်ခနဲ ဖြတ်ပြေးသွားသည့် ယုန်ကလေးများကိုကြည့်ကာ လုလင်မှာ ပျော်ရွှင်ကြည်မွေ့နေပုံရ၏။

မျက်နှာတစ်ခုလုံး ပြုံးရွှင်နေပေတော့သည်။ သို့သော် လုလင်၏စိတ်ပျော်ရွှင်မှုကို စူးရှသောအော်ဟစ်သံများက အနှောင့်အယှက်ဖြစ်သွားစေခဲ့ပေတော့သည်။

'ဝုန်း'

"အား"

"အမယ်လေး"

အော်သံ ဟစ်သံ တိုက်ခိုက်သံများ တောအုပ်ထဲမှ ထွက်ပေါ်လာလေသည်။ လုလင် မျက်မှောင်ကြုတ်သွား၏။

"တိုက်ပွဲဖြစ်နေပါလား"

လွှတ်ခနဲ ရေရွတ်မိလိုက်သလို သူ၏မြင်းဖြူကြီးကိုလည်း အသံဗလံများ ထွက်ပေါ်လာရာဆီသို့ ဦးလှည့်မိလိုက်ပါ၏။

မြင်းဖြူကြီးသည် သခင့်အလိုကျ သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ ခပ်သွက်သွက်ပြေးသွားပေတော့သည်။

မြင်ကွင်းမှာ အကျည်းတန်လှပေသည်။ အစိမ်းရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်အား ကြမ်းတမ်းခက်ထန်လှသည့်လူတစ်စုက ဝိုင်းရံတိုက်ခိုက်နေကြပါ၏။

မိန်းကလေးမှာ လူကြမ်းကြီးများအလယ်၌ ဝိတ်မိနေသည့်တိုင် အလျှော့မပေးဘဲ ဓားတစ်လက်ဆွဲကာ အပြင်းအထန်ပြန်လည်ခုခံနေသည်ကို တွေ့မြင်ရလေသည်။

မြင်းစီးလုလင်မှာ မိန်းကလေးအား ကူညီလိုစိတ်များဖြစ်ပေါ်လာလေသည်။ ချက်ချင်းပင် ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး ...

"အသက်မသေစေချင်ရင် နောက်ဆုတ်လိုက်ကြပေတော့"

အော်ငေါက်ရင်း တိုက်ပွဲအတွင်းသို့ မြင်းဒုန်းစိုင်းကာ ဝင်



သွားလေသည်။ မြင်းခွာသံနှင့် ဩသံကြောင့် မိန်းကလေးအား ဝိုင်းရံတိုက် ခိုက်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

"ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့ကောင်ကို ဆုံးမကြဟေ့"

"ဒီကောင်ကို ရှင်းပစ်"

တစ်ယောက်တစ်ခွန်း အော်ပြောကာ လုလင်အား ဆီးကြိုတိုက်ခိုက်လိုက်ကြလေသည်။ လုလင်ကလည်း အကြောက်အရွံ့ ကင်းမဲ့စွာဖြင့် လူကြမ်းကြီးများအလယ်သို့ တိုးဝင်တိုက်ခိုက်ပစ်လိုက်၏။

'ဝုန်း'

"အား"

ရူးရှသောအော်ဟစ်သံများ စီခနဲထွက်ပေါ်လာသည်။

လုလင်၏တိုက်ခိုက်မှုကြောင့် လူကြမ်းကြီးများမှာ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

"ပြေးဟေ့ ... ပြေးကြ"

အခြေအနေမဟန်မှန်းသိလျှင် ဆက်၍ တိုက်ခိုက်မနေကြတော့ဘဲ ထွက်ပြေးသွားကြသည်။ လုလင် ဝင်၍ တိုက်ခိုက်လိုက်သည်နှင့် တိုက်ပွဲမှာ တဒင်္ဂအချိန်အတွင်း ပြီးဆုံးသွားလေတော့သည်။

လူဆိုးများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။ လုလင်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လူဆိုးများ၏ ဝိုင်းရံတိုက်ခိုက်ခံခဲ့ရသည့် မိန်းကလေးအနီးသို့ လှမ်းဝင်သွားလေသည်။ မိန်းကလေး၏ပခုံးတစ်ဖက်၌ ဒဏ်ရာရရှိထားသဖြင့် သွေးများ စီးကျနေပါသည်။ သူမသည် ဓားကိုသိမ်းဆည်းရင်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ရင်း ...

"ကျွန်မကို အခုလိုဝင်ပြီး ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ဟု ပြောလေသည်။ လုလင်သည် မိန်းကလေးအား ငေးမောကြည့်နေမိသည်။ ထိုမိန်းကလေးသည် ချောမောလှပသူကလေး ဖြစ်ပေသည်။ သူမ၏အသံမှာ နားဝင်ချိုလှသည်ဟု ခံစားနေရ၏။

လုလင်က ငေးကြည့်နေသဖြင့် မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။ လုလင်အား မျက်လုံးကလေးပြူးကာ ကြည့်ရင်း

"ကျွန်မနာမည် ထင်းကူးပါ၊ ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ဟု ထပ်ပြောလိုက်လေသည်။ ယခုတစ်ကြိမ် လုလင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။



"ဪ ... အင်း ... အင်း ... ဟို ... ကျုပ် ... ကျုပ်ကို"

သူ၏စကားမှာ မိန်းကလေးအတွက် အံ့ဩစိတ်လှုပ်ရှားစရာ ဖြစ်နေသည်။ ထင်းကူးဆိုသည့် မိန်းကလေးသည် လုလင်အားမျက်မှောင်ကြုတ်ကာ ကြည့်နေမိလေတော့သည်။ လုလင် သတိဝင်လာသည်။ ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ကျုပ်က ရှောင်စုပါ၊ မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်လို့ ဝင်ကူညီတာပါ၊ ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ"

ဟု ပြောလိုက်လေသည်။

"ကျွန်မကလည်း မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်လို့ ခုလို အခက်အခဲကြုံတွေ့ရတာပါရှင်၊ ဟိုမှာ ကြည့်လိုက်ပါဦး"

မလှမ်းမကမ်းတစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။ ရှောင်စု လှမ်းကြည့်လိုက်သည်။ ထိုအခါ မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့မြင်ရ၏။

မြင်းလှည်းမောင်းသမားမှာနေရာ၌ပင် ထိုင်လျက် သေဆုံးနေလေသည်။ သူ၏ရင်ဝ၌ လှံတိုတစ်ချောင်းစိုက်ဝင်နေပြီး သွေးများသည် မြေပေါ်သို့တိုင် စီးကျနေသည်။ မြင်းလှည်းတံခါးပွင့်နေသည်။

မြင်းလှည်းအိမ်ထဲ၌ လူနှစ်ယောက် အတုံးအရုံး လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။

မြေပေါ်၌ အလံတစ်ခု ပြုတ်ကျနေ၏။ အလံပေါ်တွင် ...

"ဝမ်းကိုးအာမခံဌာန"

ဟု ရေးသားထားလေသည်။ ရှောင်စုက ထင်းကူးဘက်ပြန်လှည့်ကာ ...

"လူဆိုးတွေ ဝမ်းကိုးအာမခံဌာနက မြင်းလှည်းကို တိုက်ခိုက်ခဲ့ကြတာ ဟုတ်လား"

ဟု မေးလိုက်လေသည်။ ထင်းကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မကတော့ လမ်းကလေးအတိုင်းဖြတ်သွားရင်း လုယက်တိုက်ခိုက်နေတာမြင်လို့ ဝင်ကူတာပါ။ ဒါပေမဲ့ ရှင်မြင်တဲ့အတိုင်း သူတို့ ဆုံးသွားကြတယ်ရှင့်"

"အင်းလေ ... ကံတရားပဲပေ့ါ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါထက် မြင်းလှည်းပေါ်မှာ အာမခံပစ္စည်းတွေ ရှိမယ်ထင်တယ်"

ထင်းကူး မျက်မှောင်ကြုတ်သွား၏။ ရှောင်အင်းအား သံသယဖြင့်ကြည့်ကာ ...

"ရှိပါတယ်၊ ရှင်က"

"ဩော် ... သူတို့သေကုန်ကြပြီဆိုတော့ အာမခံပစ္စည်းတွေကို ဒီအတိုင်းထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဝမ်းကိုးအာမခံဌာနကို



သွားပို့ပေးမှ ဖြစ်မှာပေ့ါ"

ထိုစကားကြားလျှင် ထင်းကူး၏မျက်နှာ ကြည်ကြည်လင်လင်ဖြစ်သွားလေတော့သည်။

"ရှင့်ရဲ့ မှန်မြတ်တဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်ရှင်"

ဟုလည်း ပြောလိုက်လေသည်။ ရှောင်စုက ...

"ကျုပ်ဟာ နေလခြံဝင်းကပါ၊ အတွေ့အကြုံရှာဖို့ သိုင်းလောက်ကို ထွက်လာခဲ့တာပါ၊ သိုင်းလောက အတွေ့အကြုံကလွဲပြီး တခြားဘာကိုမှ မက်မောမှာ မဟုတ်ပါဘူးဗျာ"

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။ ထင်းကူးက ...

"ဩော် ... ရှင်ဟာ နေလခြံဝင်းကကိုး၊ ရှင်ကသာ အများအကျိုး၊ သိုင်းလောကအကျိုးအတွက် ဆောင်ရွက်မယ်ဆိုရင် အတိုင်းထက်အလွန်ပေ့ါရှင်၊ နေလခြံဝင်းဟာ သိုင်းလောကမှာ နေလိုလလို ထင်ရှားနေတာပဲရှင့်၊ ရှင်စိတ်ဝင်စားမယ်ဆိုရင် အာမခံဌာနပစ္စည်းတွေ ပြန်ပို့ပေးပြီးတဲ့အခါ ကျွန်မအစ်ကိုနဲ့ မိတ်ဆက်ပေးပါ့မယ်"

သူမ၏စကားကြောင့် ရှောင်စု စိတ်ဝင်စားသွားလေ၏။

"ညီမရဲ့အစ်ကိုက"

"ကျန်ရှုလို့ ခေါ်ပါတယ်၊ သူ့ကို အများက သိုင်းလောကကြယ်လို့ ခေါ်ကြပါတယ်"

"သိုင်းလောကကြယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ရှောင်စု လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ကျုပ် ခရီးထွက်ခဲ့တဲ့ လမ်းတစ်လျှောက်မှာ သိုင်းလောကကြယ်တွေရဲ့ ကောင်းသတင်းကို လူတိုင်းလိုလို ချီးကျူးပြောဆိုနေကြတာ ကြားခဲ့တာပါ။ ညီမရဲ့အစ်ကိုနဲ့ မိတ်ဆွေဖြစ်ရမယ်ဆိုရင် ကျုပ် ဝမ်းသာလို့ ဆုံးတော့မှာ မဟုတ်ပါဘူး"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

သိုင်းလောက၌ ကိုယ်ကျိုးစွန့်ကာ တိုင်းပြည်အကျိုး အများအကျိုး ဆောင်ရွက်နေကြသည့် သိုင်းသမားများ ရှိကြပေသည်။

ထိုသိုင်းသမားများသည် တိုင်းပြည်အကျိုး အများအကျိုးအတွက်ဆိုလျှင် ရွှေငွေပစ္စည်းဥစ္စာ မဆိုထားနှင့် မိမိ၏အသက်ကိုပင် စွန့်လွှတ်ရန် ဝန်လေးသူများ မဟုတ်ကြပါချေ။

သိုင်းလောက၏ရှေ့ဆောင်လမ်းပြ လူကောင်းလူမွန်များဖြစ်ကြသည့်အလျောက် လူအများက သိုင်းလောကကြယ်များဟု တင်စားခေါ်ကြပေ၏။

ရှောင်စုသည် ထင်းကူး၏အစ်ကို ကျန်ရှုဆိုသူနှင့် ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

ထင်းကူး ပြုံးလိုက်သည်။



"ရှင်ဟာ စိတ်ထားမွန်မြတ်တဲ့အပြင် နေလခြဝင်းက လူတစ်ယောက်ဖြစ်နေတာမို့ ကျွန်မအစ်ကိုကလည်း သဘောကျမှာပဲ၊ ကျွန်မတို့ အာမခံဌာနကပိုင်တဲ့ပစ္စည်းတွေကို သွားပို့ကြရအောင်"

"ကောင်းပြီ"

သူတို့နှစ်ယောက်သည် အာမခံဌာန မြင်းလှည်းသမားနှင့် အစောင့်သိုင်းသမား၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြလေ၏။

ထို့နောက် အာမခံပစ္စည်းထည့်ထားသည့် သေတ္တာကို မြင်းလှည်းပေါ်တင်လိုက်ကြလေသည်။

သူတို့ မြင်းကိုယ်စီဖြင့် ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မြင်းစီးသမားတစ်စုသည် တောအုပ်ထဲမှ ရုတ်ခြည်းထွက်ပေါ်လာပြီး သူတို့အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

❋

မြင်းစီးသမားများအားလုံး သုံးဆယ်ခန့်ရှိလေ၏။

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက်

ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။ သိုင်းလောကသားများဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

ရှောင်စုနှင့်ထင်းကူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ ထိုစဉ် ...

"ဟား ဟား ဟား ... မင်းတို့က အာမခံပစ္စည်းတွေကို လုယက်ပြီး ထွက်သွားတော့မလို့ပေါ့လေ"

စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ မြင်းစီးသမားများ မြင်းပေါ်မှ ခုန်ဆင်းလာကြလေသည်။ လူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။ ထင်းကူး မကျေမနပ်ဖြစ်သွား၏။

"ရွှေဓား ... ရှင် စကားကြည့်ပြောပါ၊ လူဆိုးတွေက ဝမ်းကိုးအာမခံဌာနက မြင်းလှည်းကို လုယက်နေတာတွေ့လို့ ကျွန်မတို့ ဝင်ပြီး ကူညီခဲ့တာပါ၊ အခုလည်း အာမခံပစ္စည်းတွေကို သွားပို့မလို့ ရှင့်"

"ဟား ဟား ဟား"

ရွှေဓားဆိုသူ ခေါင်းမော့ရယ်မောလိုက်၏။

ထင်းကူး၏စကားကို လုံးဝမယုံကြည်မှန်း ထင်ရှားနေတော့သည်။ ရွှေဓားသည် အတန်ကြာ ရယ်မောပြီးမှ ...



"ကျုပ်တို့ရောက်လာမှ မင်းက ဒီစကားမျိုး ပြောလို့ဖြစ်ပါ့မလား၊ ကျုပ်တို့ရောက်မလာရင် အာမခံပစ္စည်းတွေကို မင်း အပိုင်စီးမှာပဲ မဟုတ်လား"

"ရှင်"

ထင်းကူး ဒေါသထွက်လာလေတော့သည်။ ရှေ့တိုးသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ရှောင်စုက သူမထက်ဦးအောင် ရှေ့သို့ လှမ်းထွက်လိုက်ပြီး ...။

"မိတ်ဆွေ ... မဆင်မခြင် စွပ်စွဲပြောတာ မကောင်းပါဘူးဗျာ၊ လူဆိုးတွေနဲ့ ကျုပ်ကိုယ်တိုင် ရင်ဆိုင်ခဲ့တာပါ၊ အာမခံပစ္စည်းတွေကို ပိုင်ရှင်လက်ထဲ ပြန်ပို့ပေးမလို့ပါ"

ဟု ဝင်ပြောလိုက်၏။ ရွှေဓားက ...

"ဩော် ... ငါက မင်းရဲ့စကားကို ယုံကြည်လက်ခံရမယ်ပေါ့၊ ဟုတ်လား"

"ကျုပ်က အမှန်အတိုင်း ပြောနေတာဗျ"

"ဝမ်းကိုးအာမခံဌာနကလူတွေ သေကုန်ကြပြီဆိုတော့ မင်းတို့ပြောချင်တာ ပြောနိုင်ကြတာပေါ့၊ မင်းတို့ ဘာပြောပြော ကျုပ်က သက်သေအထောက်အထားမရှိဘဲ လက်မခံနိုင်ဘူးဆိုတာ မှတ်ထားပါ"

"ခင် ... ခင်ဗျား"

"အာမခံပစ္စည်းတွေဟာ မင်းတို့လက်ထဲရောက်နေတာ ငါတို့ အားလုံးမြင်တယ်၊ မင်းတို့ ငြင်းနေလို့လည်း အပိုပဲပေါ့"

ထင်းကူး မခံမရပ်နိုင် ဖြစ်သွားပြီး ...

"ရွှေဓား ... ရှင် စော်ကားမော်ကားပြောတာကို ကျွန်မက ခေါင်းငုံ့ခံနေမယ် ထင်သလား၊ သတိသာထားပေတော့"

ပြောပြောဆိုဆို ရွှေဓားထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ရွှေဓားတို့လူစုလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ တိုက်ပွဲဖြစ်ပေါ်လာရန် လက်မတင်လေးလိုသည့် အချိန်တွင် ...

"ခဏနေပါဦးဗျာ"

ရှောင်စုက ဟန့်တားလိုက်သည်။ ရွှေဓားကို စိုက်ကြည့်ကာ

"ခင်ဗျားက သက်သေအထောက်အထား လိုချင်သလား"

ဟု မေးလိုက်လေသည်။ ရွှေဓား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းတို့ မဟုတ်တာ မလုပ်ဘူးဆိုရင် သက်သေအထောက်အထား ပြနိုင်ရမှာပေါ့"

ထင်းကူးက ...

"ဒါ တမင်သက်သက် အကျပ်ကိုင်တာပဲ"

ဟု အော်ပြောလိုက်လေသည်။ ရှောင်စုက ...

"ကိစ္စမရှိပါဘူး၊ ကျုပ် တာဝန်ယူပါတယ်"



"ဟင် ... အစ်ကို ဘယ်လိုသက်သေပြမှာလဲ"

ရှောင်စုက ရွှေဓားနှင့် မျက်နှာချင်းဆိုင်ကာ ...

"ကျုပ်က ... မဟုတ်တာ မလုပ်ဘူးဆိုတာ နေလခြံဝင်းက တာဝန်ယူပြီး အာမခံပါလိမ့်မယ်"

ဟု ပြောလိုက်လေသည်။ နေလခြံဝင်းဟူသည့် အမည်ကြားလျှင် ရွှေဓားတို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ရွှေဓားက ရှောင်စုအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ...

"မင်းက နေလခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလေသည်။ ရှောင်စုက ...

"နေလခြံဝင်းပိုင်ရှင်ရှောင်ဖွေးဟာ ကျုပ်အဖေပါ"

"ဟာ"

ရွှေဓားနှင့်အတူ လိုက်ပါလာသူများ လွှတ်ခနဲ ရေရွတ်လိုက်ကြလေသည်။

သိုင်းလောကၡ လှိုမ်းလှိုမ်းတောက် ကျော်ကြားနေသည့် နေလခြံဝင်းမှ သခင်လေးနှင့် တွေ့ဆုံနေရပြီ မဟုတ်ပါလား။

ရွှေဓားက ရှောင်စုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး–

"လူတိုင်း မင်းပြောသလို ပြောနိုင်တာပဲကွ၊ မင်းပြောတိုင်း ငါက ယုံရမှာလားကွ"

"ကောင်းပြီ"

ရှောင်စုသည် စကားဆုံးသည်နှင့် ရှေ့သို့ လှျပ်တစ်ပြက်တိုးကာ ရွှေဓား၏ပခုံးကို ဆုပ်ကိုင်လိုက်လေသည်။

"မင်း"

ရွှေဓား ထိတ်လန့်သွား၏။ ပြန်လည်တိုက်ခိုက်ရန် မဝံ့ချေ။ ရှောင်စုက အားစိုက်ဖျစ်ညှစ်လိုက်မည်ဆိုလျှင် သူ၏ပခုံးရိုး ကျိုးကြေကာ ဒဏ်ရာပြင်းစွာ ရသွားမည်မှာ သေချာနေပေတော့သည်။ ရှောင်စုက ...

"နေလခြမ်းဝင်းရဲ့ အကြောအဆစ်ပညာကို သိုင်းလောကသားတွေက တလေးတစား ရှိကြတယ်ဆိုတာ ခင်ဗျား ကြားဖူးမှာပါ"

ဟု ပြောလိုက်၏။ ရွှေဓား မျက်လုံးပြူးသွားသည်။

"မ ... မလုပ်ပါနဲ့ဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ် ယုံပါပြီဗျာ"

ပျာပျာသလဲ တောင်းပန်ရလေတော့သည်။

ရှောင်စုက နောက်ဆုတ်လိုက်သည်။

"အာမခံပစ္စည်းတွေကို ပိုင်ရှင်လက်ထဲရောက်အောင် ခင်ဗျားတို့ပဲ တာဝန်ယူပြီး ပို့ပေးလိုက်ပါတော့ဗျာ၊ ကဲ ... ကျုပ်တို့ကို ခွင့်ပြုပါဦး"

ထင်းကူးဘက် လှည့်ကာ ...

"လာ ညီမ သွားကြစို့"



ဟု ပြောကာ မြင်းပေါ်ခုန်တက်လိုက်သည်။ ထင်းကူးလည်း ဘာမှပြောမနေတော့ဘဲ လိုက်ပါသွားလေသည်။ သူတို့နှစ်ယောက် ထွက်သွားကြသည်ကမှ ရွှေဓားတို့လူစု ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြပေတော့သည်။

❖

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။ တောင်ကြားလမ်းကလေးအတိုင်း မြင်းနှစ်ကောင် ဒုန်းစိုင်းလာနေပါ၏။ မြင်းစီးသမားနှစ်ယောက်မှာ ရှောင်စုနှင့် ထင်းကူးတို့ ဖြစ်ကြလေသည်။

တောင်ကြားလမ်းကလေးမှာ သာသာယာယာ ရှိနေပါသည်။ ရှောင်စုသည် နေရာဒေသသစ်သို့ ရောက်လာရခြင်းကြောင့်လည်းကောင်း၊ ထင်းကူးနှင့် အတူတကွ ခရီးသွားနေရခြင်းကြောင့်လည်းကောင်း ဝမ်းသာပျော်ရွှင်နေမိလေသည်။

တောင်ကြားလမ်းကလေးအား ဖြတ်ကျော်ခဲ့ကြပြီးနောက် အရှေ့ဘက်တွင် မြို့ကလေးတစ်မြို့ ရှိနေသည်ကို တွေ့မြင်ရလေသည်။ ထင်းကူးက ...

"အစ်ကို ... ရှေ့က မြို့ကလေးကို သွားကြမယ်"

ပြောပြီး မြင်းဒုန်းစိုင်းနှင်သွားသည်။ ရှောင်စုသည်

နောက်မှ လိုက်ပါသွားလေသည်။ နံနက်စာ စားချိန်မတိုင်မီ သူတို့နှစ်ယောက် မြို့ကလေးသို့ ရောက်ရှိသွားကြလေသည်။

မြို့ထဲသို့ရောက်သည်နှင့် စားသောက်ဆိုင် တစ်ဆိုင်ရှေ့၌ ထင်းကူးက မြင်းကို ရပ်တန့်လိုက်သည်။

"ကျွန်မ ဆာလှပြီရှင့်၊ အစ်ကိုကော"

ရှောင်စုကို မေးလိုက်လေသည်။ ရှောင်စုက ရယ်ကျဲကျဲဖြင့်

"ကျုပ်လည်း ဆာပါပြီဗျာ"

သူတို့နှစ်ယောက် ဆိုင်ထဲဝင်သွားကြလေသည်။ ဆိုင်လုလင်များသည် သူတို့အား ပျာပျာသလဲ ခရီးဦးကြိုကာ နေရာထိုင်ခင်းပေးကြလေသည်။ စားသောက်ဖွယ်ရာများလည်း ချက်ချင်းယူဆောင်ပေးသည်။

"ကဲ ... အစ်ကို ... အဝသာစားပေတော့"

"စိတ်ချ ကျုပ်ဆာနေပြီဗျ"

သူတို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြသည်။ ထို့နောက် မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်လိုက်ကြလေသည်။

ထိုအချိန်မှာပင် လူနှစ်ယောက် ဆိုင်ထဲသို့ ဝင်လာကြသည်ကို တွေ့မြင်ရလေသည်။ တစ်ယောက်မှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး အသက်ငါးဆယ်ခန့်ရှိပေသည်။

ကျန်တစ်ယောက်မှာ လူငယ်လေးတစ်ယောက် ဖြစ်သည်။



ချမ်းသာကြွယ်ဝပြီး ငွေကို ရေလိုသုံးနိုင်သူများ ဖြစ်ပုံရသည်။

ဆိုင်ထဲရောက်လာသည်နှင့် လူငယ်လေးက ...

"အကောင်းဆုံးနေရာမှာ ကျုပ်တို့ စားသောက်ဖို့ ပြင်ပေးပါ"

ဟု ခက်ထန်ထန် ပြောလေသည်။ ဆိုင်လုလင်များသည် ချက်ချင်းပင် ဆိုင်အရှေ့ဘက်မှ သီးသန့်စားပွဲတွင် နေရာချပေးလိုက်ကြ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ရှောင်စုတို့ စားပွဲနှင့်ကပ်လျက် နေရာ၌ ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။

ရှောင်စုနှင့်ထင်းကူးတို့မှာ ဆာလောင်နေကြပြီဖြစ်သည့် အလျောက် အားရပါးရ စားသောက်နေကြပါသည်။ ထိုလူနှစ်ယောက်အား တစ်ချက်လှမ်းကြည့်လိုက်ကြပြီး ဂရုမစိုက်ကြဘဲ ဆက်၍ စားသောက်နေကြလေသည်။

သူတို့နှစ်ယောက်သည် ခရီးဝေးမှ လာခဲ့ရသဖြင့် အဝတ်အစားများ ညစ်ပတ်ပေကျံနေပါ၏။ သူတို့၏ခန္ဓာကိုယ်မှ ချွေးနံ့များလည်း ထွက်ပေါ်နေသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့် လူကြီးနှင့် လူငယ်သည် သူတို့အား ကြည့်ကာ နှာခေါင်းရှုံ့လိုက်ကြလေသည်။ လူကြီးက

"ငါတို့စန်းမင်းရဲ့ သိုင်းပညာကို ခုအချိန်မှာ အသုံးချသင့်နေပြီကွ"

ဟု လူငယ်အား ပြောလိုက်လေသည်။ စန်းမင်းဆိုသည့်လူငယ် မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချပါ ဦးလေး၊ ကျွန်တော်ဟာ သူတောင်းစားသာသာလူတွေနဲ့ အတူထိုင်ပြီး မစားနိုင်ပါဘူး"

ထိုသို့ပြောပြီးလျှင် ရှောင်စုတို့ထံသို့ ခပ်သွက်သွက် လှမ်းလာလေသည်။ သူ၏စကားကို ရှောင်စုနှင့်ထင်းကူးတို့ နားစွန်နားဖျား ကြားလိုက်ကြပါသည်။

စားသောက်နေရာမှ ရပ်တန့်သွားကြသည်။ အနီးသို့ ချဉ်းကပ်လာသည့် စန်းမင်းကို ကြည့်လိုက်ကြလေသည်။

စန်းမင်းသည် သူတို့အနီးတွင် ခါးထောက်၍ ရပ်လိုက်ပြီး

"မင်းတို့ ဆိုင်ထဲက ထွက်သွားကြမလား၊ ဒါမှမဟုတ် ငါကမောင်းထုတ်ပစ်ရမလား"

ဟု လေးလေသည်။ ရှောင်စုက ...

"ကျုပ်တို့ ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

"မင်းတို့ကိုယ်က ထွက်ပေါ်နေတဲ့ ချွေးနံ့တွေကို ငါတို့ မခံနိုင်လို့ပေါ့ကွ"

ရှောင်စု ပြုံးလိုက်သည်။

"ဒါဆိုလည်း လွယ်ပါတယ်၊ တခြားဆိုင်သွားစားကြပေါ့ဗျာ"

"ဘာကွ"



စန်းမင်း၏မောက်မာမှုကြောင့် ထင်းကူး ဒေါသထွက်နေပါသည်။

"ရှင့်နှာခေါင်းက တော်တော်အနံ့ခံကောင်းတာပဲ၊ ရှင့်ကိုခေါ်ပြီး တောထဲမှာ အမဲလိုက်ထွက်လိုက်ရရင် သိပ်ကို ပျော်စရာကောင်းမှာပဲ"

ဟု ကြားဝင်ပြောလိုက်လေသည်။

သူမ၏စကားကြောင့် စန်းမင်း၏မျက်နှာကြီး ရဲရဲနီသွားပါတော့သည်။

"ဘာ ... မင်း ... မင်းက ... ကျုပ်ကို ခွေးနဲ့နှိုင်းတယ်ဟုတ်လား၊ သေပေတော့"

အော်ငေါက်ရင်း ထင်းကူးအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ရှောင်စု ရင်ထိတ်သွား၏။ ထင်းကူးအတွက် ကာကွယ်ပေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ထင်းကူးက ဝါးတူတစ်ချောင်းနှင့် စန်းမင်း၏လက်ဖဝါးကို ထိုးလိုက်လေသည်။

"အမယ်လေးဗျ"

စန်းမင်း ငယ်သံပါအောင် အော်လိုက်သည်။ သူ၏လက်ဖဝါးပြင်မှာ အပူလောင်သွားသည့်နှယ် နီရဲသည် အဖုကြီးတစ်ခု ဖြစ်ပေါ်လာပါ၏။

စန်းမင်းက လက်ကိုခါရင်း နောက်သို့ ခုန်ဆုတ်သွားလေသည်။

"ငှါတူကို မထိနဲ့"

စန်းချူးသည် အော်ငေါက်ရင်း ခုန်ထလာလေသည်။ စန်းမင်းကို ဖေးမရင်း ...

"မင်း ဘာဖြစ်သွားသလဲ"

"ကျွန် ... ကျွန်တော်"

ဒဏ်ရာရသွားသည့် လက်ဖဝါးကို ထိုးပြလေသည်။ စန်းချူးမျက်လုံးပြူးသွားလေသည်။ ထင်းကူးကို လှည့်ကြည့်ရင်း ...

"မင်း ... မင်း ဘယ်သူလဲ ပြောစမ်း"

"ရှင့်လိုလူမျိုးကို ကျွန်မနာမည် ပြောရမှာ မတန်ဘူးရှင့်"

"တောက် ... သိကြသေးတာပေါ့ကွာ"

စန်းချူးသည် ထင်းကူးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သို့သော် ထင်းကူး ထိုင်ရာမှမထဘဲ အရက်အိုးတစ်လုံးဆွဲကာ ပစ်ပေါက်လိုက်လျှင် ...

'ခွပ်'

"အား"

စန်းချူး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။ သူတို့တူဝရီးနှစ်ယောက်သည် ဆက်လက်တိုက်ခိုက်ဝံ့ခြင်း



မရှိကြတော့ချေ။ နောက်သို့ တရွေ့ရွေ့ ဆုတ်သွားကြပြီး ...

"သတ္တိရှိရင် မင်းတို့ ဒီမှာစောင့်နေကြ"

ဟု အော်ပြောကာ ဆိုင်အပြင်ဘက်သို့ ဒရောသောပါး ထွက်သွားကြလေသည်။ ရှောင်စုနှင့်ထင်းကူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက် နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြသည်။

"ဟား ... ဟား ... ဟား"

"ခစ် ... ခစ် ... ခစ်"

သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ နှစ်ယောက်သား ရယ်မောကြပြီးမှ ထင်းကူးက ...

"ကျွန်မတို့ ထိုင်စောင့်နေကြရင် ကောင်းမယ်ထင်တယ်"

ဟု ပြောလေသည်။ ရှောင်စုက ...

"သူတို့ ပြန်လာမယ်လို့ ညီမ ထင်လို့လား"

"ဟုတ်တယ်၊ သူတို့ အဖော်ခေါ်ပြီး ပြန်လာမှာ သေချာတယ်"

"ညီမရယ် ... သူတို့နဲ့ ဆက်ပြီး ရန်မဖြစ်ချင်စမ်းပါနဲ့"

ဟု တားမြစ်လိုက်၏။ ထင်းကူး လက်ကာပြလိုက်ပြီး ...

"မဟုတ်သေးဘူး အစ်ကို၊ သူတို့ တူဝရီးဟာ သိုင်းပညာ

တတ်တယ်၊ ငွေရှိတယ်ဆိုပြီး ထင်ရာစိုင်းနေကြတာ သေချာတယ်၊ သူတို့ကို ညီမ ဆုံးမချင်သေးတယ်"

ဟု ပြောလေသည်။ ရှောင်စု သက်ပြင်းချလိုက်သည်။

"ကောင်းပြီ ... ညီမသဘောပဲလေ"

ထိုအချိန်မှာပင် ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

ဆိုင်ထဲသို့ လူတစ်စု လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋

လူတစ်စု ဆိုင်ထဲသို့ ဝင်လာကြလေသည်။ စန်းမင်းနှင့် စန်းချူးတို့က ဦးဆောင်ဝင်လာကြခြင်း ဖြစ်လေသည်။ စန်းချူးက ...

"ဆရာတုချင်း ကျုပ်တို့ကို မတရားစော်ကားမော်ကားလုပ်တာ သူတို့ပါပဲ"

စန်းမင်းကလည်း ဝင်ပြောသည်။ သူတို့နှစ်ယောက်သည် မီးခိုးရောင် ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်အား တိုင်တန်းပြောဆိုနေကြခြင်းဖြစ်ပေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသည့် ဆရာတုချင်းဆိုသည့် အဘိုးအိုက ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း ...

"စိတ်ချ၊ ခင်ဗျားတို့ကို စော်ကားခဲ့တယ်ဆိုရင် ကျုပ်က



သူတို့ကို ဆုံးမပေးပါ့မယ်"

ဟု ပြောလေသည်။

ထိုစကားကြားလျှင် စန်းမင်းတို့ တူဝရီး ဝမ်းသာသွားကြလေသည်။ စန်းမင်းက ရှောင်စုတို့အား လှမ်းကြည့်လိုက်ပြီး ...

"မင်းတို့ သတိသာထားကြပေတော့"

ဟု လှမ်းငေါက်လိုက်လေသည်။ ရှောင်စုနှင့် ထင်းကူးတို့က ခပ်တည်တည်ပင် ထိုင်နေကြ၏။ စန်းမင်းက ...

"ဆရာတုချင်း ... သူတို့ကို မှတ်လောက်သားလောက် ဖြစ်အောင် ခပ်နာနာလေး ဆုံးမလိုက်စမ်းပါ"

ဟု သွေးထိုးမြှောက်ပင့်ပေးလေသည်။ မီးခိုးရောင်ဝတ်ဆင်ထားသည့် အဘိုးအို (ဝါ) တုချင်းက ရှေ့သို့ လှမ်းထွက်လာ၏။

လျင်မြန်စွာ ချဉ်းကပ်လာသည်ကိုကြည့်ရင်း ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ရှောင်စု ရိပ်မိလိုက်သည်။ ထင်းကူးက မလှုပ်မယှက် ထိုင်နေပါ၏။

စန်းမင်းနှင့်စန်းချူးတို့သည် ဆရာတုချင်း၏လက်ချက်ဖြင့် ထင်းကူးတို့ ခံရတော့မည်ဟုတွေးကာ အကျေနပ်ကြီး ကျေနပ်နေကြပေတော့သည်။ တုချင်းသည် ထင်းကူးအနီးသို့ ရောက်လာသည်။

ထင်းကူးက သူ့အား ကြည့်လိုက်၏။ နှစ်ယောက်သားအကြည့်ချင်းဆုံမိလျှင် ပြိုင်တူ ပြုံးလိုက် ကြသည်။ ထို့နောက် ...

"ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြလေသည်။ မမျှောင်လင့်သည့်အဖြစ်ကြောင့် စန်းမင်းတို့ တူဝရီးသာမက ရှောင်စုပါ တအံ့တသြ ဖြစ်သွားလေသည်။ ထင်းကူးနှင့်တုချင်းတို့အား နားမလည်နိုင်စွာ ကြည့်နေမိကြလေတော့သည်။ ထင်းကူးက ...

"ထိုင်ပါဦးလား"

ဟု ပြောလိုက်၏။ တုချင်း ခေါင်းညိတ်လိုက်သည်။ ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။ ထင်းကူးက အရက်တစ်ခွက် ငှဲ့ပေးလိုက်သောအခါ ဘာမှမပြောဘဲ သောက်ချလိုက်လေသည်။ ပြီးလျှင်

"မင်းရဲ့ အစ်ကိုတောင် ဒီတစ်ရက်နှစ်ရက်အတွင်း ကျုပ်ဆီကို ရောက်လာမယ်လို့ ပြောတယ်၊ မင်းကို ဒီမှာ တွေ့ရလိမ့်မယ်လို့ မထင်မိဘူး၊ မင်းက မြောက်ပိုင်းကို သွားနေတယ်ဆို"

ဟု မေးလာလေသည်။ ထင်းကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ သွေးဝိညာဉ်ဂိုဏ်းမှာ သိုင်းလောကသားတွေ စုပေါင်းပြီး ဖြိုခွဲပစ်လို့ ပျက်စီးသွားပေမယ့် ဂိုဏ်းသားတချို့ဟာ မြောက်ပိုင်းကို ထွက်ပြေးလွတ်မြောက်သွားတယ်လို့ သတင်းကြားရတာနဲ့ လိုက်သွားတာပါ"

"အင်း ... သွေးဝိညာဉ်ကြောင့် သိုင်းလောကကြီး ပျက်စီး



မလိုဖြစ်ခဲ့ရတာပဲ၊ အမြန်ဆုံး ချေမှုန်းပစ်နိုင်ခဲ့လို့ တော်သေးတာပေါ့၊ မြောက်ပိုင်းမှာ တွေ့ခဲ့သေးလား"

ထင်းကူး ခေါင်းယမ်းလိုက်သည်။

"မတွေ့ပါဘူးရှင်၊ သွေးဝိညာဉ်ရဲ့ အဆက်အနွယ်တစ်ယောက်တလေမှ မကျန်ခဲ့ဘူးဆိုတာ ထင်ရှားပါတယ်"

"ဟူး ... တော်ပါသေးရဲ့"

"ဒါထက် ... ဦးတုချင်းဆီကို အစ်ကို လာမယ်ဆိုတာ သေချာတယ်နော်"

တုချင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... သူ ဆက်ဆက်လာမှာပါ၊ ငါ့တူမကြီးက ဦးလေးအိမ်မှာပဲ စောင့်နေလိုက်ပါလား"

ထင်းကူးကို ရှောင်စုက ကြည့်လိုက်လေသည်။ တုချင်းနှင့်ထင်းကူးတို့မှာ မိတ်ဟောင်းဆွေဟောင်းများ ဖြစ်နေကြမှန်း ရှောင်စုနားလည်သဘောပေါက်သွားပြီဖြစ်သည်။ ထင်းကူးက ...

"အစ်ကို ဘယ်လို သဘောရသလဲ"

ဟု မေးလေသည်။ ရှောင်စု ပြုံးလိုက်သည်။

"ကျုပ်က ညီမအစ်ကိုနဲ့ တွေ့ချင်နေတာ အမှန်ပါပဲဗျာ"

ဟု ပြောလိုက်လေသည်။

ထင်းကူးက တုချင်းဘက် ပြန်လှည့်လိုက်ပြီး ...

"ကျွန်မတို့ ဦးလေးတုအိမ်ကပဲ အစ်ကို့ကို စောင့်ပါ့မယ်"

ထိုစကားကြားလျှင် တုချင်း ဝမ်းသာသွားလေသည်။

"ကဲ ... ကျုပ်တို့ သွားကြရအောင်"

ထိုင်ရာမှထကာ လောဆော်လိုက်လေသည်။ ရှောင်စုနှင့် ထင်းကူးတို့ ထိုင်ရာမှထလိုက်သည်။ ရှောင်စုက စားသောက်စ ကျသင့်ငွေပေးချေရန် ဟန်ပြင်လိုက်သောအခါ တုချင်းက ...

"နေပါစေ ... ကျုပ် ရှင်းပေးလိုက်ပါ့မယ်"

"ဟာ ... မဟုတ်တာ ဦးရယ်"

"ကိစ္စမရှိဘူး၊ ကျုပ်က သူရဲကောင်းကျန်ရှုရဲ့ညီမ ရောက်လာတဲ့အခါ ဧည့်ဝတ်မကျေဘူးလို့ ပြောစရာကြီးဖြစ်နေပါလိမ့်မယ်၊ ကျုပ်ပဲ ဧည့်ခံပါရစေ"

တောင်းတောင်းပန်ပန်ပြောလာခြင်းကြောင့် ရှောင်စု ဘာမှမပြောသာတော့ပါချေ။ တုချင်းက ...

"ကဲ ... လာကြ ... လာကြ"

ရှောင်စုနှင့်ထင်းကူးတို့အား ခေါ်ကာ ထွက်သွားလေသည်။ ရှောင်စုတို့လည်း လိုက်ပါသွားကြသည်။ ဆိုင်ပေါက်ဝသို့ရောက်မှ စုရုံးရပ်နေကြသည့် စန်းမင်းတို့ တူဝရီးကို တုချင်း သတိရသွား၏။

"သူဟာ သူရဲကောင်းကျန်ရှုရဲ့ညီမပဲ၊ သူဟာ ဘယ်တော့မှ မတရားမလုပ်ဘူး၊ ခင်ဗျားတို့ ပလီပလာပြောခဲ့တာတွေကို ကျုပ်



ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ဒါမျိုးလုပ်ရင် သေဖို့သာ ပြင်ထားကြပေတော့"

ဟု ပြောလိုက်သည်။ စန်းမင်းတို့တူဝရီး ခေါင်းငုံ့သွားကြလေသည်။ ရှောင်စုနှင့်ထင်းကူးတို့ ပြုံးလိုက်ကြသည်။ တုချင်း ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြလေတော့သည်။

❖

သုံးရက် ...။ သုံးရက်မြောက်သည့်နေ့တွင် တုချင်း၏နေအိမ်သို့ မြင်းစီးသမားလေးယောက် ရောက်ရှိလာကြလေသည်။

ထိုအချိန်ဟွင် ရှောင်စုနှင့်ထင်းကူးတို့သည် အိမ်ရှေ့သစ်ပင်ကြီးတစ်ပင်အောက်၌ ယှဉ်တွဲထိုင်ကာ စကားပြောဆိုနေကြပါသည်။

သူတို့နှစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်နေကြချေပြီ။ ရှောင်စုသည် နေလခြံဝင်းသို့ ပြန်ရင်ပင် သတိမရတော့ပါ။ ထင်းကူးနှင့်အတူ မိုးအဆုံး မြေအနှံ့ လျှောက်သွားနေလိုစိတ်များ ဖြစ်ပေါ်နေပေတော့သည်။

လှပချောမောသည့် ထင်းကူး၏မျက်နှာကလေးကိုကြည့်ရင်း ...

"ညီမရဲ့အိမ်က ဘယ်မှာလဲဟင်"

ဟု မေးလိုက်လေသည်။ အမှန်တော့ ထင်းကူး၏အိမ်သို့

လိုက်လံလည်ပတ်လိုစိတ်ဖြင့် မေးလိုက်ခြင်းဖြစ်ပေသည်။ ထင်းကူး၏မိဘများနှင့်တွေ့လျှင် ရင်းနှီးမှုရယူရန် ဆုံးဖြတ်ထား၏။

အခြေအနေပေးလျှင် ဖခင်ဖြစ်သူအား အကျိုးအကြောင်းပြောကာ လူကြီးချင်း နားဖောက်နိုင်းလိုပေသည်။ ရှောင်စုသည် ထင်းကူးအား မြတ်နိုးတွယ်တာနေမိပြီဖြစ်လေသည်။ ရှောင်စု၏ အမေးစကားကြောင့် ထင်းကူး ပြုံးလိုက်သည်။

"ကျွန်မရဲ့အိမ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟောဒီမှာလေ"

ထင်းကူးက သူမ၏ခြေထောက်နှစ်ဖက်ကို ညွှန်ပြကာ ပြောလိုက်၏။ ရှောင်စု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ညီမ ဘာကိုဆိုလိုတာလဲဟင်"

"ကျွန်မက ခြေသလုံးအိမ်တိုင်လေ"

"ဟာ"

ထင်းကူးက ...

"ကျွန်မတို့မောင်နှမ ငယ်ငယ်ကလေးတည်းက မိဘတွေဟာ လူဆိုးဓားပြတွေလက်ချက်နဲ့ သေဆုံးသွားခဲ့ကြလို့ မိဘမဲ့ဘဝ ရောက်ခဲ့ကြရပါတယ်ရှင်"

ထင်းကူးသည်လည်းကောင်း၊ ကျန်ရှုသည်လည်းကောင်း



လူဆိုးဓားပြများ မကောင်းမှုဒုစရိုက်မှုများအား အဘယ်ကြောင့် မုန်းတီးစက်ဆုပ်နေမှန်း ရှောင်စု နားလည်သဘောပေါက်လာလေသည်။

ထင်းကူးက ...

"ကျွန်မဟာ အခြေအနေမဲ့ မိန်းကလေးတစ်ယောက်မို့ ကျွန်မကို အထင်သေးသွားပြီလားဟင်"

ဟု မေးလာလေသည်။ ရှောင်စု ခေါင်းခါယမ်းလိုက်သည်။

"အထင်မသေးပါဘူး ညီမရယ်၊ ညီမကို ပို၍တောင် ကရုဏာသက်ရပါသေးတယ်၊ ညီမကို အစ်ကို စကားတစ်ခွန်း ပြောပါရစေ"

"ဘာများလဲရှင်"

"အစ် ... အစ်ကို ညီမကို လက်ထပ်ပါရစေ"

"ရှင်"

ထင်းကူး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရှောင်စုက ...

"အစ်ကိုတို့ တွေ့ခဲ့ကြတာ ဘာမှမကြာသေးပါဘူး၊ ဒါပေမဲ့ အစ်ကို့ရဲ့မေတ္တာကို ညီမ ယုံကြည်စေချင်ပါတယ်၊ ညီမရဲ့ဘဝကို မသိရရင် အစ်ကို ခုလောက် မြန်မြန်ဆန်ဆန်ကြီး ပြောမိမှာလည်း မဟုတ်ပါဘူး၊ အစ်ကို့ရဲ့မေတ္တာကို လက်ခံစေချင်ပါတယ်၊ ညီမကို တင့်တောင့်တင့်တယ် လက်ထပ်ယူပါရစေကွယ်"

ထင်းကူး ခေါင်းငုံ့ထားလိုက်လေသည်။ အမှန်တော့ သူမလည်း ရှောင်စုအား မေတ္တာသက်ဝင်မိပြီ ဖြစ်လေသည်။ ရှောင်စုက

"ညီမ အစ်ကို့ကို လက်ခံမယ် မဟုတ်လားဟင်"

ဟု မေးလေသည်။ ထင်းကူးက ရှောင်စုကို မော့ကြည့်လိုက်ပြီး ...

"အစ်ကိုဟာ လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားတဲ့ နေလခြံဝင်းက သခင်လေးတစ်ယောက်ပါ၊ ညီမလို ရွက်ကျပင်ပေါက်မနဲ့ အစ်ကို့မိဘတွေက သဘောတူပါ့မလားဆိုတာ ထည့်စဉ်းစားပါဦး"

ရှောင်စု ပြုံးလိုက်သည်။

"ဒီအတွက် ဘာမှမပူပါနဲ့၊ အစ်ကို့မိဘတွေဟာ အစ်ကို့ကို သိပ်ချစ်ကြပါတယ်၊ အစ်ကို့အပေါ် လိုက်လျောကြမှာပါ၊ ညီမ လက်ခံမယ် မဟုတ်လားဟင်"

"ဩော် အစ်ကိုရယ် ... မေးနေစရာ လိုသေးလို့လားရှင်"

"ဟာ ... ဝမ်းသာလိုက်တာ ညီမရယ်"

ရှောင်စုမှာ စိတ်မထိန်းနိုင်တော့ဘဲ ထင်းကူးအား သိမ်းကျုံး ပွေ့ဖက်လိုက်လေသည်။ ထိုအချိန်မှာပင် မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီး သမားလေးယောက် ရောက်ရှိလာကြခြင်း ဖြစ်သည်။ မြင်းခွာသံများကြောင့် ရှောင်စုနှင့်ထင်းကူးတို့ ကပျာကယာ



လူချင်းခွဲလိုက်ကြသည်။ ထင်းကူးသည် ဆတ်ခနဲ ထရပ်လိုက်ပြီး ...

"အစ်ကို ပြန်လာပြီ"

ဟု ဝမ်းသာအားရ ပြောလိုက်၏။ ရှေ့ဆုံးမှ မြင်းစီးသမားလူငယ်သည် လွှားခနဲ ခုန်ဆင်းလာပြီး ...

"ညီမလေး"

ထင်းကူးထံ ပြေးဝင်လာ၏။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ ရှောင်စုက ထိုလူငယ်အား အကဲခတ်ကြည့်နေမိပါ၏။ ထင်းကူးက ...

"အစ်ကို ... အစ်ကိုနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ နေလခြံဝင်းက သခင်လေး ရှောင်စုပါ"

ဟုပြောကာ ရှောင်စုဘက်လှည့်ကာ ...

"ဒါ ... ကျွန်မအစ်ကို ကျန်ရှုပါ"

ရှောင်စုနှင့်ကျန်ရှုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြ၏။ သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံတွေ့မိလိုက်ချိန်တစ်နေ့တွင် သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်တွေ့မည်ဖြစ်ကြောင်း ရှောင်စု နားလည်သဘောပေါက်ခဲ့သည်။

အကယ်၍သာ ကျန်ရှုကလည်း သူ့လိုပင် ခံစားလိုက်ရကြောင်း ရှောင်စု သိခဲ့ပါလျှင် ...

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။ အေးမြသောညလေများ တိုက်ခတ်နေ၏။ မွှေးကြိုင်သင်းပျံ့သည့် ညမွှေးပန်းရနံ့များ ပျံ့လွင့်နေသည်။

ရှောင်စုသည် အိမ်ရှေ့မြေကွက်လပ်နံဘေးမှ သစ်ပင်ကြီးတစ်ပင်အနီး၌ရပ်ကာ ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်နေမိလေသည်။

လဝန်းတွင် ချစ်စဖွယ်ကောင်းသည့် ထင်းကူး၏မျက်နှာကလေး ထင်ဟပ်ပေါ်လွင်နေပါသည်။

"ညီမရယ် ... ကျုပ်တို့ဘဝနှစ်ခု နီးစပ်နိုင်ပါ့မလားကွယ်"

ကျန်ရှု ရောက်လာသည့်နေ့မှစ၍ မောင်နှမနှစ်ယောက်စကားဖောင်ဖွဲ့ကာ ပြောမဆုံးနိုင်အောင် ရှိကြလေရာ ထင်းကူးမှာ ရှောင်စုနှင့် အေးအေးဆေးဆေး တွေ့ဆုံနိုင်ခြင်း မရှိတော့ချေ။

ကျန်ရှုကလည်း ညီမဖြစ်သူကို တစ်ချိန်လုံး မျက်စိရှေ့မှောက်မှ အပျောက်မခံပါ။ ကျန်ရှိနေသူများအား ရှိနေသည်ဟုပင် သဘောမထားပုံ မျိုး ဖြစ်နေလေတော့သည်။

တို့အတွက် ရှောင်စုက ကျန်ရှုအပေါ် အပြစ်မတင်လိုပါ။

ကျန်ရှုသည် သူ၏ညီမလေး ထင်းကူးအား ငုံထားမတတ်ချစ်မြတ်နိုးမှန်း နားလည်သဘောပေါက်လေသည် မဟုတ်ပါလား။



ရှောင်စုတစ်ယောက်သည် တွေဝေငေးမောနေချိန်တွင် ရုတ်တရက် နောက်ကျောဘက်မှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်စု ရင်ထိတ်သွား၏။ ခြေသံမကြားအောင် သူ၏နောက်ကျောဘက်သို့ ချဉ်းကပ်လာနိုင်သူမှာ မည်သူဖြစ်ပါသနည်း။

"ကျန်ရှု"

လွှတ်ခနဲ ခေါ်လိုက်သည်။

မှန်ပေသည်။ ကျန်ရှုသည် မလှမ်းမကမ်း၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ ရှောင်စု အံ့သြသွားသည်။ ကျန်ရှုက ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ လာခဲ့တာပါ"

"ကျုပ်နဲ့ ပြောစရာရှိတယ် ဟုတ်လား ... ခင်ဗျားက"

ရှောင်စု၏စကားမဆုံးမီ ကျန်ရှု ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်တို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောကြရင်ကောင်းမယ်"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ကျန်ရှု တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျုပ်ရဲ့ညီမမှာ ဘာမျှော်လင့်ချက်မှ မရှိပါဘူးဗျာ"

"ပင်ဗျား"

"ကျုပ်တို့မောင်နှမဟာ ကိုယ့်အသက်တောင် ကိုယ်မပိုင်ကြပါဘူး။ မြင်းတစ်စီး ဓားတစ်လက်နဲ့ သိုင်းလောကမှာ ကျင်လည်ရင်း ဘယ်နေ့ အသက်ဆုံးရမယ်ဆိုတာ မသိနိုင်တဲ့ဘဝပါ။ ခင်ဗျားက ကျုပ်ညီမကို လက်ထပ်ချင်တယ်ဆိုတော့"

ရှောင်စုဏ်ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဒါ ... ကျုပ်ကို တမင်သက်သက် စော်ကားတာပဲဗျ"

ကျန်ရှု ပါးစပ်ပိတ်ထားလိုက်လေသည်။ ရှောင်စုက ...

"ကျုပ်က ပစ္စည်းဥစ္စာ လိုချင်မက်မောလို့လည်း မဟုတ်ဘူး။ ညီမလေး ထင်းကူးနဲ့ ပတ်သက်ပြီး ဘာကိုမှ မျှော်လင့်ချက်ရှိတာ မဟုတ်ဘူး။ ကျုပ်က သူ့ကို မြတ်နိုးတယ်၊ ဘဝခရီးတစ်လျှောက်လုံး အတူလက်တွဲသွားချင်တာပဲ သိတယ်"

ကျန်ရှု သက်ပြင်းချလိုက်သည်။

"ထင်းကူးအကြောင်း ခင်ဗျား ဘယ်လောက်သိလို့လဲ"

"သူဟာ အင်မတန် မြတ်နိုးတွယ်တာစရာကောင်းတဲ့ မိန်းကလေးဆိုတာ ကျုပ် သိတာပေါ့ဗျာ"

"သူနဲ့ကျုပ်ဟာ မောင်နှမအရင်း မဟုတ်ဘူး၊ ကျုပ်ဟာ သူ့မိဘတွေက မွေးစားခဲ့တဲ့ မွေးစားသားဆိုတာကော ခင်ဗျား သိသလား"

ယခုတစ်ကြိမ် ရှောင်စု ပါးစပ်ပိတ်ထားလိုက်သည်။



ကျန်ရှု ဆက်ပြောသည်။

"ကျုပ်ညီမလေးကို စောင့်ရှောက်ရမယ့် ဝတ္တရား ကျုပ်မှာရှိပါတယ်၊ သူ့မိဘတွေရဲ့ကျေးဇူးဟာ ဆပ်မကုန်နိုင်အောင် ကျုပ်အပေါ်မှာ ရှိနေပါတယ်၊ တကယ်လို့ သူဟာ တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင်"

"သူ တစ်သက်လုံး စိတ်ချမ်းချမ်းသာသာ နေရမှာပါ"

ရှောင်စုက တစ်ခွန်းမခံ ပြောလေသည်။

ကျန်ရှုက အနည်းငယ်တွေးတောစဉ်းစားလိုက်ပြီး ...

"ခင်ဗျားက တကယ်ပဲ ကျုပ်ညီမလေးကို လက်ထပ်ချင်သလား"

"ဒါ မေးစရာမလိုတော့ပါဘူးဗျာ"

"ကောင်းပြီ၊ ခင်ဗျားကို ကျုပ် စမ်းသပ်ကြည့်လို့ သဘောကျတယ်ဆိုရင် ကျုပ် မကန့်ကွက်တော့ပါဘူး"

ရှောင်စု လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ခင်ဗျားက ဘယ်လိုစမ်းသပ်ကြည့်ချင်လို့လည်း ပြောပါ၊ ကျုပ်က ကြောက်တတ်တဲ့လူတစ်ယောက် မဟုတ်ဘူးဗျ"

"ခင်ဗျားဟာ ထိပ်တန်းသိုင်းပညာရပ်တွေ တတ်မြောက်ထားတယ်ဆိုတာ ကျုပ် နားလည်ပါတယ်၊ ကျုပ် စမ်းသပ်မှာက ခင်ဗျားရဲ့ သိုင်းပညာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲဗျ"

"ခင်ဗျားရဲ့စိတ်ဓာတ်"

"ဗျာ"

ကျန်ရှုက တည်ကြည်သော မျက်နှာထားဖြင့် ...

"ခင်ဗျားဟာ သိုင်းလောကအကျိုး အများအကျိုးအတွက် အသက်စွန့်ဆောင်ရွက်တဲ့လူ၊ မတရားမှုကို ရွံ့မုန်းတဲ့လူ၊ မဟုတ်မခံတဲ့လူဖြစ်တယ်ဆိုတာ သေချာရင် ကျုပ်ရဲ့ညီမလေးဟာ ခင်ဗျားအတွက်ကလွဲပြီး ဘယ်သူ့အတွက်မှ မဖြစ်စေတော့ပါဘူးဗျာ"

"ခင် ... ခင်ဗျား တကယ်ပြောတာနော်"

"ကျုပ်က စကားနှစ်ခွန်းမပြောတတ်ပါဘူးဗျာ"

"ကောင်းပြီ၊ ကျုပ်သဘောတူတယ်၊ ကဲ ... ခင်ဗျား ဘယ်တော့စမ်းသပ်မလဲ၊ ဘယ်လိုစမ်းသပ်ချင်သလဲ ပြောပါ"

"မနက်မိုးလင်းတာနဲ့ ကျုပ်တို့ ဒီမြို့ကလေးက ထွက်သွားကြမယ်၊ ကျုပ်တို့နဲ့အတူ လိုက်ခဲ့ရလိမ့်မယ်"

ရှောင်စု ပြုံးလိုက်သည်။ မကြာမီ သူသည် သိုင်းလောက၌ ခြေသလုံးအိမ်တိုင် လှည့် လည်သွားလာရင်း အများအကျိုးအတွက် အသက်စွန့်ဆောင်ရွက်သူဘဝ၌ ကျင်လည်ကျက်စားရတော့မည်ဖြစ်ကြောင်း နားလည် သဘောပေါက်မိလိုက်လေသည်။

"တစ်နှစ်လောက်တော့ ခင်ဗျား အချိန်ပေးနိုင်ပါတယ်နော်"



"တစ်နှစ်မဟုတ်ဘူး၊ တစ်သက်လုံးဆိုရင်လည်း ကျုပ်ကမှုမှာမဟုတ်ဘူးဗျ"

ကျန်ရှု ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မနက်ဖြန် ခရီးထွက်ဖို့ အသင့်ပြင်ထားပါ"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

❖

ခြောက်လ။ ရှောင်စုသည် ကျန်ရှုတို့လူစုနှင့်အတူ သိုင်းလောကတွင် ကျင်လည်ကျက်စားခဲ့သည်မှာ ခြောက်လတင်းတင်းပြည့်ခဲ့ပြီ ဖြစ်လေသည်။ ထင်းကူးနှင့်အတူ သွားလာနေထိုင်ခဲ့ခြင်းကြောင့် ပျော်ရွှင်နေ၏။ နေလခြံဝင်းအကြောင်း တစ်ခွန်းမျှပင် မဟာခဲ့ချေ။

သိုင်းလောကအား ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသည့် အနက်ရောင်သိုင်းသမားများနှင့် သက်စွန့်ဆံဖျား ရင်ဆိုင်ရာ၌လည်း ပင်ပန်းကြမ်းတမ်းသည်။ အန္တရာယ်များသည်ဟု တစ်ကြိမ် တစ်ခါမျှ မညည်းညူဖူးချေ။

ကျန်ရှုတို့လူစုနှင့်အတူ လက်တွဲညီညီ ရင်ဆိုင်ခဲ့ရသည်ချည်ပင်။ ရှောင်စု၏ထက်မြက်သောသိုင်းပညာကြောင့် ကျန်ရှုတို့ လူစုမှာ သိုင်းလောက၌ ပို၍ထင်ရှားကျော်ကြားလာသည်။ ကျန်ရှုကိုယ်တိုင်

ရှောင်စုအား ကျေနပ်သဘောကျနေလေတော့သည်။

တစ်နေ့။ ထိုတစ်နေ့သည် ရှောင်စုနှင့်ကျန်ရှုတို့၏ဘဝ အပြောင်းအလဲ ဖြစ်သွားစေမည့်နေ့ ဖြစ်ပေသည်။ ထိုနေ့အား အရေးကြီးသည့်နေ့တစ်နေ့ဖြစ်လာစေရန် ကျန်ရှုကပင် အတည်ပြု ပေးခဲ့ခြင်း ဖြစ်ပေသည်။

ထိုနေ့က ... အခန်းတွင်း၌ လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြသည်။ အားလုံးသည် စိတ်လှုပ်ရှားသည့်အသွင် ရှိနေကြသည်။ ကျန်ရှုကို ဝိုင်းကြည့်နေကြသည်။ ရှောင်စုနှင့်ထင်းကူးတို့လည်း ပါဝင်ကြပေသည်။ သူတို့နှစ်ယောက် အစူးယှဉ်တွဲထိုင်ကာ ကျန်ရှုကို ကြည့်နေကြသည်။ ကျန်ရှုက ထိုင်ရာမှ ထရပ်လိုက်သည်။

ဝိုင်းဖွဲ့ထိုင်နေကြသူများကို ဝေ့ကြည့်လိုက်ပြီး ...

"ဒီတစ်ခါ ကျုပ်တို့ ဆောင်ရွက်ရမယ့်ကိစ္စဟာ အတော့်ကို အရေးကြီးနေတယ်၊ နည်းနည်းကလေးမှ ချွတ်ချော်တိမ်းယွင်းသွားလို့မရဘူး၊ အားလုံး သတိဝီရိယနဲ့ လုပ်ကိုင်ရမယ်ဆိုတာ အရင်ဆုံး မှတ်ထားဖို့ ကျုပ်ပြောချင်တယ်"

ဟု စကားစလိုက်လေသည်။ အားလုံးသည် ကျန်ရှုဆက်ပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြလေသည်။

ကျန်ရှုက ...

"ကျုပ်တို့ ရင်ဆိုင်ရမယ့်လူဟာ သိုင်းဆရာကြီးစွန်းဂူးရဲ့



သားဖြစ်တယ်ဆိုတာကို ပထမသိထားရမယ်"

"ဟာ"

လူတစ်ယောက်က လွှတ်ခနဲ အော်လိုက်လေသည်။

ကျန်ရှုက ဝမ်းခုံမှာ ဗလကြီးတစ်ယောက် ဖြစ်ပေသည်။

ဝမ်းခုံက ...

"အစ်ကိုကြီး စွန်းဂူးဟာ အထင်ကရ သိုင်းသမားကြီးတစ်ယောက်ပါ၊ သူ့ရဲ့သား စွန်းဖုန်းဟာလည်း လူအများ ကြည်ညိုလေးစားမှုခံရသူပါ၊ ကျုပ်တို့က စွန်းဖုန်းကို ရင်ဆိုင်ရမယ်ဆိုတာ ဘာကြောင့်လဲ၊ အကြောင်းမခိုင်လုံဘဲနဲ့တော့ သွားပြီးတိုက်ဖို့ မကောင်းတာအမှန်ပဲဗျ"

ဟု ပြောလေသည်။ ကျန်ရှုက ...

"ဝမ်းခုံ ... မင်းက ငါ့ကို မယုံဘူးလား"

ဟု မေးလိုက်၏။ ဝမ်းခုံ သက်ပြင်းချလိုက်သည်။

"အစ်ကိုကြီးအပေါ် မယုံကြည်နိုင်စရာ အကြောင်းမရှိပါဘူးဗျ"

"ကောင်းပြီ၊ ငါက မသေချာဘဲ ဘယ်တော့မှ မပြောဘူးဆိုတာ မှတ်ထားပါ"

"ကျွန်တော် လောကြီးသွားတာ ခွင့်လွှတ်ပါ အစ်ကိုကြီး"

ဝမ်းခုံက တောင်းပန်လိုက်လေသည်။

ကျန်ရှုက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"စွန်းဖုန်းဟာ လူအများရဲ့ကြည်ညိုလေးစားမှု ခံရတာရယ်၊ ဖခင်ဖြစ်သူရဲ့ အရှိန်အဝါရယ် အသုံးချပြီး ကွယ်ရာမှာ မကောင်းမင တွေ လုပ်နေတယ်လို့ အခိုင်အမာ သိထားပြီးပြီ၊ ဒီကိစ္စကို ကျုပ်တို့ ဖော်ထုတ်ရလိမ့်မယ်"

ဟု ပြောလိုက်၏။ ခမောက်တစ်လုံး ချိတ်ဆွဲထားသည့် မီးခိုးရောင်ဝတ်ဆင်ထားသူက ...

"အစ်ကိုကြီး ... စွန်းဖုန်းလိုလူမျိုးက မကောင်းမှုလုပ်နေ တယ်ဆိုရင် မဖော်ထုတ်ဘဲ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ ဖော် ထုတ်ရင်လည်း အခက်အခဲ ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာ သေချာ တယ်၊ စွန်းဂူးဟာ သူ့ရဲ့သားဟာ မကောင်းတဲ့လူ ဖြစ်နေပါစေ၊ သိုင်း လောကမှာ လူသိရှင်ကြား ကြေညာခံမယ့်လူ မဟုတ်ဘူးဗျ"

ဟု ပြောလေသည်။ ကျန်ရှု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းပြောတာ မှန်တယ်၊ စုဝမ်ချင်းတို့ အကြောင်းကို သိမယ်ဆိုရင် စွန်းဂူးက ဖြစ်တဲ့နည်းနဲ့ ဟန့်တားမှာ သေချာတယ်၊ ဒါကြောင့် ကြိုတင်အကွက်ချစီစဉ်ပြီး စနစ်တကျ လုပ်မှ ဖြစ်မယ်၊ ငါတို့ဟာ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်ပြီး စွန်းဖုန်းကို လက်ရဖမ်းမယ်၊ ပြီးတော့ သူ့အပြစ်တွေကို လူသိရှင်ကြား ဝန်ခံနိုင်း ရမယ်"



ဆံပင်စုတ်ဖွားနှင့် ဂူးဝိဆိုသူက ...

"အစ်ကိုကြီး ... ဒီလိုလုပ်မယ်ဆိုရင် အင်မတန် ခက်ခဲနေ ပါလိမ့်မယ်၊ သူ့ကို ရှင်းပစ်လိုက်တာ အကောင်းဆုံးဖြစ်မယ်ထင် တယ်"

ဟု ပြောလေသည်။ ကျန်ရှုက ...

"ရှင်းပစ်လိုက်တာက ပိုလွယ်မယ်ဆိုတာ ငါနားလည်ပါ တယ်၊ ဒါပေမဲ့ စွန်းဂူးနဲ့ ရင်ဆိုင်ရမှာ အသေအချာပဲ"

"စွန်းဖုန်းက သူ့အပြစ်တွေ ဝန်ခံမယ်ဆိုရင် စွန်းဂူးလည်း ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူးလို့ အစ်ကိုကြီး ဆိုလိုချင်တာပေါ့"

ကျန်ရှု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ စွန်းဖုန်းက သူ့အပြစ်ကို ဝန်ခံနေမှတော့ စွန်းဂူး မကျေနပ်လည်း ဘာတတ်နိုင်တော့မှာလဲ"

ဂူးဝိ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေ သည်။ ကျန်ရှု၏အစီအစဉ်သည် အလွန်အန္တရာယ်များမှန်း လူ တိုင်းနားလည်သဘောပေါက်သွားကြပြီ ဖြစ်လေသည်။ ကျန်ရှုက

"ကျုပ်တို့ ဘာလုပ်မယ်ဆိုတာ သိကြပြီဆိုရင် ဘယ်လိုလုပ် ရမယ်ဆိုတာ ရှင်းပြမယ်"

ဟု ပြောလေသည်။ ကျန်ရှုသည် ခေါင်းဆောင်ဖြစ်သည်နှင့် အညီ အရေးကိစ္စကြုံတိုင်း ဦးဆောင်ဖြေရှင်းလေ့ရှိသည်။

မလိုလားအပ်သူများ အနက်ရောင်သိုင်းသမားများအား သုတ်သင်ရှင်းလင်းပစ်ရာ၌လည်း စနစ်တကျ အကွက်ချစီစဉ်ပြီးမှ ရင်ဆိုင်လေ့ရှိသည်။

ထို့ကြောင့် ကျန်ရှုသည် တိုက်ပွဲတိုင်း၌ အောင်ပွဲခံခဲ့ခြင်း ဖြစ်ပေသည်။ ယခုလည်း စွန်းဖုန်းအား ချေမှုန်းရန် ကြိုတင်သတင်းစု ဆောင်းကာ ပြင်ဆင်ထားခဲ့ပြီးဖြစ်ကြောင်း ထင်ရှားလေသည်။

ကျန်ရှုဆက်ပြောလာမည့် စကားများကို အားလုံးက စိတ်ဝင်စားစွာ နားစွင့်နေကြလေတော့သည်။ ကျန်ရှုက ...

"စွန်းဖုန်းကို ဖမ်းဆီးဖို့မှာ အဓိက အပိုင်းသုံးပိုင်းရှိတယ်၊ ဒါကြောင့် တို့က လူစုသုံးစုခွဲရလိမ့်မယ်၊ ပထမတစ်စုက စွန်းဖုန်းရဲ့ ကိုယ်ရံတော်တွေကို တာဝန်ယူရမယ်၊ ဒီလူစုကို ဂူးပိ၊ ဝမ်းခုံနဲ့ စုဝမ် ချင်းတို့ တာဝန်ယူရမယ်"

ဗလကြီး ဝမ်းခုံ၊ တံငါသည်စုဝမ်ချင်းနှင့် ဆံပင်စုတ်ဖွား ဂူးပိတို့ ကျေနပ်သွားကြလေသည်။ ကျန်ရှုက ...

"ဒုတိယလူစုကတော့ စွန်းဖုန်းကို ဝင်ဖမ်းဖို့ တာဝန်ယူရ မယ်၊ ဒီအဖွဲ့ကို ကျုပ်ရဲ့ညီမလေး ထင်းကူးက တာဝန်ယူမယ်"

ဟု ပြောလေသည်။ အရေးကြီးသည့် တာဝန်အသီးသီး ခွဲဝေယူလိုက်ကြပြီး သော်လည်း သူ့အတွက် တာဝန်ပေးအပ်လာခြင်း မရှိသေးသဖြင့် ရှောင်စု မျက်မှောင်ကြုတ်သွားလေသည်။ ကျန်ရှုကို



မျက်မှောင်ကြုတ်ကာ ကြည့်မိလေသည်။ ကျန်ရှုကလည်း သူ့အား စိုက်ကြည့်လိုက်ပြီး ...

"တတိယကဏ္ဍကိုတော့ ရှောင်စုက တာဝန်ယူရလိမ့်မယ်၊ ကျုပ်တို့ရဲ့ အစီအစဉ်မှာ အရေးအကြီးဆုံး တာဝန်မို့ ရှောင်စုကို ထမ်း ဆောင်ခိုင်းရတာပဲ၊ သူကလွဲပြီး ဘယ်သူမှ တာဝန်ယူနိုင်မှာ မဟုတ် ဘူး"

ဟု ပြောလေသည်။ ထိုစကားကြားလျှင် ရှောင်စု ကျေနပ် သွားလေသည်။ ထင်းကူးက သူ့အား လှမ်း၍ ပြုံးပြလိုက်၏။

ရှောင်စုက ...

"ကျုပ်က ဘယ်လိုတာဝန်မျိုးပဲဖြစ်ပါစေ သက်စွန့်ကြိုးပမ်း ထမ်းဆောင်မယ်လို့ ကတိပြုပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။ အားလုံးသည် ရှောင်စုအား ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်ကြလေသည်။ ကျန်ရှုက ...

"မိတ်ဆွေရှောင်စု ခင်ဗျား တာဝန်ယူရမှာက စွန်းဂူးပဲ"

"ဟင်"

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ရှောင်စု ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။ ကျန်ရှုက ...

"မကြာခင်မှာ စွန်းဖုန်းဟာ ကိုယ်ရံတော်အနည်းငယ်နဲ့ တောင်ကြားမြို့ကလေးကို ရောက်လာကြလိမ့်မယ်၊ အဲဒီမှာ သူ့

အဖေစွန်းဝူးနဲ့ တွေ့ဆုံကြလိမ့်မယ်၊ သူတို့အချင်းချင်း မတွေ့ခင် ကျုပ်တို့ ကြားက ကြားဖြတ်တိုက်ရမှာ၊ ဒီတော့ ကျုပ်တို့လူစု စွန်းဖုန်းကို ရင်ဆိုင်နေတုန်း စွန်းဝူး ရောက်မလာရလေအောင် သူလာမယ့်လမ်း ကနေပြီး တားဆီးရလိမ့်မယ်”

“ကျုပ်က ဘယ်လိုတားဆီးရမှာလဲ”

“ခင်ဗျား ကြိုက်တဲ့နည်းကို အသုံးပြုနိုင်တယ်”

ရှောင်စု သက်ပြင်းချလိုက်လေသည်။ စွန်းဖုန်းတို့ သားအဖ နှစ်ယောက် ဆုံတွေ့သွားရန် မည် သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ သူတို့ ဆုံတွေ့မိကြပြီဆိုလျှင် စွန်းဖုန်းအား ဖမ်းဆီးရန် လွယ်မည် မဟုတ်တော့ချေ။

စွန်းဖုန်းသည် မကောင်းမှုများ ပြုလုပ်နေသူဖြစ်၍ ကိုယ့်ကိုယ်ကိုယ် လိမ်ပြာမလုံဘဲ လွန်စွာမှပင် သိုသိုသိပ်သိပ် နေထိုင်သူ ဖြစ်လေသည်။

အများက အဖြူရောင်သိုင်းသမားဟု ထင်မှတ်နေကြသည် ကတစ်ကြောင်း၊ သိုင်းသမားကြီးစွန်းဝူး၏သားဖြစ်နေသည်က တစ်ကြောင်းမို့ သူ့အား အကူအညီပေးမည့်သူ မရှားပါ။

စွန်းဖုန်းအား တိုက်ခိုက်ဖမ်းဆီးရန် မဆိုထားနှင့် အနား ကပ်ဖို့ပင် လွယ်မည် မဟုတ်ပါချေ။ ရှောင်စုက ...

“ကျုပ်က စွန်းဝူးကို ဖြစ်တဲ့နည်းနဲ့ တားဆီးထားပါ့မယ်လို့



ကတိပြုပါတယ်ဗျာ”

ဟု ပြောလိုက်၏။ ကျန်ရှူက ...

“ကောင်းပြီ ... ကိုယ့်တာဝန် ကိုယ်နားလည်ကြပြီဆိုရင် ဘယ်လိုစီးနင်း တိုက်ခိုက်ကြရမယ်ဆိုတာ ကျုပ် ရှင်းပြမယ်”

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေလိုက်ကြသည်။

ကျန်ရှူသည် စွန်းဖုန်းအား ဖမ်းဆီးရန် ကြိုးစားရာ၌ တစ်ဆင့်ပြီးတစ်ဆင့် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်သွားရမည်ကို ဆက်၍ ရှင်းလင်းပြောပြလိုက်လေတော့သည်။

❋

တောင်ကြားမြို့။ တောင်ကြားမြို့ကလေးမှာ စည်ကား သိုက်မြိုက်သောမြို့ကလေးတစ်မြို့ ဖြစ်လေသည်။ တောင်ကြီး တစ်လုံး၏ခြေရင်း၌ မြို့တည်ထားပြီး မနီးမဝေးတွင် တောင်ကြား လမ်းတစ်ခု ရှိပေသည်။

ရှောင်စုသည် တောင်ကြားမြို့သို့ ရောက်ရှိလာပြီ ဖြစ်လေ သည်။ သူ၏စိတ်များ လှုပ်ရှားနေသည်။ ထင်းကူးပြောခဲ့ သည့်စကားများကို ပြန်လည်ကြားယောင်နေမိလေသည်။

“အစ်ကို ... စွန်းဖုန်းကိုဖမ်းပြီး မတရားမှုတွေကို ဖော်ထုတ် နိုင်မယ်ဆိုရင် သိုင်းလောကကြယ်တွေဟာ ဘယ်လောက်အထိ

အရေးပါတယ်ဆိုတာ လူတိုင်းသိလာကြလိမ့်မယ်၊ သိုင်းလောကမှာ တရားမျှတမှုရဲ့ ဘက်တော်သားတွေ အောင်ပွဲခံနိုင်မှာပဲ၊ အစ်ကို ကျန်ရှုက စွန်းဖုန်းကို ဖမ်းနိုင်ဖို့ ကြိုးစားနေကြတာ ကြာပြီ၊ ဒီတစ် ကြိမ် ကျွန်မတို့ အောင်ပွဲခံနိုင်ကြမယ်ဆိုရင် အစ်ကိုဟာ ညီမတို့ကို လက်ထပ်ခွင့်ပြုတော့မယ်လို့ ပြောတယ်၊ ညီမတို့ အစွမ်းကုန်ကြိုး စားရမှာပဲ"

ရှောင်စုသည် ထင်းကူး၏စကားများ ကြားယောင်လာ သည်နှင့် ...

"အစ်ကို အစွမ်းကုန်ကြိုးစားပါ့မယ် ညီမရယ်"

ဟု တီးတိုးရေရွတ်လိုက်သည်။

စွန်းဂူးအား တားဆီးရန် သူစီစဉ်ထားပုံများကို ပြန်ပြောင်း တွေးတောလိုက်လေသည်။ စွန်းဂူးသည် တောင်ပိုင်းမြို့မှာနေပြီး တောင်ကြားမြို့ ကလေးဆီသို့ လာလိမ့်မည်ဖြစ်သည်။

စွန်းဂူးလာရာလမ်းတစ်လျှောက်မှာ လူသွားလူလာမပြတ် သည့် လမ်းမကြီးဖြစ်နေသည်။ သူ၏တာဝန်သည် စွန်းဂူးအား သုတ်သင်ရှင်းလင်းပစ်ရန် မဟုတ်ပါချေ။

စွန်းဂူးနှင့်စွန်းဖုန်းတို့ ဆုံတွေ့ခြင်း မရှိစေရန် တားဆီးပေး ဖို့သာ ဖြစ်၏။ စွန်းဂူးသည် တောင်ကြားမြို့ကလေးသို့ ရောက်လာ လျှင် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အနားယူစားသောက်လေ့



ရှိသည်။

ထိုစားသောက်ဆိုင်မှာ စွန်းဂူးအား အချိန်ဆွဲထားရန် အကောင်းဆုံးနေရာဖြစ်သည်ဟု ကျန်ရှုက အကြံပေးခဲ့သည်။ ရှောင်စု တွေးမိသည်မှာ စွန်းဂူးတောင်ကြားမြို့သို့ ရောက်လာလျှင် စွန်းဖုန်းအား တိုက်ခိုက်နေသူများအတွက် အချိန်လုံလောက်စွာ ရတော့မည်မဟုတ်ဟုလည်းကောင်း၊ စွန်းဂူးသည် စွန်း ဖုန်းဘက်မှ ချက်ချင်း ရပ်တည်ကူညီလာနိုင်သည်ကို တွေးမိ၍လည်းကောင်း၊ ကျန်ရှု၏အစီအစဉ်ကို ဖယ်ရှားကာ တောင်ကြားမြို့သို့ လာရာလမ်း ခရီး၌ပင် ကြားဖြတ်တားဆီးရန် ရှောင်စု ဆုံးဖြတ်လိုက်လေသည်။

ကျန်ရှုတို့နှင့်လူစုခွဲကာ စွန်းဂူးလာမည့်လမ်းဆီသို့ ဦးတည် ထွက်ခွာလာခဲ့လေသည်။ တောင်ကြားမြို့ကလေးသို့ ဦးတည်သွားရာ လမ်းဆုံလမ်းခွတစ်ခုသို့ရောက်လျှင် ရှောင်စု မြင်းကိုရပ်တန့်လိုက် သည်။

လမ်းဘေးရှိ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက် မြင်းကို ချည်နှောင်ထားလိုက်ပြီး လမ်းဆုံလမ်းခွဆီသို့ မျှော်ကြည့် လိုက်၏။ ဝဲဘက်လမ်းကလေးမှာ စွန်းဂူးလာမည့် လမ်းဖြစ်ပေသည်။

စွန်းဂူးသည် နေလခြံဝင်းသို့ အလည်အပတ်ရောက်လာခဲ့ ဖူးသူ ဖြစ်သည်။ ထို့ကြောင့် သူ့အား မှတ်မိကောင်း မှတ်မိနေနိုင် သည်ဟု ရှောင်စု တွေးနေမိလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ ရှောင်စုသည် ကောင်းကင်ပေါ်မှ နေဝင်းကို မော့ကြည့်လိုက်ပြီး ...

"စွန်းဝူး လာဖို့ကောင်းနေပြီ"

ဟု ရေရွတ်မိလိုက်သည်။ နေမွန်းတည့်တော့မည် မဟုတ်ပါလား။ နေမွန်းတည့်ချိန်တွင် စွန်းဖုန်းသည် ကိုယ်ရံတော်များနှင့် အတူ တောင်ကြားမြို့ကလေးဆီသို့ အနောက်ဘက်လမ်းမှ ရောက်လာမည်ဖြစ်သည်။

စွန်းဝူးကား အရှေ့ဘက်လမ်းမှ လာမည်ဖြစ်လေသည်။ ဆန့်ကျင်ဘက်အရပ်မှ လာခဲ့ကြသည့် သားအဖနှစ်ယောက်သည် မြို့ထဲ၌ ဆုံတွေ့ကြမည် ဖြစ်ပေသည်။

"သူတို့ ဘယ်တော့မှ ဆုံတွေ့နိုင်ကြမှာ မဟုတ်ပါဘူး"

ရှောင်စု တွေးတောနေစဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

ဝဲဘက်လမ်းကလေးဆီမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်စု စိတ်လှုပ်ရှားသွားသည်။

"သူလာပြီ"

ခါးမှဓားကို လျှပ်တစ်ပြက် ဆွဲထုတ်နိုင်ရန် အဆင်သင့်ပြင်ထားလိုက်သည်။ ထို့နောက် သစ်ပင်ရိပ်အောက်မှ လှမ်းထွက်လိုက်၏။



လမ်းပေါ်၌ မားမားမတ်မတ်ရပ်ကာ လမ်းပိတ်ထားလိုက်လေသည်။ စွန်းဝူးအား မဖြစ်မနေ တားဆီးရမည်သာ ဖြစ်လေသည်။

ရှောင်စု ရင်ကော့ကာ ရပ်စောင့်နေစဉ်မှာပင် မြင်ကွင်းအတွင်းသို့ မြင်းနှစ်ကောင် ဝင်ရောက်လာကြလေသည်။ ရှောင်စု လမ်းပိတ်ထားသည်ကို မြင်လျှင် မြင်းစီးသမားနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ချက်ချင်းပင် ...

"ဟေ့ ... ရပ်လိုက်စမ်း"

မြင်းများကို အော်ငေါက်ကာ ရပ်လိုက်ကြလေသည်။ မြင်းစီးသမားများသည် ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းလာကြလေသည်။ ထိုလူနှစ်ယောက်မှာ အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုများ ဖြစ်ကြပေသည်။ တစ်ယောက်မှာ ကြက်သွေးရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ကြက်သွေးရောင် ဝတ်ဆင်ထားသည့် အဘိုးအိုမှာ စွန်းဖုန်း၏ဖခင် စွန်းဝူးဖြစ်လေသည်။ ရှောင်စုသည် စွန်းဝူးကို အာရုံစိုက်နေသဖြင့် အဖြူရောင်ဝတ်ဆင်ထားသည့် အဘိုးအိုအား သတိမပြုမိလိုက်ချေ။ စွန်းဝူးက ...

"ဟေ့ ... မင်းက ဘာသဘောနဲ့ လမ်းပိတ်ထားတာလဲကွ"

ဟု အော်ငေါက်မေးမြန်းလေသည်။ ရှောင်စုက ...

"ကျုပ်က ဦးရဲ့ပညာကို ..."

သူ၏စကားမဆုံးမီ ...

"သား ... သားက ဒီမှာရောက်နေတာကိုး၊ ဖေဖေ သားကို လိုက်ရှာနေတာ ကြာပြီ၊ သားအမေ အသည်းအသန်ဖြစ်နေတယ်ကွဲ့"

အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုစကားသံ ထွက်ပေါ်လာလေသည်။ ရှောင်စု ကြောင်အမ်းအမ်းဖြစ်သွားသည်။ အလန့်တကြား မော့ကြည့်လိုက်သည်။

"ဟင် ... ဖေဖေ"

မှန်ပေသည်။ အဖြူရောင်ဝတ်ဆင်ထားသည့် အဘိုးအိုမှာ နေလခြံဝင်း ပိုင်ရှင် ရှောင်ဖွေးဖြစ်နေပေတော့သည်။

ရှောင်ဖွေးသည် ရှောင်စုအား မမျှော်လင့်ဘဲ တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။

"သား ... သားမေမေဟာ သားရဲ့သတင်းကို မကြားရတော့တာနဲ့ စိုးရိမ်ပူပန်ပြီး ရောဂါဝေဒနာစွဲကပ်လာတော့တာပါပဲ၊ ခုဆို အိပ်ရာထဲလဲနေတာ သုံးလလောက်ရှိသွားပြီ၊ နေ့လား၊ ညလား စိုးရိမ်ရတဲ့ အခြေအနေရောက်နေပြီ၊ သားကို တတွတ်တွတ် မေးနေတော့တာပဲ၊ နေလခြံဝင်းကလူတွေကို လိုက်ရှာခိုင်းလို့ အားမရတာနဲ့ ဖေဖေကိုယ်တိုင် ထွက်ပြီးရှာနေတာ၊ သား အိမ်ပြန်လိုက်ခဲ့မှဖြစ်မယ်"



ရှောင်စု လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဖေဖေ ... မေမေ, မေမေ အသည်းအသန်ဖြစ်နေတယ်၊ ဟုတ်လားဟင်"

"ဟုတ်တယ်၊ သား ပြန်လိုက်ခဲ့မှဖြစ်မယ်"

ရှောင်စုသည် တစ်နှစ်ခန့် ကွဲကွာနေသည့်အိမ်ကို လွမ်းဆွတ်လာသည်။

ဖခင်ဖြစ်သူအား သတိရလာလေသည်။ ရှောင်ဖွေးက ...

"သား မေမေ့ရဲ့အသက်ကို မီချင်တယ်ဆိုရင် သား ချက်ချင်း ပြန်လိုက်မှဖြစ်မယ်"

ရှောင်စုသည် ကျန်ရှုတို့လူစုနှင့် တိုင်ပင်ထားသည့် အစီအစဉ်များကို မေ့လျော့သွားလေသည်။

"ကျွန်တော် လိုက်ခဲ့ပါ့မယ် ဖေဖေ"

ရှောင်ဖွေးက စွန်းဂူးဘက်သို့လှည့်ကာ ...

"မိတ်ဆွေ ... ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ဟု ပြောလိုက်၏။ စွန်းဂူး ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ခင်ဗျားရဲ့သားကို ကျုပ်က ကူညီရှာပေးရမယ် ထင်နေတာ၊ အခုတော့ မမျှော်လင့်ဘဲ တွေ့ဆုံမိကြတော့ မပင်ပန်းတော့ဘူးပေါ့ဗျာ၊ ကဲ ... ကဲ ... ခင်ဗျားတို့ အရေးကြီးနေတယ် မဟုတ်လား၊ သွားကြပေတော့၊ ခရီးတွင်အောင် ကျုပ်ရဲ့

မြင်းကို ယူသွားပေတော့"

"ကျေးဇူးပါပဲဗျာ၊ ကဲ ... သား မြင်းပေါ်တက်၊ ဖေဖေတို့ သွားကြရအောင်"

ရှောင်စုသည် စွန်းဝူး၏မြင်းပေါ် ခုန်တက်လိုက်သည်။ ထို့နောက် ဖခင်ဖြစ်သူနှင့်အတူ လိုက်ပါသွားလေသည်။ ရှောင်စုက စွန်းဝူးအား တားဆီးရန် မေ့လျော့သွားသည့်အပြင် စွန်းဝူး၏မြင်းကို စီးနင်းသွားခဲ့သည်။

ထိုအချက်သည် သိုင်းလောကကြယ်များ (ဝါ) ကျန်ရှိတို့ လူစုအတွက် အထင်မှားစရာ ဖြစ်ခဲ့ရပေသည်။

အရေးကြီးဆုံးတာဝန်ကို လျစ်လျူရှုကာ ထွက်သွားခြင်းကြောင့် နည်းနည်းနှင့်မျှ ခွင့်မလွှတ်နိုင်ကြပါချေ။ ရှောင်စုသည် စွန်းဝူးအား တားဆီးထားရမည်ကို သတိလစ်သွားသော်လည်း စွန်းဝူး သတိမလစ်ဟင်းပါ။ ရှောင်စုတို့ သားအဖ ထွက်သွားကြမှ ...

"သူက ငါတို့ကို လမ်းပိတ်ထားခဲ့တာ ဘာကြောင့်လဲ၊ ငါ့သားဟာ သူတို့လူတစ်စုက ဒုက္ခပေးဖို့ ကြိုးစားနေတဲ့ အထောက်အထားတွေ တွေ့ရတာ အမြန်ဆုံး လာကူညီပါလို့ ငါ့ကို လှမ်းပြီး အကူအညီတောင်းလိုကတာ၊ ဘာကြောင့်လဲ၊ ရှောင်စုက ငါ့ကို တားဆီးဖို့ ကြိုးစားနေတာနဲ့ သက်ဆိုင်နေမှာ သေချာတယ်"

အတန်ကြာ တွေးတောစဉ်းစားပြီးမှ ...



"ဟင် သူတို့က ဒီကိုရောက်နေကြပြီဆိုတော့ ငါ့သားကို ဒုက္ခပေးကြတော့မှာ သေချာတယ်"

ဟူ၍ ရေရွတ်ကာ တောင်ကြားမြို့ကလေးဆီသို့ တစ်ရှိန်ထိုး ပြေးလွှားသွားလေတော့သည်။

❁ ❁ ❁

## သိပ်လျှို့တဲ့လူ

ရှောင်အင်းနှင့် ရုပ်ဆိုးမတို့သည် ပညာရှိ အဘိုးအိုဏ၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြလေသည်။ မီးပုံ၌ မီးသေသွားပြီဖြစ်သည်။ ထို့ကြောင့် ပညာရှိအဘိုးအိုက ထင်းခြောက်များယူကာ မီးထိုးပေးလိုက်သည်။ မီးတောက်များ ထွက်ပေါ်လာသည်။

ပညာရှိအဘိုးအိုးက ...

"စွန်းဂူးကို ရှောင်စုက ဟန့်တားခြင်းမပြုခဲ့ပေမယ့် ကျန်ရှုတို့လူစုက စွန်းဖုန်းကို စောစောစီးစီး အငိုက်ဖမ်းတိုက်ခိုက်နိုင်ခဲ့လို့ တစ်ပန်းသာသွားတယ်လေ၊ စွန်းဂူးရောက်သွားတော့ စွန်းဖုန်းဟာ ကျန်ရှုရဲ့လူတွေကြောင့် အတော်ခံလိုက်ရသေးတယ်၊ ကျန်ရှုက စွန်းဖုန်းကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်မှ စွန်းဂူး လက်လျှော့သွားကာ"

ရှောင်အင်းက ...

"စွန်းဖုန်းကို သူတို့က ဘာလုပ်လိုက်ကြသလဲ"

"စွန်းဖုန်းဟာ သူ့ရဲ့အပြစ်တွေကို ဝန်ခံတယ်လေ၊ စွန်းဂူးရဲ့ မျက်နှာကိုထောက်ထားပြီး သူ့ရဲ့သိုင်းပညာကိုပဲ ဖျက်ဆီးပြီး လွှတ်



ပေးလိုက်တယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး စွန်းဂူးကား သိုင်းလောကမှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ရတာပါ၊ တစ်နှစ်လောက် သိုင်းလောကက ပျောက်သွားပြီး ထိုက်စန်းတောင် တိုက်ပွဲကျမှ ပြန်ပြီး ထွက်ပေါ်လာတာ သူက ကြားဝင်ဖြေရှင်းပေးခဲ့လို့ပဲ သိုင်းလောကတိုက်ပွဲကြီးကို ရှောင်ရှားနိုင်ခဲ့တာပေါ့"

"ထိုက်စန်းတောင်တိုက်ပွဲအကြောင်း ပြောပြပါဦးရှင်"

ရုပ်ဆိုးမက မေးလေသည်။ ပညာရှိအဘိုးအိုက ...

"စောစောက ငါပြောခဲ့တဲ့ စွန်းဖုန်းကို ဖမ်းဆီးဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျန်ရှုနဲ့ရှောင်စုတို့ သဘောထားကွဲခဲ့ကြတယ်၊ ရှောင်စုဟာ သူ့အမေ နေမကောင်းလို့ နေလခြံဝင်းက ပြန်ထွက်မလာနိုင်ခဲ့ဘူး၊ ဒီအချိန်မှာ သူတို့ဘက်က သတင်းကြားတယ်မသိဘူး၊ ကျန်ရှုနဲ့ ထင်းကူးတို့ဟာ မောင်နှမမဟုတ်ဘဲ တိတ်တိတ်ပုန်း ညာနေတာလို့ စွပ်စွဲကြတော့တာပဲ"

"ဟင် ... ဒါကို ရှောင်စု မသိဘူးလား"

"ရှောင်စုကိုယ်တိုင်က စွပ်စွဲတာ"

"ဟင်"

ရုပ်ဆိုးမ တအံ့တသြ ဖြစ်သွားလေသည်။

ပညာရှိ အဘိုးအိုက ဆက်ပြောသည်။

"ထင်းကူးနဲ့ ရှောင်စုဟာ လက်မထပ်ရသေးပေမယ့် အတူ

တကွဲ နေထိုင်ခဲ့ကြလို့ စည်းကျော်မိတဲ့အတွက် ထင်းကူးမှာ ရှောင်စုနဲ့ ရတဲ့ကိုယ်ဝန် ရှိနေတယ်လို့ ကျန်ရှုက ပြောတယ်၊ စွန်းဖုန်းရဲ့ကိစ္စမှာလည်း သစ္စာဖောက်တယ်လို့ စွပ်စွဲတယ်၊ ရှောင်စုက ထင်းကူးရဲ့ ကိုယ်ဝန်ဟာ ကျန်ရှုနဲ့ရတာလို့ ပြန်ပြီးချေတယ်၊ ဒီလိုနဲ့ပဲ သူတို့နှစ်ယောက်ဟာ ထိုက်စန်းတောင်မှာ ရင်ဆိုင်ကြဖို့ ချိန်းဆိုခဲ့ကြတဲ့အထိ ဖြစ်သွားတာပေါ့"

ရှောင်အင်း မျက်မှောင်ကြုတ်သွားပါသည်။ ပညာရှိအဘိုးအိုကိုကြည့်ကာ ...

"ဘယ်သူရဲ့စွပ်စွဲချက်က မှန်သလဲဟင်"

ဟုမေးလေသည်။ ပညာရှိအဘိုးအို ခေါင်းယမ်းလိုက်သည်။

"ဒါတော့ ကျုပ်လည်း မသိဘူး"

"ရှောင်စုဟာ ကျန်ရှုတို့လူစုနဲ့ တစ်နှစ်လောက် အတူနေခဲ့တာပဲ၊ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ ကောင်းတာပေါ့၊ ရှောင်စုမှာ ချို့ယွင်းချက်ဖြစ်နေတယ်၊ မိဘအတွက် ထွက်သွားရတဲ့ အကြောင်း ကျန်ရှုတို့ လက်ခံလာအောင် ရှင်းပြဖို့ ကောင်းတယ်၊ သူက ကျန်ရှုနဲ့ ထင်းကူးကို စွပ်စွဲလိုက်တာဟာ မှားသွားတာပေါ့"

ရှောင်အင်းမှာ ဖခင်ဖြစ်သူ၏အားနည်းချက်ကို သိမြင်သွားပြီး ပြောလေသည်။ ရုပ်ဆိုးမ ဝမ်းသာသွားသည်။

"ရှင်ပြောတာ အမှန်ပဲ၊ ဒေါ်လေးထင်းကူးတို့လူစုက ဒါကို



လိုချင်နေကြတာ၊ ခုတော့ ရှင့်အဘိုးဟာ ဒေါ်လေးထင်းကူးတို့နဲ့ အတိုက်အခံ လိုက်လုပ်နေတော့တာပဲ"

ရှောင်အင်းက ...

"နေဦး ... ဒီကိစ္စမှာ ကျုပ်အဖေက ကျန်ရှုနဲ့ ထင်းကူးတို့ အပေါ် အထင်လွဲသွားအောင် တစ်ယောက်ယောက်က ချောက်တွန်းခဲ့တာ ဖြစ်မယ်၊ ဒီလူကို ဖော်ထုတ်နိုင်မယ်ဆိုရင် ပြဿနာအားလုံး ရှင်းသွားမှာပဲ"

ပညာရှိအ[illegible] [illegible] ချက်ချင်း ထောက်ခံလိုက်လေသည်။

"ဟုတ်[illegible] [illegible]ာ အမှန်ပဲ၊ ကြားထဲမှာ ချောက်တွန်းတဲ့လူ[illegible] [illegible]ယ်၊ သူ့ကြောင့် ထိုက်စန်းတောင် တိုက်ပွဲဖြစ်လ[illegible]

ရှောင်အင်း အံကြိတ်လိုက်သည်။

"သူ့ကို ကျွန်တော် ဖော်ထုတ်မယ်"

ဟု ပြောလိုက်လေသည်။ ပညာရှိအဘိုးအိုက ...

"မင်းက ဘယ်သူလဲ"

"ကျွန်တော်ဟာ"

ရှောင်အင်းမှာ ဖခင်ဖြစ်သူ၏စွပ်စွဲပြောဆိုခဲ့သည့် စကားကြောင့် မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။ ရုပ်ဆိုးမက ...

"နေလခြံဝင်းက သခင်လေးရှောင်အင်းပါရှင်"

ဟု ဝင်ပြောလိုက်လေသည်။

ပညာရှိအဘိုးအို ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အင်း ... ရောင်ဖွေးက တကယ့်လူပဲ၊ သူ့သား သေဆုံးသွားလို့ မကျေမနပ်ဖြစ်နေတယ်ဆိုပေမယ့် ထင်းကူးဟာ ကလေးမွေးပြီးတဲ့အခါ ရောင်စုရဲ့သွေးမို့ လက်မခံနိုင်ဘူးဆိုပြီး နေလခြံဝင်းရှေ့မှာ လာပစ်ထားတော့ သူက ယူပြီးမွေးထားခဲ့တာပဲ၊ မင်းတောင်ဒီအရွယ်ရောက်နေမှကိုး၊ အင်းလေး ... မင်းရဲ့မိဘတွေ အဖြစ်ဆိုးကြုံရအောင် ဒုက္ခပေးခဲ့တဲ့လူကို ဖော်ထုတ်ဖို့ မင်းကိုယ်တိုင် ကြိုးစားတာက ပိုကောင်းတာပေါ့၊ မင်းကို ငါ ထူးခြားချက်တစ်ခု ပြောလိုက်မယ်၊ ငါက ဘယ်သူ့ကိုမှ မပြောဘူးလို့ ဆုံးဖြတ်ထားပေမယ့် မင်းကိုတော့ ပြောသင့်တယ်လို့ ငါယူဆတယ်"

ရောင်အင်း စိတ်လှုပ်ရှားသွား၏။ ပညာရှိအဘိုးအိုသည် အရေးကြီးသည့်စကား ပြောလာမည်ဟု ယုံကြည်မိသဖြင့် သေသေချာချာနားစွင့်နေလိုက်မိလေသည်။ ပညာရှိအဘိုးအိုက ...

"ထိုက်စန်းတောင်တိုက်ပွဲဖြစ်လာအောင် ဖန်တီးခဲ့တဲ့လူဟာ စွန်းဝူးပဲ ဖြစ်ရမယ်လို့ ငါထင်တယ်"

ဟု ပြောလိုက်လေသည်။ ရုပ်ဆိုးမ အံ့သြသွားသည်။

"ဟင် ... ထိုက်စန်းတောင်တိုက်ပွဲကြောင့် သိုင်းလောကကြယ်တွေနဲ့ နေလခြံဝင်းတို့ ထိပ်တိုက်ရင်ဆိုင်မိတော့မယ့်အချိန်မှာ



စွန်းဝူးက ကြားဝင်ဖျန်ဖြေပေးခဲ့တယ်ဆို"

"ဟုတ်တယ်၊ စွန်းဖုန်းကို အပြစ်ပေးတုန်းက သူက လက်ခံခဲ့တယ်၊ ဒါကြောင့် သိုင်းလောကကြယ်တွေက သူ့ကို သဘောထားကြီးတဲ့လူဆိုပြီး လေးစားနေတယ်၊ နေလခြံဝင်းပိုင်ရှင်ကလည်း သူ့ကို လေးစားမှုရှိနေတယ်၊ ဒါကြောင့် သူ နာမည်ကောင်းရသွားတာပဲ၊ သူ့သားကြောင့် နာမည်ပျက်ခဲ့ရသမျှ ထိုက်စန်းတောင် တိုက်ပွဲကြောင့် သိက္ခာပြန်တက်ခဲ့ရတယ်၊ ဒါပေမဲ့ စွန်းဝူးဟာ အင်မတန်ကောက်ကျစ်တဲ့လူဆိုတာ ကျုပ် သိတယ်၊ ကျန်ရှုနဲ့ရောင်စုတို့ တစ်ယောက်ကိုတစ်ယောက် အထင်မှားအောင် လုပ်ခဲ့တာ သူ့လက်ချက်ပဲ ဖြစ်ရမယ်၊ မလွဲနိုင်ဘူး"

ရောင်စုက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ကျွန်တော်တို့ စွန်းဝူးကို လိုက်ရှာရဦးမှာမို့ ခွင့်ပြုပါဦး"

ပညာရှိအဘိုးအိုက ...

"သူ့ကို တွေ့ချင်တယ်ဆိုရင် ချန်တူးမြို့ကို သွားပေတော့၊ မင်းတို့ မလာခင်ကလေးတင် သိုင်းလောကကကြယ်တွေနဲ့ နေလခြံဝင်းပိုင်ရှင် ပြဿနာဖြစ်ခဲ့ကြလို့ စွန်းဝူးက ကြားဝင်ဖြေရှင်းပေးရသေးတယ်လို့ သတင်းကြားခဲ့တယ်၊ ငါထင်တာတော့ ခုတစ်ကြိမ်မှာ

သူဟာ အခွင့်အရေးကို လက်လွှတ်ခံတော့မှာမဟုတ်ဘူး၊ နေလခြင်းကိုရော သိုင်းလောကကြယ်တွေကိုပါ ဖျက်ဆီးပစ်လိမ့်မယ်"

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ဟု ခွင့်တောင်းလိုက်သည်။ ပညာရှိအဘိုးအိုကို ခေါင်းညိတ်ကာ လက်ဇွေယမ်းပြလိုက်လေသည်။

"ကောင်းပြီ ... သွားကြပေတော့၊ စွန်းဂူးကို တားဆီးနိုင်ပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ်ကွယ်"

ရှောင်အင်းနှင့် ရုပ်ဆိုးမတို့သည် ပညာရှိအဘိုးအိုအား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။ လေပြည်လေညင်း ဇွေယမ်းတိုက်ခတ်လာသည်။ ရုပ်ဆိုးမ၏ဆံပင်များ ဖွာလန်ကျဲသွား၏။ မကြည့်ဝံ့လောက်အောင် အရုပ်ဆိုးအကျည်းတန်သူဖြစ် သော်လည်း သူမသည် အလွန်ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ရှောင်အင်း သိထားပေတော့သည်။ ရုပ်ဆိုးမကို စိုက်ကြည့်ရင်း ...

"မင်းက ကျုပ်ကို ဒီအတိုင်းထားတော့မှာလား၊ မင်းကော ရုပ်ဆိုးမ တစ်သက်လုံးနေသွားတော့မှာလား"

ဟု မေးလိုက်လေသည်။



"ခစ် ခစ် ခစ်"

ရုပ်ဆိုးမလေး သဘောကျစွာ ရယ်မောလိုက်လေသည်။ ချက်ချင်းပင် အကျီထဲမှ ဆေးပုလင်းကလေးနှစ်လုံး နှိုက်ယူလိုက်၏။ ဆေးပုလင်းတစ်လုံး၌ အဖြူရောင်ဆေးနှစ်လုံးပါပြီး ကျန်တစ်လုံး၌ အနက်ရောင်ဆေးတစ်လုံး ပါလေသည်။ ရုပ်ဆိုးမလေးက ...

"အဖြူရောင်ဆေးက ရုပ်ပျက်ဆေးကို ဖျက်ပစ်တဲ့ ဆေးပါပဲရှင်၊ အရည်ဖျော်ပြီး မျက်နှာကိုပွတ်လိုက်ရင် မူလရုပ်သွင်ပြန်ဖြစ်လာပါလိမ့်မယ်၊ အနက်ရောင်ဆေးကတော့ သောက်လိုက်တာနဲ့ ကွယ်ပျောက်နေတဲ့ သိုင်းပညာ ပြန်ရမှာပါ"

ပြောပြောဆိုဆို ကျန်အဖြူရောင်ဆေးတစ်လုံးကို အရည်ဖျော်ကာ သူ၏မျက်နှာကို ပွတ်လိမ်းလိုက်သည်။

တစ်ခဏအတွင်းပင် အကျည်းတန်သည့်ရုပ်သွင် ကွယ်ပျောက်ကာ လှပချောမောသည့် မိန်းကလေးတစ်ယောက်၏အသွင် ထွက်ပေါ်လာလေသည်။

"ဟင် ... စိန်ကျူး"

မှန်ပေသည်။ ရုပ်ဆိုးမလေးသည် စိန်ကျူး ဖြစ်နေပေတော့သည်။ စိန်ကျူးက ...

"ကဲ ... အစ်ကိုက ဆေးသောက်လိုက်ဦးလေ"

ရှောင်အင်း မနေနိုင်တော့ပါ။ စိန်ကျူးပြောသည့်အတိုင်း

ဆေးလုံးကလေး နှစ်လုံးအား အသုံးချလိုက်လေသည်။

တစ်ခဏအတွင်းမှာပင် မူလရုပ်သွင် ပြန်လည်ဖြစ်ပေါ်လာသည်။ ပျောက်ဆုံးနေသည့် သိုင်းအားလည်း ပြန်လည်ရရှိလာလေတော့သည်။ ရှောင်အင်း တအံ့တသြဖြစ်နေပါသည်။ စိန်ကျူးအားငေးကြည့်ရင်း ...

"ညီမ ... အစ်ကို့ကို ခုလို ဘာကြောင့် လုပ်ခဲ့ရတယ်ဆိုတာ ရှင်းပြမယ်ဆို"

ဟု မေးလိုက်လေသည်။ စိန်ကျူး သက်ပြင်းချလိုက်လေသည်။

"သူရဲကောင်းတောင်ပေါ်မှာ ဒေါ်လေးကူးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အဖြစ်ကို အစ်ကို မှတ်မိသလားဟင်"

"မှတ်မိတာပေါ့ ညီမရယ်"

"အစ်ကိုဟာ ဒေါ်လေးကူးလက်ချက်ကြောင့် ဒဏ်ရာရပြီး သတိလစ်သွားတယ်၊ ဒီအချိန်မှာ ဒေါ်လေးကူးရဲ့ ပဥ္စလက်အဘိုးအိုရောက်လာခဲ့တယ်လေ၊ ပဥ္စလက်အဘိုးအိုဟာ ဒေါ်လေးကူးတို့ကို ထွက်သွားခိုင်းခဲ့တယ်၊ ပြီးတော့ အစ်ကို့နဲ့ပတ်သက်ပြီး ညီမ တာဝန်ယူဖို့ အချိန်ပေးခဲ့ပါတယ်"

"ညီမကို ဘယ်လိုတာဝန်ယူခိုင်းတာလဲ"

"သိုင်းလောကကြယ်တွေနဲ့ နေလခြံဝင်းရဲ့ ပြဿနာကို အစ်ကိုတစ်ယောက်ပဲ သင့်မြတ်အောင် ဖြေရှင်းပေးနိုင်မယ်လို့ သူက ယူဆထားတယ်လေ၊ အစ်ကိုကိုယ်တိုင် သိုင်းလောကထဲမှာ ကျင်လည်ကျက်စားပြီး အဖြစ်မှန်ကိုသိသွားမှ ဖြေရှင်းတာ ပိုကောင်းမယ်လို့ ယူဆတယ်လေ၊ အစ်ကိုရဲ့ ရုပ်သွင်အမှန်နဲ့ သိုင်းပညာ တတ်ထားတယ်ဆိုရင် နေလခြံဝင်းက သခင်လေးဆိုတာသိပြီး အမှန်ကိုသိရဖို့ ဝေးမှာပေါ့၊ ဒါကြောင့် ရုပ်ဖျက်ပေးပြီး သိုင်းပညာကို ထိန်းချုပ်ထားနိုင်တဲ့ဆေး တိုက်ကျွေးခဲ့တာပဲ"



"လက်စသတ်တော့ ဒီလိုကိုး"

ရှောင်အင်းသည် အဖြစ်အပျက်များကို နားလည်သဘောပေါက်သွားလေတော့သည်။ စိန်ကျူးက ...

"ကဲ ... အစ်ကို ကျွန်မတို့ ချန်တူးမြို့ကို သွားကြရအောင်၊ စွန်းဝူးနဲ့ တွေ့ရမှာဖြစ်မယ် မဟုတ်လား"

"ဟုတ်တယ်၊ သူနဲ့ ရင်ဆိုင်ရမှာပဲ"

"ကဲ သွားကြစို့"

ရှောင်အင်းနှင့် စိန်ကျူးတို့သည် ချန်တူးမြို့သို့ ဦးတည်ကာ ခရီးပြင်းနှင်သွားကြလေတော့သည်။

❋ ❋ ❋

## ကလိမ်စေ့ငြမ်းဆင်

နေဝင်တော့မည် ဖြစ်သည်။ အလင်းရောင် အားနည်းသွားပြီး အမှောင်ရိပ်များ ကြီးစိုးလာ၏။ အိမ်ထဲ၌ မီးအိမ်ထွန်းညှိထားခြင်း မရှိသဖြင့် ကုပ်ကုပ်ဖြစ် နေ၏။

လူသုံးယောက်သည် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြပါသည်။ သုံးယောက်သား စကားမပြောဘဲ ဖွင့်ထားသည့် တံခါးပေါက်ဆီသို့ ကြည့်နေကြသည်။

ထိုလူသုံးယောက်မှာ ရွှေဓား၊ ငွေဓားနှင့် ရေခဲဓားတို့ ဖြစ်ကြပေသည်။ သူတို့သည် တံခါးပေါက်အား ဖြတ်ကာ အိမ်ထဲဝင်လာမည့် သူတစ်ယောက်အား စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာလေသည်။ ရွှေဓားတို့သုံးယောက်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

အိမ်တံခါးပေါက်ဝ၌ လူတစ်ယောက်ရောက်ရှိလာသည်။



ထိုလူသည် အိမ်ထဲမှ ရွှေဓားတို့သုံးယောက်အား ဝေ့ကြည့်လိုက်သည်။

ထို့နောက် တစ်လှမ်းချင်း လှမ်းဝင်လာလေသည်။

ရွှေဓားတို့သုံးယောက် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ကြသည်။ ဝင်လာသူအား ဦးတည်အရိုအသေပြုလိုက်ကြပြီး ...

"ခေါင်းဆောင်ကြီးကို ဂါရဝပြုပါတယ်"

ဟု ပြိုင်တူ ပြောလိုက်ကြလေသည်။ ဝင်လာသူက ...

"ထိုင်ကြ"

ဟု ပြောလိုက်သည်။ ဝင်လာသူ (ဝါ) ခေါင်းဆောင်ကြီး၏ စကားကြားလျှင် ရွှေ ဓားတို့သုံးယောက် ထိုင်ချလိုက်ကြလေသည်။ ခေါင်းဆောင်ကြီးက ...

"မင်းတို့သုံးယောက် ကျို့တို့ချင်းကို သုတ်သင်ပစ်ဖို့ ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ဘူး မဟုတ်လား"

ဟု မေးလိုက်လေသည်။ ရွှေဓားတို့ ခေါင်းငုံ့ထားလိုက်ကြလေသည်။ ခေါင်းဆောင်ကြီးက ...

"မင်းတို့သုံးယောက် ဒီတစ်ခါတော့ ငါခိုင်းတာကို မဖြစ်ဖြစ်အောင် လုပ်ကြရလိမ့်မယ်"

ရွှေဓား ဆတ်ခနဲ ခေါင်းထောင်လာပြီး ...

"ကျုပ်တို့အသက် သေချင်သေပါစေ၊ ခေါင်းဆောင်ကြီး

နိုင်းစေတဲ့အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ပါ့မယ်လို့ ကတိပြုပါတယ်"

ဟု ပြောလိုက်သည်။ ခေါင်းဆောင်ကြီး သဘောကျသွားသည်။

"ဒီလိုမှပေါ့၊ ကဲ ... မင်းတို့လုပ်ရမယ့်အလုပ်က နေလခြံဝင်းကို မီးရှို့ဖျက်ဆီးပစ်ဖို့ပဲ"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ရွှေခားတို့ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ ရွှေခားက ...

"ခေါင်းဆောင်ကြီး ... နေလခြံဝင်းကို မီးရှို့ဖျက်ဆီးပစ်ဖို့ဆိုတာ"

သူ၏စကားမဆုံးမီ ခေါင်းဆောင်ကြီးက ကြားဖြတ်ပြောလိုက်သည်။

"မင်းတို့ ဖြစ်အောင်လုပ်ရမယ်၊ ငါ့မှာ အစီအစဉ်ရှိတယ်၊ မအောင်မြင်စရာအကြောင်း ဘာမှမရှိဘူး၊ ကဲ ... ငါ့နောက်လိုက်ခဲ့ကြ"

ပြောပြီး အပြင်ဘက် လှမ်းထွက်သွားလေသည်။

ရွှေခား၊ ငွေခားနှင့် ရေခဲခားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။



ခေါင်းဆောင်ကြီးမှာ လွန်စွာ ကြောက်စရာကောင်းသူဖြစ်ကြောင်း သူတို့ ကောင်းစွာနားလည်ထားကြပေသည်။ ချက်ချင်းပင် အိမ်အပြင်ဘက် ထွက်လိုက်ကြလေ၏။

အိမ်အပြင်ဘက်၌ အမှောင်ရိပ်သန်းနေသော်လည်း အလင်းရောင် ခပ်မှိန်မှိန် ရှိနေပါသေး၏။ အိမ်ရှေ့ မြေကွက်လပ်တွင် လူတစ်ယောက် မလှုပ်မယှက် ရပ်နေသည်ကို တွေ့ရ၏။

ထိုလူမှာ သွေးကြောဝိတ်ခံထားကြရကြောင်း မြင်ရုံနှင့် ရွှေခားတို့ ရိပ်မိလိုက်ကြလေသည်။ ခေါင်းဆောင်ကြီးက ...

"မင်းတို့နဲ့အတူ သူ့ကို ခေါ်သွားရမယ်၊ နေလခြံဝင်းကို မီးရှို့ရင် သူ့ကို ရှင်းပစ်လိုက်၊ အလောင်းကို ထားပစ်ခဲ့၊ မီးလာရှို့တဲ့လူဟာ သူလို့ ထင်သွားပါစေ၊ ဟုတ်ပြီလား"

ရွှေခား၊ ငွေခားနှင့် ရေခဲခားတို့သည် ခေါင်းဆောင်ကြီးအား ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်လိုက်ကြလေသည်။ ခေါင်းဆောင်ကြီး၏အစီအစဉ် တစ်စွန်းတစ်စကို သူတို့သိလိုက်ရပြီ ဖြစ်ပေသည်။ သိုင်းလောကအား ဖျက်ဆီးပစ်မည့် အစီအစဉ်ဖြစ်နေသည် မဟုတ်ပါလား။ ခေါင်းဆောင်ကြီးက ...

"နေလခြံဝင်းမှာ သူရဲကောင်းစံအိမ်ဆိုတာ ရှိတယ်၊ အဲဒီမှာ အစောင့်အကြပ်မရှိဘူး၊ မင်းတို့က သူရဲကောင်းစံအိမ်ကို မီးရှို့ဖျက်ဆီးပစ်ကြရလိမ့်မယ်၊ နေလခြံဝင်းက လူတွေ မီးလောင်တာတွေ့လို့

လာကြတဲ့အခါ မင်းတို့ဟာ ခြံဝင်းထဲက အဆောက်အအုံတွေကို ထပ်ပြီး မီးရှို့ဖျက်ဆီးပစ်ကြရလိမ့်မယ်၊ မီးရှို့ပြီးတာနဲ့ သူ့အလောင်းကို ထားပစ်ခဲ့ပြီး အမြန်ဆုံး ရှောင်တိမ်းသွားကြပေတော့"

ရွှေဓား၊ ငွေဓားနှင့် ရေခဲဓားတို့ ပင့်သက်ရှိုက်လိုက်ကြ၏။ သူတို့၏တာဝန်မှာ အန္တရာယ်များလှသော်လည်း အောင်မြင်နိုင်ကြောင်း နားလည်မိကြသည်။ ခေါင်းဆောင်ကြီးက ...

"မင်းတို့ ဘာပြောချင်သေးလဲ"

ဟုမေးလိုက်လေသည်။ ရွှေဓားတို့ စောဒကမတက်ရဲကြပါ။

"ပြောစရာမရှိပါဘူး ခေါင်းဆောင်ကြီး"

"ကောင်းပြီ၊ သူ့ကိုခေါ်ပြီး သွားကြပေတော့"

ရွှေဓားတို့သုံးယောက် သွေးကြောပိတ်ခံနေရသူအား လှမ်းကြည့်လိုက်ကြသည်။ ထိုလူမှာ ထင်းကူးတို့လူစုမှ ဆံပင်စုတ်ဖွားဖြစ်မှန်း သူတို့ သိရှိထားကြပေတော့သည်။ ဆံပင်စုတ်ဖွားသည် မကြာမီ သေဆုံးသွားရလိမ့်မည် ဖြစ်ပေသည်။

❋

သူရဲကောင်းတောင်။ သူရဲကောင်းတောင်ပေါ်၌ သူရဲကောင်းကျန်ရှ၏အရိုးပြာ အိုးထားသော စံအိမ်ရှိပေသည်။

ယနေ့ ...။



ယနေ့သည် သူရဲကောင်း ကျန်ရှသေဆုံးသွားသည့်နှစ်ပေါင်း နှစ်ဆယ့်တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပေသည်။

ထို့ကြောင့် သိုင်းလောကကြယ်ဟု ခေါ်ဝေါ်သတ်မှတ်ခြင်းခံရသည့် အများအကျိုးဆောင်ရွက်ကြသည့် သိုင်းသမားသည် သူရဲကောင်းကျန်ရှအား ဂါရဝပြုရန် စုရုံးရောက်ရှိလာကြသည်။

သို့သော် သူရဲကောင်းတောင်ပေါ်ရောက်လျှင် ကျန်ရှစံအိမ်မှာ မီးလောင်ပြာကျနေသည်ကိုလည်းကောင်း၊ ဒေါသထွက်နေသည့် ထင်းကူးတို့လူစုကိုလည်းကောင်း တွေ့ရှိကြရပေတော့သည်။

ထင်းကူးသည် သူရဲကောင်းကျန်ရှ၏စံအိမ် မီးလောင်ပြာကျသွားရသည်မှာ နေလခြံဝင်း၏လက်ချက်ဖြစ်၍ ရင်ဆိုင်ဖြေရှင်းရမည်ဟု ကြုံးဝါးနေသည်ကို သိုင်းလောကသားများ ကြားသိရလေသည်။

သူရဲကောင်း ကျန်ရှအတွက် မခံမရပ်နိုင် ဖြစ်ကြသူများသည် မကြာမီမှာပင် နေလခြံဝင်းမှ သူရဲကောင်းရှောင်စု၏အရိုးပြာအိုးထားရှိသည့် စံအိမ် မီးလောင်ပြာကျသွားသည့် သတင်းကို ကြားလိုက်ရလေသည်။

သိုင်းလောက၌ ထင်ရှားကျော်ကြားသည့် သူရဲကောင်းစံအိမ်နှစ်ခုမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မီးလောင်ပျက်စီးသွားခြင်း ဖြစ်ပေတော့သည်။

သူရဲကောင်းစံအိမ်များ မီးလောင်ပျက်စီးသွားပြီးနောက် မကြာမီ သိုင်းလောကတစ်ခုလုံး ပျက်စီးမည့် အရေးအခင်း ဖြစ်ပေါ်လာပေတော့သည်။

❋ ❋ ❋



## သူရဲကောင်းမျိုးဆက်

သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေပါ၏။

သိုင်းလောကသားများသည် ထိုက်စန်းတောင်သို့ ဦးတည်သွားနေကြပါသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က ထိုက်စန်းတောင် ယှဉ်ပြိုင်ပွဲ၏အကျိုးဆက်အဖြစ် သိုင်းလောက ကြယ်များနှင့် နေလခြံဝင်းတို့ ထိပ်တိုက်တွေ့ဆုံကြမည် မဟုတ်ပါလား။

ယခုတစ်ကြိမ်တွင် ပြန်ဖြေရှင်းရမည် မဟုတ်တော့ဘဲ ထိပ်တိုက်ရင်ဆိုင်တွေ့ကြမည်ဖြစ်ရာ မဆုံးနိုင်သော တိုက်ပွဲများ ဖြစ်ပေါ်လာတော့မည်ဟု အများက ခန့်မှန်းနေကြပေတော့သည်။

သိုင်းလောက ပျက်စီးသွားနိုင်သည့် အရေးအခင်းကြောင့် သိုင်းလောကသားတိုင်းလိုလို အထိတ်တလန့် ဖြစ်နေကြချိန်မှာပင်–

ချန်တူးမြို့သို့ ဦးတည်ကာ လူရွယ်တစ်ယောက်နှင့်မိန်းကလေးတစ်ယောက်တို့ ဦးတည်သွားနေကြသည်။

ရှောင်အင်းနှင့်စိန်ကျူးတို့ ဖြစ်လေသည်။ ပညာရှိအဘိုးအို

လမ်းညွှန်ပေးလိုက်သည့်အတိုင်း စွန်းဂူး အား ရှာဖွေရန် လာခဲ့ကြခြင်း ဖြစ်ပေသည်။ သူတို့နှစ်ယောက်သည် နေမွန်းမတည့်မီ ချန်တူးမြို့သို့ ရောက်ရှိလာကြလေသည်။

မြို့ထဲသို့ရောက်သည်နှင့် အချိန်မဆိုင်းဘဲ အရှေ့ဘက် မြို့စွန်တစ်နေရာသို့ ဦးတည်သွားကြပြန်လေသည်။

လမ်းကြားကလေးများမှ ဖြတ်ကျော်လာပြီး မကြာပါချေ။ မြင်းဖြူအရက်ဆိုင်ဟု ရေးသားထားသည့် အရက်ဆိုင်ကလေး တစ်ဆိုင်ကို တွေ့မြင်လိုက်ကြရလေသည်။

ရှောင်အင်းနှင့် စိန်ကျူ ‌ စ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှောင်အင်းက ...

"ဒီအရက်ဆိုင်ဘေးနားက အိမ်မှာ စွန်းဂူးအကြောင်း ပြောပြနိုင်တဲ့သူ ရှိတယ်လို့ ပညာရှိအဘိုးအိုက လမ်းညွှန်ပေးလိုက်တာပဲ"

ဟု ပြောလေသည်။ ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကဲ ... အစ်ကိုတို့ သွားကြရအောင်"

သူတို့နှစ်ယောက် ခပ်သွက်သွက် လျှောက်သွားကြရာ အရက်ဆိုင်ကလေးဘေး၌ ကပ်လျက်ရှိသော အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်ရှိသွားကြလေသည်။



အိမ်တံခါး ပိတ်ထားပါသည်။ သို့သော် ပြတင်းပေါက်ဖွင့်ထားသဖြင့် အိမ်ထဲ၌လူရှိကြောင်း သိရ၏။ ရှောင်အင်းက တံခါးခေါက်ကာ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ဟု ခေါ်လိုက်လေသည်။ သူ၏ခေါ်သံ မရှေးမနှောင်းမှာပင်

"ဘယ်သူလဲဟေ့"

အတွင်းဘက်မှ ကျယ်လောင်သော စကားသံကြီး ထွက်ပေါ်လာသည်။

တံခါး ဝုန်းခနဲပွင့်သွားပြီး လူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။ ထိုလူကိုမြင်ရလျှင် ရှောင်အင်းနှင့်စိန်ကျူးတို့ တစ်ယောက် ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ထိုလူအား သူတို့ မှတ်မိကြပါသည်။

ထိုလူသည် ကျို့တို့ချင်းအား သုတ်သင်ရှင်းလင်းပစ်ရန် ကြိုးစားခဲ့သည့် ရွှေဓားဖြစ်နေသည် မဟုတ်ပါလား။ ရွှေဓားသည် သူတို့နှစ်ယောက်အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး ...

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် တံခါးလာခေါက်တာလဲ၊ ပြောစမ်း"

ဟု ခက်ထန်မာကျောစွာ မေးလာလေသည်။

ရှောင်အင်းက ...

"ကျုပ်တို့ သိချင်တာလေးတစ်ခုကို ခင်ဗျားက ပြောပြနိုင်တယ်ဆိုတာနဲ့ လာခဲ့တာပါ"

ဟု ပြောလိုက်လေသည်။ ရွှေခား အံ့သြသွား၏။

"ဘာကွ ... မင်းတို့သိချင်တာကို ငါက ပြောပြနိုင်တယ် ဟုတ်လား။ မင်းတို့ကို ဘယ်သူက ပြောလိုက်တာလဲ၊ မင်းတို့ကကော ဘာသိချင်တာလဲ၊ ငါ့ကို လာပြီး နှောင့်ယှက်မယ်တော့ မကြံနဲ့၊ သေသွားမယ်"

ရှောင်အင်း ပြုံးလိုက်သည်။

"မနှောင့်ယှက်ရဲပါဘူးဗျာ၊ သိချင်တာလေးတစ်ခု မေးမလို့ပါ၊ စွန်းဝူး ဘယ်မှာလဲဆိုတာ ပြောပြပါလားဗျာ"

"ဘာ"

ရွှေခား၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ရှောင်အင်းအား မျက်လုံးပြူး၍ ကြည့်ကာ ...

"မင်းက စွန်းဝူးကို တွေ့ချင်တယ် ... ဟုတ်လား"

"ဟုတ်တယ်၊ သူ ဘယ်မှာလဲ"

ရွှေခား၏မျက်နှာ ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

ဦးခေါင်း တဆတ်ဆတ်ညိတ်ကာ ...

"ရှိပါတယ် ... ရှိပါတယ်၊ ကဲ ... အိမ်ထဲ ဝင်ခဲ့ကြပါဦး"



ပြောပြောဆိုဆို အိမ်ထဲ လှည့်ဝင်သွားလေသည်။

ရှောင်အင်းနှင့်စိန်ကျူး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် အိမ်ထဲသို့ ပြိုင်တူ လှမ်းဝင်လိုက်ကြလေသည်။

သူတို့အိမ်ထဲရောက်သည်နှင့် ရွှေခားက တံခါးပိတ်ထားလိုက်လေသည်။ စိန်ကျူးက ...

"ရှင် ဘာလုပ်တာလဲ"

"ဟား ဟား ဟား"

ရွှေခား ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"မင်းတို့နှစ်ယောက် ဘာကြောင့် စွန်းဝူးကို တွေ့ချင်ကြတာလဲ ... ပြောစမ်း"

"ဘယ်မှာလဲ"

"သူလား တွေ့ပါလိမ့်မယ်"

ပြောပြောဆိုဆို စိန်ကျူး၏လက်ကို ဖမ်းဆွဲလိုက်လေသည်။ စိန်ကျူး ရင်ထိတ်သွားသည်။

"ရှင် ဘာလုပ်တာလဲ"

အော်ငေါက်ရင်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်၏။

ရှောင်အင်း မနေနိုင်တော့ပါချေ။

"ညီမလေး ဘေးဖယ်လိုက်"

အော်ပြောကာ ရှေ့သို့ခုန်ဝင်ကာ ရွှေဓားအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ရွှေဓား ရင်ထိတ်သွားသည်။

ရှောင်အင်း တိုက်ခိုက်လာသည့် အရှိန်အဟုန် ပြင်းထန်လွန်းလှသည် မဟုတ်ပါလား။

"မင်း … မင်း ဘယ်သူလဲ"

အထိတ်တလန့် ရေရွတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်လိုက်မိသည်နှင့် …

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာ၏။ ရွှေဓားမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။ သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး …

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။ စိန်ကျူး ဝမ်းသာသွားသည်။ ရှောင်အင်းသည် သိုင်းပညာ ပြန်လည်အသုံးပြုလာနိုင်ပြီ မဟုတ်ပါလား။ ရွှေဓားသည် ရှောင်အင်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး …

"မင်း … မင်း"

"စွန်းဝူး ဘယ်မှာလဲ"

ရှောင်အင်းက ရှေ့တိုးသွားသည်။ ရွှေဓား နောက်ဆုတ်



လိုက်လေသည်။ သို့သော် … သူက တံခါးပိတ်ထားသဖြင့် အိမ်အပြင်ဘက်သို့ ထွက်မပြေးနိုင်တော့ဘဲ ကိုယ့်အစာတ်နှင့်ကိုယ် စူးရလေတော့သည်။

အမှန်တော့ ရှောင်အင်းနှင့်စိန်ကျူးတို့အား ထွက်ပြေး၍မရအောင် တံခါးပိတ်ပြီး တိုက်ခိုက်ရန် ကြံစည်ခဲ့ခြင်း ဖြစ်ပေသည်။ ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"ခင်ဗျား … ထွက်ပြေးလို့မရတော့ပါဘူး၊ စွန်းဝူး ဘယ်မှာလဲဆိုတာ ပြောရင် ခင်ဗျား သက်သာမယ်"

"မင်းက ဘယ်သူလဲ"

"ကျုပ်က နေလခြံဝင်းက သခင်လေး ရှောင်အင်းပါ"

"ဘာ"

ရွှေဓား အကြီးအကျယ် ထိတ်လန့်သွားလေသည်။ သူတို့သည် မကြာသေးသောအချိန်က နေလခြံဝင်းကို မီးရှို့ဖျက်ဆီးခဲ့ကြသေးသည် မဟုတ်ပါလား။ သူရဲကောင်းစံအိမ် မီးလောင်ပျက်စီးသွားသော်လည်း နေလခြံဝင်းအတွင်းမှ အဆောက်အအုံများမှာ အကြီးအကျယ် မီးလောင်ပျက်စီးသွားခဲ့ခြင်း မရှိခဲ့ပါချေ။

နေလခြံဝင်းအတွင်းသို့ ထိုးဖောက်ဝင်ရန် ရွှေဓားတို့ မဝံ့ရဲကြ၍ ဖြစ်သည်။ ဆံပင် စုတ်ဖွား၏အလောင်းကိုမူ ရွှေဓားခြံဝင်း၌ ပစ်ထားခဲ့ကြသည်။

ထို့ကြောင့် နေလခြံဝင်းနှင့် ထင်းကူးတို့လူစု ဖြေရှင်းမရအောင် ပြဿနာဖြစ်နေကြပြီဖြစ်သည်။

"စွန်းရူး ဘယ်မှာလဲ"

ရှောင်အင်းက ထပ်မေးလိုက်သည်။ သူ၏စကားကြောင့် ရွှေဓား ပို၍ထိတ်လန့်သွားရှာသည်။ ရှောင်အင်းသည် သူတို့၏အကြံအစည်များအား သိရှိနေပြီဟုလည်း ထင်မှတ်သွားလေသည်။ ထို့ကြောင့် ...

"ကျုပ် ... ကျုပ် မသိဘူး"

ခေါင်းတွင်တွင်ခါယမ်းကာ ငြင်းဆန်လိုက်သည်။ ထို့နောက် တံခါးဆွဲဖွင့်ကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။ ရှောင်အင်းက ...

"ရပ်လိုက်"

အော်ငေါက်ရင်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ရွှေဓားမှာ ပြေးမလွတ်တော့သဖြင့် ပြန်လည်ခုခံလိုက်ရလေသည်။ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

"အား"

ရွှေဓားမှာ အိမ်အပြင်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။



ရှောင်အင်းနှင့် စိန်ကျူးတို့ ချက်ချင်း ပြေးလိုက်သွားကြလေသည်။ ရွှေဓားကား ထွက်မပြေးနိုင်ဘဲ မြေပေါ်လဲကျနေသည်။

ရှောင်အင်းနှင့်စိန်ကျူးတို့က ရွှေဓားထံ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် သူတို့ထံသို့ ဦးတည်ကာ လူနှစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋

လူနှစ်ယောက် လှမ်းလာနေကြသည်။ ရေခွဲဓားနှင့် ငွေဓားတို့ ဖြစ်ကြလေသည်။ သူတို့သည် ရွှေဓားအိမ်ထဲမှ လွင့်ထွက်လာသည်ကို လည်းကောင်း၊ ရှောင်အင်းနှင့်စိန်ကျူးတို့ ပြေးလိုက်လာကြသည်ကိုလည်းကောင်း၊ တွေ့မြင်သွားကြ၏။

ထို့ကြောင့် ခပ်သွက်သွက် ပြေးလာကြလေသည်။ ရှောင်အင်းနှင့်စိန်ကျူးတို့သည် ရွှေဓားအနီး၌ ရပ်လိုက်ကြ၏။ ရွှေဓားမှာ မြေပေါ်မှ မထနိုင်ဘဲ တအင်းအင်း ညည်းညူနေလေသည်။

"ညီမ သူ့ကိုကြည့်ထား"

ဟု ပြောကာ ရှေ့သို့ လှမ်းထွက်လိုက်၏။ ငွေဓားနှင့် ရေခွဲဓားတို့သည် မလှမ်းမကမ်းသို့ ရောက်ရှိလာကြပြီး ခြေလှမ်းရပ်လိုက်ကြလေသည်။ ရွှေဓားကိုတစ်လှည့် ရှောင်အင်းကိုတစ်လှည့်

ကြည့်ကာ ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် သူ့ကို တိုက်ခိုက်ရတာလဲ"

ဟု မေးလိုက်လေသည်။ ငွေဓားနှင့် ရေခွဲဓားတို့အား ရှောင်အင်း ကောင်းစွာမှတ်မိထားပေသည်။ ထို့ကြောင့် သဘောကျ စွာပြုံးရင်း ...

"ခင်ဗျားတို့ ရောက်လာတာ အတော်ပဲ၊ ကျုပ်က လိုက် မရှာရတော့ဘူးပေါ့။ ကဲ ... စွန်းရူး ဘယ်မှာလဲဆိုတာ ပြောစမ်း"

ဟု မေးလိုက်လေသည်။ ငွေဓားနှင့်ရေခွဲဓားတို့ တစ် ယောက်ကိုတစ်ယောက် ကြည့် လိုက်ကြပါသည်။ ငွေဓားက ရှောင် အင်းဘက် ပြန်လှည့်ကာ ...

"မင်းက စွန်းရူးကို တွေ့ချင်တယ်ဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ"

ငွေဓားက ခါးမှဓားကို ဆွဲထုတ်လိုက်သည်။ ငွေရောင် တဖိတ်ဖိတ်တောက်သွားလေသည်။ ငွေဓားက ဓားကို ဝှေ့ယမ်းလိုက် ပြီး ...

"ကျုပ်တို့ကို အနိုင်ရအောင် ကြိုးစားပါ၊ စွန်းရူး ဘယ်မှာ ရှိတယ်ဆိုတာ သိရမယ်"

ဟု ပြောလိုက်လေသည်။ သူတို့သည် သိုင်းပညာအားကိုး



ဖြင့် ထင်ရာစိုင်းနေကြသူများဖြစ်ကြောင်း ရှောင်အင်း နားလည်ထား ပေသည်။ ထို့ကြောင့် ...

"စိတ်ချ၊ မင်း သိရစေမယ်"

ငွေဓားက စတင်တိုက်ခိုက်လိုက်၏။ ရှောင်အင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိ သည်နှင့် ...

'ဝှန်း'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။ ငွေဓားမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။ ရေခွဲဓားသည် အခြေအနေမဟန်မှန်းသိလျှင် ဓားဆွဲထုတ် ကာ ...

"ယား"

ဗြာသံပေးရင်း ရှောင်အင်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေ သည်။ ရှောင်အင်း ရင်ထိတ်သွားသည်။ ချက်ချင်းပင် ငွေဓားလက် ထဲမှ လုယူထားသည့် ဓားဖြင့် ပစ်ပေါက်လိုက်၏။ ငွေရောင်အလင်း တန်းတစ်ခု ဝင်းလက်သွားလေသည်။

ငွေဓားသည် အလျှင်စလိုခုန်ဝင်လာသည့် ရေခွဲဓား၏ရင်ဝ ဒြ တန်းဝန်းမတ်မတ်စိုက်ဝင်သွားလေတော့သည်။

"ဒုတ်"

"အား"

ရေခွဲဓား ငယ်သံပါအောင် အော်ဟစ်ရင်း မြေပေါ်ဘိုင်းခနဲ လဲကျသွားလေသည်။

"ဟာ"

ငွေဓား အထိတ်တလန့်အော်ဟစ်လိုက်သည်။ ချာခနဲ လှည့်ကာ ထွက်ပြေးသွားရန် ဟန်ပြင်လေသည်။

ရှောင်အင်းမှာ ငွေဓားလွတ်သွားမည်ကို စိုးရိမ်သွားပြီး မြေပေါ်ကျနေသည့် ရေခွဲဓား၏ဓားကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

"ဝိုး"

"ဒုတ်"

ရေခွဲဓားသည် ငွေဓား၏နောက်ကျောသို့ စိုက်ဝင်သွား၏။

"အား"

ငွေဓားမှာ မြေပေါ် ဘိုင်းခနဲလဲကျသွားတော့၏။ ရေခွဲဓားနှင့်ငွေဓားသည် စွန်းဝူးအကြောင်း ပြောပြနိုင်ကြမည် မဟုတ်ချေ။ ရှောင်အင်း ရွှေဓားဘက် လှည့်ကြည့်လိုက်၏။ ရွှေဓား မြေပေါ်မှ လူးလိမ့်ထလာပြီး ...

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့ဗျာ၊ ကျုပ် ပြောပြပါ့မယ်"

ဟု တောင်းပန်းတိုးလျှိုးနေလေတော့သည်။ စိန်ကူးက ...



"စွန်းဝူး ဘယ်မှာလဲ ပြောစမ်း"

ဟု မေးလိုက်သည်။ ရွှေဓားက ...

"ထိုက်စန်းတောင်ကို သွားပါတယ်ဗျာ"

"ထိုက်စန်းတောင် ဟုတ်လား၊ သူက ဘာသွားလုပ်တာလဲ"

"သိုင်းလောကကြယ်တွေနဲ့ နေလခြံဝင်း ထိပ်တိုက်ရင်ဆိုင်ကြတော့မှာမို့ သူက သွားတာပါ"

"ဟာ"

ရှောင်အင်းနှင့်စိန်ကျူးတို့ လွှတ်ခနဲ အော်လိုက်ကြလေသည်။ ရှောင်အင်းက ...

"သိုင်းလောကကြယ်တွေနဲ့ နေလခြံဝင်း ထိပ်တိုက်ရင်ဆိုင်ကြမယ် ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"ဘယ်လိုဖြစ်ရတာလဲ"

ရှောင်အင်းနှင့်စိန်ကျူးတို့ ထိတ်လန့်နေကြပေတော့သည် ရွှေဓားသည် စိန်ကျူးက စိုက်ကြည့်လာသည့်ဒဏ်ကို မခံနိုင်တော့ဘဲ အလိုလိုအမှန်အတိုင်း ဖွင့်ဟဝန်ခံလေတော့သည်။

"နေလခြံဝန်းနဲ့ ထင်းကူးတို့လူစု ထိပ်တိုက်တွေ့အောင် စွန်းဝူးက ကြံစည်ခဲ့တာပါ"

"ဘယ်လိုကြံစည်ခဲ့တာလဲ၊ သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"သူ့သားအတွက် မကျေနပ်လို့ပါ"

ရှောင်အင်းနှင့်စိန်ကျူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ စိန်ကျူးမှာ ရက်စက်ယုတ်မာလှသည့် ရွှေဓားတို့လူစုအား မုန်းတီးလာလေသည်။

"ရှင်တို့ တော်တော်ယုတ်မာတာပဲ၊ စွန်းဝူးခိုင်းတိုင်း လုပ်ရသလား၊ ရှင်တို့ကြောင့် ကျို့တို့ချင်းရဲ့လူတွေ သေဆုံးသွားရတာ ကျွန်မတို့ တွေ့ခဲ့ရတာပဲ၊ ရှင့်ကို ချမ်းသာပေးဖို့မကောင်းဘူး"

သူမ၏စကားကြားလျှင် ရွှေဓား ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူ့အား သုတ်သင်ရှင်းလင်းပစ်တော့မည်ဟု ထင်မှတ်မိ၏။

ထို့ကြောင့် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။ စိန်ကျူး ဒေါပွသွားသည်။

"မပြေးနဲ့"

အော်ငေါက်ကာ လက်နှစ်ဖက် ဝှေ့ယမ်းလိုက်လေသည်။ ဓားမြှောင်ကလေးနှစ်ချောင်းသည် ရွှေဓားထံသို့ ပစ်လွှင့် သွားသည်။ ရွှေဓား မရှောင်နိုင်တော့ပါ။

"အား"



ရူးရှစ္စာအော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

❋

ထိုက်စန်းတောင်။ ထိုက်စန်းတောင်ထိပ်ပေါ်၌ လူသူစွန့်ခွာသွားပြီးမှာ ကြာပြီဖြစ်သည့် ဘုံကျောင်းပျက်တစ်ခု ရှိလေသည်။ ဘုံကျောင်းပျက်ရှေ့ မြေကွက်လပ်တွင် သိုင်းလောကသားများ စုရုံးရောက်ရှိနေကြလေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသည့် သိုင်းသမားများသည် ဘေးတစ်ဖက်မှာ ရပ်နေကြသည်။ ဝဲဘက်မှလူစုမှာ ထင်းကူး၏မိတ်ဆွေများ ဖြစ်ကြသည်။

ယာဘက်မှလူစုမှာမူ နေလခြံဝင်းမှ သိုင်းသမားများနှင့် ရှောင်ဖွေး၏မိတ်ဆွေများ ဖြစ်ကြပေသည်။ သူတို့သည် တစ်ဖက်ကို တစ်ဖက် မကျေနပ်သည့် အကြည့်ဖြင့် ကြည့်နေကြ၏။

အချို့သူများဆိုလျှင် တိုက်ခိုက်တော့မည် တကဲကဲ ရှိနေကြ၏။ သို့သော် မည်သူကမျှ တိုက်ပွဲကို စတင်ဖန်တီးကြခြင်း မရှိပါချေ။

အကြောင်းကား ဘုံကျောင်းပျက်အတွင်း၌ စားပွဲတစ်လုံး ရှိနေသည်။ စားပွဲပေါ်၌ အရက်တစ်လုံး ရှိနေသည်။

လူသုံးယောက်သည် စားပွဲပေါ် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။ ထိုလူသုံးယောက်မှာ ထင်းကူး၊ ရှောင်ဖွေးနှင့် စွန်းဝူးတို့ ဖြစ်ကြလေသည်။ ထင်းကူးနှင့်ရှောင်ဖွေးတို့၏မျက်နှာထား တင်းမာနေသည်။ တစ်ယောက်ကိုတစ်ယောက်လည်း မကြည့်ကြချေ။

စွန်းဝူးက အရက်အိုးထဲမှ အရက်များကို ငှဲ့လိုက်သည်။ ရှောင်ဖွေးနှင့်ထင်းကူးကိုကြည့်ကာ ...

"ကဲ မိတ်ဆွေတို့ ... သိုင်းလောက အေးချမ်းသာယာရေးအတွက် ရည်စူးပြီး သောက်လိုက်ကြပါဦးဗျာ"

ဟု ပြောလိုက်လေသည်။ ထင်းကူးက ...

"ဦးလေးစွန်းဝူး ... ကျွန်မ အရက်သောက်ဖို့ လာခဲ့တာ မဟုတ်ဘူးဆိုတာ ဦးလေး သိပါတယ်"

ဟု ပြောလိုက်ရာ ရှောင်ဖွေးက ...

"ခင်ဗျား ဖြေရှင်းပေးမယ်ဆိုမှ အခြေအနေက ပိုပြီးရှုပ်ထွေးကုန်တယ်၊ နေလခြံဝင်း မီးရှို့ဖျက်ဆီးခံရတာကို ခင်ဗျား သိရဲ့လား"

ဟု ပြောလိုက်လေသည်။ စွန်းဝူး ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိပါတယ်၊ ကျုပ် အဖြေရှာလို့ တွေ့ထားပါပြီဗျာ၊ အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ အရက်သောက်လိုက်ကြပါဦး"

"အဖြေရှာလို့ တွေ့ထားပြီ ဟုတ်လား"



"ပြောစမ်းပါဦး၊ ဘာများ ထူးမှာမို့လဲ"

ထင်းကူးနှင့်ရှောင်ဖွေးတို့က တစ်ယောက်တစ်ပေါက် မေးလိုက်ကြလေသည်။ စွန်းဝူးက ရယ်မောလိုက်သည်။

"ကျုပ်ရှင်းပြပါ့မယ်လေ၊ သောက်လိုက်ပါဦး"

ထင်းကူးက အရက်ခွက်ကိုယူကာ ဆတ်ခနဲ မော့ချလိုက်၏။ ရှောင်ဖွေးလည်း အားကျမခံ သောက်လိုက်လေသည်။ စွန်းဝူး ကျေနပ်သွားသည်။

"ဘာပြဿနာမှာမဆို အဖြေရှိပါတယ်ဗျာ၊ ဖြေရှင်းပုံ ဖြေရှင်းနည်းပဲ ကွာပါတယ်၊ အေးအေးဆေးဆေး ရှင်းတာနဲ့ ဒေါသရှေ့ထားပြီး ရှင်းတာ အကျိုးသက်ရောက်ပုံခြင်း မတူဘူးဗျ"

ရှောင်ဖွေး စိတ်မရှည်တော့ပါ။

"မိတ်ဆွေ ... ခင်ဗျားပြောစရာရှိတာပြောရင် ကောင်းမယ်ထင်တယ်"

ပြောလိုက်ရာ စွန်းဝူး သဘောကျစွာ ရယ်မောလိုက်ပြီး

"ပြောရင်းဆိုရင်း မိတ်ဆွေက ဒေါသဖြစ်လာပြန်ပြီပေါ့လေ"

"မိတ်ဆွေစွန်းဝူး ... ကျုပ်သား သေဆုံးခဲ့ရသလို ကျုပ်မြေးပျောက်ဆုံးနေတယ်၊ နေလခြံဝင်းက မီးရှို့ခံရတယ်၊ ကျုပ်က ဒေါသမဖြစ်ရတော့ဘူးလားဗျ"

စွန်းဝူးက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ"

ထိုအခါ ထင်းကူးက ...

"ကျွန်မကော ဘာထူးသလဲ၊ အစ်ကိုတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတယ်၊ ကျွန်မဘဝလည်း ဖျက်ဆီးခံရတယ်၊ ခုတစ်ခါ ကျွန်မအစ်ကိုရဲ့စံအိမ်ကို မီးရှို့ဖျက်ဆီးခံရပြန်တယ်၊ ကျွန်မ ဘယ်လိုလုပ်ပြီး ကျေနပ်နိုင်မှာလဲရှင့်"

ဟု အော်ပြောလေသည်။ စွန်းဝူး လက်ကာပြလိုက်သည်။

"ကျုပ် နားလည်သဘောပေါက်ပါတယ်ဗျာ၊ ဒါကြောင့် ဖြေရှင်းပေးဖို့ တာဝန်ယူခဲ့တာပါ"

"ကဲ — ခင်ဗျား ဘယ်လိုဖြေရှင်းပေးမလဲဆိုတာ ပြောပါ"

စွန်းဝူးက တည်ကြည်သော မျက်နှာထားဖြင့် ...

"ဒီကိစ္စဟာ လူတစ်ယောက်ကြောင့် ဖြစ်ရတာပါ"

"ဘာ"

"လူတစ်ယောက်ကြောင့် ဟုတ်လား"

ထင်းကူးနှင့်ရှောင်ဖွေးတို့ အံ့သြသွားကြလေသည်။

စွန်းဝူးက ...

"ဟုတ်ပါတယ်၊ လူတစ်ယောက်ရဲ့လက်ချက်ကြောင့်ပါ"

"ဘယ်သူလဲ"



"ကျွန်မတို့ကို ဒုက္ခပေးဖို့ ကြံစည်တဲ့ ကြားလူရှိနေတယ်ပေါ့ ဟုတ်သလား"

"မှန်ပါတယ်ဗျာ၊ လူတစ်ယောက်ဟာ သိုင်းလောကကြယ်အဖွဲ့ကိုရော နေလခြံဝင်းကိုပါ မကျေမနပ် ဖြစ်နေပါတယ်၊ သူဟာ ခင်ဗျားတို့ကို ရင်ဆိုင်နိုင်တဲ့ စွမ်းအားလည်း မရှိပါဘူး၊ ဒါကြောင့် ခင်ဗျားတို့အချင်းချင်း အထင်မှားအောင် လုပ်ပြီး ရန်တိုက်ပေးခဲ့တာ"

ရှောင်ဖွေး မျက်မှောင်ကြုတ်သွားလေသည်။ ထင်းကူးက

"ဘာကြောင့် ကျွန်မတို့ကို မကျေနပ်ရတာလဲ၊ ဘာကြောင့် ရန်တိုက်ပေးဖို့ ကြိုးစားရတာလဲ"

ဟု မေးလိုက်၏။

စွန်းဝူးက ...

"သူဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက မကျေမနပ်ဖြစ်နေခဲ့တာပါ၊ ထိုက်စန်းတောင်တိုက်ပွဲကို သူကပဲ ဖန်တီးခဲ့တာပါ"

ထင်းကူးသည် စွန်းဝူးပြောသည့် စကားအဓိပ္ပာယ်ကို ကောင်းစွာ နားမလည်နိုင်ဘဲ ဖြစ်နေလေသည်။ ရှောင်ဖွေးမှာမူ မျက်နှာပျက်သွားသည်။ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူဖြစ်သည့်အလျောက် စွန်းဝူးပြောသည့် အဓိပ္ပာယ်ကို ရိပ်မိသလိုရှိသည်။ စွန်းဝူးက ဆက်ပြောလေသည်။

"အဲဒီလူဟာ နေလခြံဝင်းကိုသွားပြီး ကျန်ရှရဲ့မကောင်းကြောင်းပြောသလို ကျန်ရှကိုလည်း နေလခြံဝင်းအပေါ် အထင်လွဲအောင် လုပ်ခဲ့ပါတယ်"

ထင်းကူး မျက်လုံးပြူးသွားသည်။

"ရှင် ... ရှင်ပြောနေတာ အမှန်တကယ်ပဲလား"

"အမှန်ပါပဲဗျာ"

"နေလခြံဝင်းနဲ့ကျွန်မတို့နဲ့ တစ်ယောက်ကိုတစ်ယောက် အထင်လွဲပြီး ရန်သူတွေဖြစ်လာအောင် သူက လုပ်ကြံဖန်တီးခဲ့တာပေါ့"

"သိပ်မှန်တာပေါ့ဗျာ"

ထင်းကူး အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒါဖြင့် ကျွန်မနဲ့ အစ်ကိုကျန်ရှတို့ မောင်နှမအရင်း မဟုတ်ဘူးဆိုတဲ့ အချက်ကိုထောက်ပြီး အစ်ကိုရှောင်စု အထင်လွဲအောင် တမင် လုပ်ကြံပြောခဲ့တာပေါ့"

စွန်းဝူး ရယ်မောလိုက်လေသည်။

"ဟုတ်ပါတယ်ဆိုမှ မင်းက မယုံသေးဘဲကိုး"

ထင်းကူးက ရှောင်ဖွေးအား ညွှန်ပြလိုက်ပြီး ...

"ကျွန်မတို့ နေလခြံဝင်းပိုင်ရှင်အပေါ် အထင်လွဲအောင်လည်း ပြောတာလဲ"



"သူပါပဲဗျာ"

ထင်းကူးက ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ စွန်းဝူးအား စိုက်ကြည့်ရင်း ...

"သူ ဘယ်သူလဲဆိုတာ ပြောပါ"

ဟု မေးလိုက်၏။ စွန်းဝူး အဖြေမပေးမီ ရှောင်ဖွေးက ...

"ခုမှတော့ မေးနေစရာ မလိုတော့ပါဘူး၊ သူဟာ သူ့သားအတွက် မကျေနပ်တာနဲ့ တို့ကို ရန်တိုက်ပေးပြီး နှစ်ဖက်စလုံး ပျက်စီးအောင်လုပ်ခဲ့တာပဲ"

စွန်းဝူးအား ညွှန်ပြကာ ပြောလိုက်၏။ ထင်းကူး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ စွန်းဝူးအား မယုံကြည်နိုင်စွာ ကြည့်ကာ

"ရှင် ... ရှင်"

စွန်းကူး သက်ပြင်းချလိုက်သည်။

"နေလခြံဝင်းပိုင်ရှင်ပြောတာ အမှန်ပါပဲဗျာ"

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

❋

ဘုံကျောင်းပျက်အတွင်း၌ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ရှောင်ဖွေးနှင့်ထင်းကူးတို့သည် စွန်းဝူးအား စိုက်ကြည့်နေကြ၏။ စွန်းဝူး မလှုပ်မယှက်ထိုင်နေသည်။

နေလခြမ်းဝင်းနှင့် ထင်းကူးတို့လူစု ထိပ်တိုက်တွေ့ကာ သိုင်းလောက၌ တိုက်ပွဲကြီး ဖြစ်ပေါ်လာစေရန် သူက ဖန်တီးခဲ့သည်ဟု ဝန်ခံလိုက်ပြီ ဖြစ်လေသည်။

အပြင်ဘက်၌ သိုင်းလောကသားများ စုရုံးရောက်ရှိနေကြ၏။ ရှောင်ဖွေးနှင့်ထင်းကူးတို့မှာလည်း ခေသူများ မဟုတ်ပါ။

သူ၏ကောက်ကျစ်စဉ်းလဲမှုအတွက် ဆုံးမအပြစ်ပေးကြမည်သာ ဖြစ်ပေသည်။ စွန်းဝူးတစ်ယောက် မည်သို့ခုခံရင်ဆိုင်အံ့နည်း။ သို့သော် စွန်းဝူး၏မျက်နှာတွင် စိုးရိမ်ထိတ်လန့်သည့် အရိပ်အယောင် စိုးစဉ်းမျှပင် မတွေ့ရချေ။

ထင်းကူးသည် စွန်းဝူးအား စိုက်ကြည့်ရင်း ဒေါသထွက်လာလေသည်။ ရုတ်တရက် သူမသည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ စွန်းဝူး၏ရင်ဝကို ဓားဖြင့် ထိုးစိုက်ချလိုက်၏။

သူမ၏လက်ထဲသို့ ဓားတစ်လက် မည်သို့မည်ပုံ ရောက်ရှိလာသည်ကို မမြင်တွေ့ခဲ့ကြပါချေ။ စွန်းဝူးက ရှောင်တိမ်းခြင်းမပြုပါ။ ထင်းကူး၏ဓားကို ပုတ်ပစ်လိုက်သည်။

"ခွမ်"

ဓားပါးကလေး ကြမ်းပြင်ပေါ် လွင့်ကျသွား၏။ ထင်းကူးသည် အထိတ်တလန့်ဖြင့် နောက်ဆုတ်လိုက်လေသည်။ စွန်းဝူးက သူမအား စေ့စေ့ကြည့်ကာ ...



"မင်း အေးအေးဆေးဆေး ပြန်ထိုင်နေရင်ကောင်းမယ်"

ဟု ပြောလိုက်လေသည်။ ထိုစဉ် သက်ပြင်းချသံ ထွက်ပေါ်လာ၏။ ရှောင်ဖွေးက ...

"သူက မကြောက်မရွံ့ အမှန်အတိုင်းပြောတာ အကြောင်းရှိလိမ့်မယ်လို့ နားလည်ထားမှပေါ့"

ဟု ပြောလေတော့သည်။ ထင်းကူးက ဘာမှမပြောဘဲ ပြန်လည်ထိုင်ချလိုက်လေသည်။ စွန်းဝူး ပြောလိုက်သည်။

"ဒါကြောင့်လည်း နေလခြမ်းဝင်းပိုင်ရှင်ရယ်လို့ သိုင်းလောကမှာ ကျင်လည်ကျက်စားနေတာပေါ့၊ တော်ပါပေတယ်ဗျာ"

"စွန်းဝူး ... အပိုစကားတွေ ပြောနေမယ့်အစား ခင်ဗျား ဘာလိုချင်သလဲ၊ ဘာအကြံအစည် ရှိသလဲဆိုတာ ပြောပါ"

ရှောင်ဖွေးက ခပ်ပြတ်ပြတ်ပြောလေသည်။ စွန်းဝူးက ...

"ခင်ဗျားတို့နှစ်ယောက်စလုံးကို ကျူပ် လိုချင်တယ်"

"ဟာ"

"ခင်ဗျားတို့နှစ်ယောက် ကျူပ်စကား နားထောင်ရမယ်၊ ကျူပ်ခိုင်းတာ လုပ်ရမယ်"

"စွန်းဝူး ... ခင်ဗျား ရူးနေသလား"

"ဟား ... ဟား ... ဟား"

စွန်းဝူး သဘောကျစွာ ရယ်မောလိုက်လေသည်။ ထင်းကူး

ဒေါ်ပွသွားသည်။

"ရှင် သေချင်ပြီထင်တယ်"

သူမသည် တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ စွန်းဝူးအား တိုက်ခိုက်၍မရခဲ့သည့်အဖြစ်ကို သတိရလာပြီး ငြိမ်နေလိုက်၏။ သူမ ထိုးသွင်းလိုက်သည့်ဓားကို စွန်းဝူးက အသာအယာ ပုတ်ချပစ်လိုက်နိုင်ခဲ့သည့်အတွက် တအံ့တသြ ဖြစ်နေပေတော့သည်။

စွန်းဝူးသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ ...

"ကျုပ်က မသေချာဘဲ ဒီစကားမျိုး ပြောပါ့မလားဗျာ"

ဟု ပြောလိုက်လေသည်။ ရှောင်ဖွေး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား ဘယ်လောက်သေချာသလဲဆိုတာ သိရအောင် စမ်းကြည့်သေးတာပေါ့"

ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်၏။ ရုတ်တရက် ရှောင်ဖွေး မျက်နှာပျက်သွားသည်။ ချက်ချင်း ပြန်လည်ထိုင်ချလိုက်လေသည်။ ရှောင်ဖွေး၏အပြုအမူကြောင့် ထင်းကူး ကြောင်အမ်းအမ်း ဖြစ်သွားပါသည်။ စွန်းဝူးက ...

"ခင်ဗျား အဆိပ်မိထားပြီဆိုတာ ခင်ဗျား သိပြီပေါ့နော်"

ဟု မေးလေသည်။

ရှောင်ဖွေး ခေါင်းညိတ်လိုက်သည်။



"စောစောက ကျုပ်သောက်လိုက်တဲ့အရက်ထဲမှာ အဆိပ်ခတ်ထားတာပေါ့ ဟုတ်လား"

"သေချာတာပေါ့ဗျာ၊ ခင်ဗျားတို့နှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများနေကြတော့ အဆိပ်ခတ်ထားတာတောင် မသိနိုင်တော့ဘူး မဟုတ်လား"

ထင်းကူးလည်း မျက်နှာပျက်သွားလေတော့သည်။ သူမ၏ခြေဖျားလက်ဖျားများပင် အေးစက်လာသည်ဟု ခံစားလိုက်ရလေသည်။ စွန်းဝူးက ...

"ကဲ ... ခင်ဗျားတို့နှစ်ယောက် ကျုပ်ရဲ့စကား နားထောင်ကြမယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ရှောင်ဖွေးက ...

"စွန်းဝူး ... ခင်ဗျားက ကျုပ်ကို သိပ်အထင်ကြီးနေတာကိုး၊ ကျုပ်က ကျုပ်အသက်ကို သိပ်ပြီး တန်ဖိုးမထားဘူးဆိုတာ ခင်ဗျားနားလည်ဖို့ ကောင်းပါတယ်၊ ကျုပ်ဟာ အဘိုးကြီးတစ်ယောက် ဖြစ်နေပြီဗျ"

ဟု ပြောလိုက်လေသည်။ ထိုစကားကြားလျှင် စွန်းဝူး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက အသက်အသေခံမယ်ပေါ့ ဟုတ်လား"

"ကျုပ် သေသင့်တာ ကြာပါပြီ၊ ထိုက်စန်းတောင်တိုက်ပွဲကတည်းကပေါ့။ ကျုပ်မြေးလေးသာ မရှိဘူးဆိုရင်"

သူ၏စကားသံ တဖြည်းဖြည်း တိမ်ဝင်သွားလေသည်။ ထင်းကူးသည် ရှောင်ဖွေးအား ငေးကြည့်နေသည်။ ရှောင်ဖွေးမှာ မြေးဖြစ်သူအား အလွန်ချစ်မြတ်နိုးမှုန်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။ သူမသည် နာကြည်းမှုကြောင့် မိမိ၏ရင်သွေးကိုပင် စွန့်ပစ် ခဲ့လေသည်။

သူရဲကောင်းတောင်ပေါ်၌လည်း တိုက်ခိုက်ခဲ့သည်။ သူမ၏ရင်သွေးကား အပြစ်မရှိသူဖြစ်ကြောင်း နားလည်ခံစားလာရသဖြင့် ဝမ်းနည်းကြေကွဲလာလေတော့သည်။

"ကျွန်မဟာ သားအပေါ် ရက်စက်မိခဲ့ပါတယ်ရှင်၊ ကျွန်မအမှားကို ခွင့်လွှတ်ပါ။ ကျွန်မသားဟာ အစ်ကိုရှောင်စုရဲ့သားပဲဆိုတာ သိစေချင်တာနဲ့ နေလခြဝင်းရှေ့မှာ ပစ်ထားမိခဲ့တာပါ"

ရှောင်ဖွေး ပြုံးလိုက်သည်။

"ကျုပ်သား သေသွားတဲ့အခါ ကျုပ်က ကြေကွဲရတယ်၊ မင်းကလေးကို လာပစ်သွားတော့ ကျုပ်က ဘာကြောင့် လက်ခံပြီး မွေးမြူသလဲဆိုတာ မင်း သိသလား"

ထင်းကူး ပါးစပ်ပိတ်ထားလိုက်လေသည်။ ရှောင်ဖွေးက

"ကလေးကိုမြင်တာနဲ့ သူဟာ ကျုပ်ရဲ့သွေးသားပဲဆိုတာ



ကျုပ်စိတ်ထဲက သိနေခဲ့လို့ပဲ"

ဟု ပြောလိုက်၏။ ထင်းကူး၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေ တော့သည်။ စွန်းဂူးက ...

"ခင်ဗျားတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောနေကြမယ့်အစား ကျုပ်ကို အဖြေပေးကြတာ ပိုကောင်းမယ်"

ရှောင်ဖွေးနှင့်ထင်းကူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ရှောင်ဖွေးက ...

"တို့တစ်တွေ ရှောင်စုဆီကို သွားလည်ကြရင် မကောင်းဘူးလား"

ဟု မေးလိုက်လေသည်။ ထင်းကူး ပြုံးလိုက်သည်။

"သိပ်ကောင်းတာပေါ့ရှင်၊ အစ်ကိုရှောင်စုက ကျွန်မတို့ကို တွေ့ချင်နေမှာပဲ"

စွန်းဂူး ဒေါပွသွားသည်။

"ဩော် ... မင်းတို့က သေချင်နေကြပြီပေါ့လေ၊ ကောင်းပြီ"

ထင်းကူးနှင့်ရှောင်ဖွေးတို့ မလှုပ်မယှက်ထိုင်နေကြ၏။ စွန်းဂူးကို စိုက်ကြည့်နေကြသည်။ စွန်းဂူး ဒေါသကို မထိန်းနိုင်တော့ပါ။

"ကဲ ... သေဖို့သာပြင်ထားကြပေတော့"

အောင်ဝေါက်ရင်း ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေ

သည်။ ထိုစဉ်မှာပင် ...

"ခဏနေပါဦးဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ စွန်းဝူး ရင်ထိတ်ကာ လှည့်ကြည့်လိုက်သည်။ ထိုအခါ ဘုံကျောင်းပျက်ထဲသို့ လူနှစ်ယောက်လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ရှောင်အင်းနှင့်စိန်ကျူးတို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

❋

"ငါ့မြေး ... ရှောင်အင်း"

ရှောင်ဖွေး လှိုက်လှိုက်လှဲလှဲခေါ်လိုက်လေသည်။

"ဘိုးဘိုး"

ရှောင်အင်းက အဘိုးဖြစ်သူထံပြေးသွားပြီး ရင်ခွင်ထဲ တိုးဝင်လိုက်၏။

"ဒေါ်ဒေါ်"

စိန်ကျူးကလည်း ထင်းကူးထံ ပြေးသွားလေသည်။ သူတို့နှစ်ယောက် ရောက်ရှိလာသည်ကိုမြင်ရလျှင် စွန်းဝူး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"မင်းတို့ သေချင်ပြီထင်တယ်၊ ဘေးဖယ်လိုက်ကြစမ်း"



ဟု ဝေါက်လိုက်လေသည်။ ရှောင်အင်းက ...

"ဘိုးဘိုး ... သူက ဘိုးဘိုးကိုတောင် လေးစားရမှန်းမသိဘဲ အော်ဝေါက်နေတယ်၊ ကျွန်တော် ဆုံးမလိုက်ဦးမယ်"

ပြောပြီး စွန်းဝူးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဟား ဟား ဟား ငါ့မြေးက စွန်းဝူးလိုလူမျိုးကိုသာ ဆုံးမလိုက်ရင် သိုင်းလောကမှာ ငါ့ထက်တောင် ကျော်ကြားသွားဦးမှာပဲ၊ ကောင်းတယ် ... ကောင်းတယ်၊ ဘိုးဘိုး သဘောတူတယ်"

ဟုလည်း ပြောလိုက်သည်။ ရှောင်ဖွေးက စွန်းဝူးအား ပြုံးပြလိုက်ပြီး ...

"အဲ ... ခင်ဗျား ကြားတဲ့အတိုင်းပဲဗျ"

"ဘာ ... မင်းအမေနဲ့အဘိုး သေသွားမှာကို လက်ပိုက်ကြည့်နေနိုင်တယ်ပေါ့ ဟုတ်လား"

ရှောင်အင်း ခေါင်းယမ်းလိုက်၏။

"ကျွန်တော့်ဖေဖေနဲ့ ဘိုးဘိုးဟာ လူယုတ်မာတွေရဲ့လက်ချက်နဲ့ သေရမယ့်လူတွေ မဟုတ်ပါဘူးဗျာ"

"ဟဲ ဟဲ ... သူတို့ကို ငါက အဆိပ်ခတ်ထားတယ်ဆိုတာ မင်းမှ မသိသေးဘဲကိုး"

ရှောင်အင်း ရင်ထိတ်သွားသည်။ ထိုစဉ် စိန်ကျူး အော်ပြောသံ ထွက်ပေါ်လာသည်။

"အစ်ကို ဘာမှမပူနဲ့၊ သိုင်းလောကမှာ သွားရင်လာရင်း အစ်ကို တစ်ခုခုဖြစ်ခဲ့ရင် အသက်ကယ်နိုင်အောင် ပဉ္စလက်အဘိုးအိုက အဆိပ်ဖြေဆေးတွေ၊ အသက်ကယ်ဆေးတွေ ပေးထားတာ ကျွန်မမှာ ရှိတယ်ရှင့်"

ထိုစကားကြားလျှင် စွန်းဝူး၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေတော့သည်။ ပဉ္စလက်အဘိုးအို၏အဆိပ်ဖြေဆေးသည် မည်မျှပြင်းထန်သည့် အဆိပ်ဖြစ်ပါစေ ယူပစ်သလို သက်သာပျောက်ကင်းသွားစေ နိုင်သည် မဟုတ်ပါလား။ စွန်းဝူးသည် အခြေအနေမဟန်မှန်းသိလျှင် ...

"သေပေတော့"

အော်ငေါက်ကာ စိန်ကျူးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ စိန်ကျူးထံမှ အဆိပ်ဖြေဆေး ထင်းကူးနှင့်ရှောင်ဖွေးတို့ ရရှိသွားမည်ကို စိုးရိမ်နေပေတော့သည်။

"ရပ်လိုက်"

ရှောင်အင်းက ကြားဖြတ်တားဆီးလိုက်သည်။ ထို့ကြောင့် စွန်းဝူးမှာ စိန်ကျူးထံ မသွားနိုင်တော့ဘဲ ရှောင်အင်းနှင့် ရင်ဆိုင်လိုက်ရလေသည်။

စွန်းဝူးသည် သိုင်းလောကအတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သည့် သိုင်းသမားတစ်ယောက် ဖြစ်ပေသည်။



ရှောင်ဖွေးနှင့်ထင်းကူးတို့သည် ရှောင်အင်းအတွက် စိုးရိမ်ပူပန်သွားကြလေသည်။

"သတိထား"

ပြိုင်တူအော်ဟစ် သတိပေးလိုက်ကြ၏။ ရှောင်အင်း မပေါ့ဆဝံ့ပါချေ။ သို့သော် စွန်းဝူးသည် ထင်းကူးနှင့်ရှောင်ဖွေးတို့အား ချုပ်ကိုင်ထားနိုင်ရေးအတွက် စိန်ကျူးအား ရှင်းပစ်လိုစိတ် ပြင်းပြနေသည်ဖြစ်ရာ သူ၏တိုက်ကွက်၌ ဟာကွက်များ ဖြစ်ပေါ်နေပေသည်။

ရှောင်အင်းက ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ထိရောက်စွာ တိုက်ခိုက်လိုက်လျှင် ...

'ဝုန်း'

"အား"

စွန်းဝူးမှာ နူးရှစွာအော်ဟစ်ကာ ကြမ်းပြင်ပေါ်လဲကျသွားလေတော့သည်။

✹

ထိုက်စန်းတောင်။ ထိုက်စန်းတောင်မှာ သာသာယာယာ ရှိလှပေသည်။ တစ်ချိန်က ဝမ်းနည်းကြေကွဲစရာများ ဖြစ်ပေါ်ခဲ့သည့် အကြောင်းအရင်း ဇစ်မြစ်ကို သိုင်းလောကသားများ သိရှိသွားကြပြီး သင့်သင့်မြတ်မြတ် ဖြစ်သွားကြလေသည်။

ထိုက်စန်းတောင်ပေါ်မှ အသီးသီး ဆင်းသွားကြသည်။ ထို့ကြောင့် ထိုက်စန်းတောင်ပေါ်တွင် လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်နေပေသည်။ လူလေးယောက်သည် ဘုံကျောင်းပျက်ရှေ့၌ ရပ်နေကြလေသည်။

ထင်းကူး၊ စိန်ကျူး၊ ရှောင်ဖွေးနှင့် ရှောင်အင်းတို့ ဖြစ်ကြလေသည်။ ရှောင်အင်းသည် အတိတ်မှ ရင်နာဖွယ် ဇာတ်ကြောင်းကို သိခဲ့ရပြီဖြစ်၍ သူ့အား တိုက်ခိုက်ခဲ့သည့် ထင်းကူးအပေါ် စိတ်မနာနိုင်တော့ပါ။

ထင်းကူးသည်လည်း လူယုတ်မာရှောင်စု၏သား ဖြစ်သည်ဟု ရှောင်အင်းအပေါ် အမုန်းကြီး မုန်းမိခဲ့သည်မှာ မှားယွင်းနေပြီဖြစ်ကြောင်း နောင်တရနေသည်။

မိမိရင်သွေးဟူသည့် သံယောဇဉ်တွယ်တာမှုနှင့် ချစ်ခြင်းမေတ္တာသည် ရင်ထဲ၌ ငုပ်လျှိုးနေရာမှ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ သို့သော် ရှောင်အင်းက သူမအပေါ် ခွင့်လွှတ်နိုင်ပါမည်လောဟုလည်း သံသယဖြင့် ဝမ်းနည်းကြေကွဲနေမိလေတော့သည်။ ရှောင်ဖွေးနှင့်ရှောင်အင်းတို့က တစ်ဖက်၊ ထင်းကူးနှင့် စိန်ကျူးတို့က တစ်ဖက် ရပ်နေကြသည်။

ထင်းကူးက ...

"ကျွန်မ သွားတော့မယ်"



ဟု ရှောင်ဖွေးကို နှုတ်ဆက်ကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။ ရှောင်ဖွေး ခေါင်းယမ်းလိုက်သည်။

"မင်းဟာ ငါ့ရဲ့ ချွေးမပဲ၊ နေလခြံဝင်းမှာ ရှိနေသင့်တာပေါ့၊ မင်း လိုက်ခဲ့ရလိမ့်မယ်"

ဟု ပြောလေသည်။ ထိုစကားကြားလျှင် ထင်းကူး အတိုင်းမသိ ဝမ်းသာသွားလေသည်။ ရှောင်အင်းအား လှမ်းကြည့်လိုက်သည်။ ရှောင်အင်းက ...

"မေမေ"

ဟု ခေါ်ကာ ထင်းကူး၏ရင်ခွင်ထဲ ပြေးဝင်လိုက်သည်။

"သား"

ထင်းကူးကလည်း လှိုက်လှိုက်လှဲလှဲ ခေါ်ကာ ဆီးကြို့ပွေ့ထားလိုက်လေသည်။ ရှောင်ဖွေးသည် သားအမိနှစ်ယောက် ပြန်လည်တွေ့ဆုံကြပုံကိုကြည့်ကာ ဝမ်းနည်းဝမ်းသာဖြစ်နေ၏။

ထိုအချိန်တွင် စိန်ကျူးက ခေါင်းကလေးငုံ့ကာ ရပ်နေပါသည်။ ရှောင်ဖွေးသည် ရှောင်အင်းကိုတစ်လှည့် စိန်ကျူးကို တစ်လှည့် ကြည့်လိုက်သည်။ ပြီးလျှင် ...

"မိန်းကလေး ... မင်းလည်း နေလခြံဝင်းကို လိုက်ခဲ့ရမယ်"

ဟု ပြောလိုက်လေတော့သည်။ စိန်ကျူးမှာ မမျှော်လင့်သည့်စကားကြားလျှင် တအံ့တသြ ဖြစ်သွားပါ၏။ ထိုအချိန်တွင်

ရှောင်အင်းနှင့် ထင်းကူးတို့က လှမ်းကြည့်လာကြပြီး ...

"ဟုတ်တယ်၊ မင်း လိုက်ခဲ့ရမယ်"

ဟု ဖြိုင်တူ ပြောလိုက်ကြလေသည်။ စိန်ကျူး မျက်နှာ မထားတတ်အောင် ဖြစ်သွားပါသည်။

"ကျွန် ... ကျွန်မ"

"ဘာလဲ ညီမ မလိုက်ဘူးလား'

"ကျွန်မ လိုက်ပါ့မယ်ရှင်"

ပြောပြီးသည်နှင့် စိန်ကျူးက ခေါင်းကလေး ငုံ့ထားလိုက်လေသည်။

"ဟား ဟား ဟား"

သူတို့၏ရယ်မောသံများသည် တိုက်ခတ်လာသည့် လေပြည်နှင့်အတူ အဝေးသို့တိုင်အောင် လွင့်ပျံ့သွားသည်။ မကြာမီ လောကတစ်ခုလုံး သာယာလှပလာတော့မည် ဖြစ်လေသည်။

ဝဏ္ဏအောင်